# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သံသရာ**

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။ **ဗာလဝဂ်(ဓမ္မပဒ-၆၀)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၃၆၈)


## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဗဟိုပြုပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရယူနိုင်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို တည်တည်ငြိမ်ငြိမ် ခိုင်ခိုင်မာမာ အောင်အောင်မြင်မြင်ဖြင့် ဖော်ဆောင်နိုင်မည် ဖြစ်သည်။
- နိုင်ငံတော်အစိုးရ လက်ရှိကြိုးပမ်းနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်အတွက် နိုင်ငံရေးသဘောတူညီချက်များရရှိရေး၊ ၎င်းနောက် ပြည်ထောင်စုသဘောတူစာချုပ် ခိုင်ခိုင်မာမာချုပ်ဆိုပြီး အစဉ်အဆက် ဆက်လက်အကောင်အထည်ဖော်နိုင်ရေးပင်ဖြစ်သည်။
- ထိုသို့ ကြိုးပမ်းရာတွင် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ဘုံသဘောတူလက်ခံသည့်အခြေခံမူများ ထွက်ပေါ်လာရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ လက်ရှိ ကြိုးပမ်းဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရန် တပ်မတော်၏ အခန်းကဏ္ဍကလည်း အရေးပါနေသည်။

**(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)**

# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့နှင့်အတူ ကိုရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၄**

ကိုရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာတို့ တက်ရောက်ကြသည်။

ညှော်ခံပွဲအခမ်းအနားတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်၍ အလေးပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား ဂုဏ်ပြုအမှာစကားပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻


**ထားဝယ်မြို့၌ ဖမ်းဆီးရရှိသည့် အထူးကုန်စည် ပြည်တွင်းထုတ် အရက်များ ဖျက်ဆီးခြင်းအခမ်းအနား ကျင်းပ** စာမျက်နှာ-၄

**မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် သဘောတူလက်မှတ်ရေးထိုး** စာမျက်နှာ-၅


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အမျိုးသားမြေအသုံးချမှုကောင်စီနှင့် ဆက်စပ်လုပ်ငန်းစဉ်များ

အမျိုးသားမြေအသုံးချမှု မူဝါဒအပေါ်အခြေခံပြီး အမျိုးသားမြေဥပဒေ ရေးဆွဲရေးနှင့် မြေအရင်းအမြစ်များ စီမံခန့်ခွဲနိုင်ရေးတို့ကို ဦးတည်လျက် ရေတိုရေရှည်မဟာဗျူဟာများ၊ နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်ကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှု မူဝါဒနှင့် သက်ဆိုင်သည့်ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှုကောင်စီကို ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။

ကိစ္စရပ်တိုင်း၌ အကန့်အသတ်နှင့် စိန်ခေါ်မှုများရှိမြဲဖြစ်ရာ မြေအသုံးချမှုစီမံခန့်ခွဲရာ၌ မြေယာအငြင်းပွားမှုများ ရင်ဆိုင်တွေ့ကြုံရခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် လူမှုဖွံ့ဖြိုးရေးတာဝန်ယူမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအားနည်းပြီး ဒေသခံပြည်သူများနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်း၊ မြေအသုံးချမှုစီမံကိန်းများ ရေးဆွဲခြင်းအပါအဝင် မြေအသုံးချမှုအခွင့်အရေးများ ပြဋ္ဌာန်းရာ၌ အများပြည်သူတို့ ပါဝင်အတည်ပြုရန်လိုအပ်ခြင်း၊ မြေသယံဇာတအချက်အလက်များနှင့် မြေပုံများ တိကျမှန်ကန်မှု မရှိခြင်း၊ မြေပြင်၌ လက်တွေ့စီမံခန့်ခွဲရန် ခက်ခဲခြင်းနှင့် ဆက်စပ်ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ခြင်းကဲ့သို့သော အကန့်အသတ်နှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိပါသည်။

မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသည့် လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး ပြည်သူ့အကျိုးပြုနိုင်မည့် မူဝါဒ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စီမံခန့်ခွဲမှုပုံစံများ ဖြစ်ပေါ်လာစေရေးကို ဦးတည်လျက် အဆိုပါဥပဒေများအား လွှမ်းခြုံသည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပေးရမည်ဖြစ်ပါသည်။ အမျိုးသားမြေအသုံးချမှုကောင်စီသည် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအပါအဝင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်၍ ဤသို့သော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့်နည်းလမ်းတို့ကို ရှာဖွေဖော်ထုတ်ရမည် ဖြစ်ပါသည်။ လုပ်ကွက်ငယ် တောင်သူများနှင့် မြေယာမဲ့ပြည်သူတို့၏ မြေအသုံးချမှုနှင့် လုပ်ကိုင်ခွင့်ခိုင်မာရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် ရည်ရွယ်လျက် စိုက်ပျိုးရေးမူဝါဒနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာတို့တွင် ပင်မလုပ်ငန်းစဉ် (၁၄) ချက်ကို ချမှတ်ပြီး ဖြစ်ပါသည်။ အမျိုးသားမြေအသုံးချမှုကောင်စီသည် ဤပင်မလုပ်ငန်းစဉ် (၁၄) ခုအား ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် လုပ်ငန်းကော်မတီတစ်ခုဖွဲ့စည်းရေးကို ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ လုပ်ငန်းစဉ်က မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက်များအဖြစ် အချက်(၁၂)ချက်ကို အတည်ပြုပြီးဖြစ်ပါသည်။ (၂၁)ရာစုပင်လုံ ညီလာခံက ထွက်ပေါ်လာသည့် မူဝါဒသဘောတူညီချက်များအပေါ် အခြေခံလျက် နိုင်ငံတော်အစိုးရက ဒေသခံဌာနေတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးစနစ်များအပါအဝင် လုပ်ပိုင်ခွင့်များကို အမျိုးသားမြေဥပဒေရေးဆွဲရာတွင် အသိအမှတ်ပြု ထည့်သွင်းကာကွယ်ပေးရန် ဆောင်ရွက်လျက်ရှိပါသည်။ အထက်ဖော်ပြပါ မူဝါဒ၊ လုပ်ငန်းစဉ်တို့အား ထိထိရောက်ရောက် အကောင်အထည်ဖော်ဖြစ်မြောက်စေမည့် အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်ကို ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြဝတီမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်ရုံ ထုတ်လွှင့်မှု ယာယီရပ်ဆိုင်း

**မြဝတီ အောက်တိုဘာ ၄**

ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံရှိ လွှင့်စက်နှင့် ဆက်စပ်ပစ္စည်းများအား စက်ရုံအဆောက်အအုံသစ်သို့ ပြောင်းရွှေ့တပ်ဆင်မည်ဖြစ်ပါသောကြောင့် (၈-၁၀-၂၀၁၈) ရက်နေ့ နံနက် ၅ နာရီမှစ၍ (၉-၁၀-၂၀၁၈)ရက်နေ့ ညနေ ၄ နာရီအထိ ရုပ်မြင်သံကြားအစီအစဉ်နှင့် FM ရေဒီယိုအစီအစဉ် ထုတ်လွှင့်မှုများကို ယာယီရပ်ဆိုင်းသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( သံတွဲမြို့ )

၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇ ၊ ၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင် နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်


## ဖျာပုံပြည်သူ့စကားဝိုင်း တက်ရောက်ဆွေးနွေးနိုင်

**ဖျာပုံ အောက်တိုဘာ ၄**

လူငယ်များအတွက် ရည်ရွယ်ကျင်းပသည့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့နယ်ခန်းမ၌ အောက်တိုဘာ ၁၀ရက် နံနက် ၁၀ နာရီတွင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လူငယ်နှင့် ခေတ်ပြိုင်စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆွေဦး၊ မြို့နယ်ပညာရေးမှူး ဦးတိုးဝင်း၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှ၊ လုပ်ငန်းရှင်ဦးသိန်းထွန်းနှင့် သတင်းထောက် သူဇာနွယ် (ဖျာပုံ)တို့က လူငယ်များနှင့် တွေ့ဆုံဆွေးနွေးကြမည် ဖြစ်၍ ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသည့် လူငယ်များ အပါအဝင် မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မျက်စိဆရာဝန်များ နှစ်ပတ်လည်ညီလာခံ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံဆရာဝန်အသင်း၏ မျက်စိရောဂါပညာအဖွဲ့က ကြီးမှူးကျင်းပမည်ဖြစ်သော အကြိမ်(၃၀) မြောက် မျက်စိဆရာဝန်များ၏ နှစ်ပတ်လည်ညီလာခံကို အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့နိုဗိုတယ်လ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါညီလာခံသို့ တက်ရောက်ရန်အတွက် မှတ်ပုံတင်ပြုလုပ်ခြင်းကို အောက်တိုဘာ ၁၂ ရက်မှစ၍ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးတွင် ပြုလုပ်နိုင်ကြောင်းနှင့် ကျင်းပမည့်နေ့ အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်မြို့နိုဗိုတယ်လ်ဟိုတယ်၌ ပြုလုပ်နိုင်ကြောင်း ညီလာခံဖြစ်မြောက်ရေးကော်မတီထံမှ သိရှိရသည်။

**သတင်းစဉ်**

## သုံးမြွှာပူး မွေးဖွားသောမိခင်အား ထောက်ပံ့

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကု ဆေးရုံကြီး၌ သုံးမြွှာပူး ကလေးမွေးဖွားသော မိခင်အား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ဝါဝါထွန်း ဦးဆောင်၍ တာဝန်ရှိသူများက ထောက်ပံ့ငွေကျပ် ငါးသိန်းကို အောက်တိုဘာ ၂ ရက်က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကမ်းလွန်လုပ်ကွက်များတွင် တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်၍ ရေကြောင်းသတိပေးချက်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-12/ M-13/ M-14 တို့တွင် 3D Broadband Marine Seismic Data Acquisition Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် POLAR DUCHESS ဖြင့် Area-1တွင် Point-1 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၁၅ မိနစ် ၀၇ ဒသမ ၈၃၈ စက္ကန့်၊ အရှေ့လောင်ဂျီ တွဒ် ၉၆ ဒီဂရီ ၃၂ မိနစ် ၁၂ ဒသမ ၅၂၅ စက္ကန့်၊ Point-2 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၁၅ မိနစ် ၂၀ ဒသမ ၀၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၆ မိနစ် ၅၃ ဒသမ ၀၁၄ စက္ကန့်၊ Point-3 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၈ မိနစ် ၂၇ ဒသမ ၃၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၆ မိနစ် ၄၂ ဒသမ ၁၀၄ စက္ကန့်၊ Point-4 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၈ မိနစ် ၃၃ ဒသမ ၀၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၉ မိနစ် ၄၁ ဒသမ ၈၉၇ စက္ကန့်၊ Point-5 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၂ မိနစ် ၃၀ ဒသမ ၆၇၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၉ မိနစ် ၃၅ ဒသမ ၈၄၅ စက္ကန့်၊ Point-6 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၂ မိနစ် ၂၀ ဒသမ ၆၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၇ မိနစ် ၅၈ ဒသမ ၃၄၉ စက္ကန့်၊ Point-7 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၈ မိနစ် ၄၁ ဒသမ ၀၁၃ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၇ မိနစ် ၄၄ ဒသမ ၃၀၅ စက္ကန့်၊ Point-8 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၈ မိနစ် ၃၅ ဒသမ ၃၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ် ၁၅ ဒသမ ၉၂၄ စက္ကန့်၊ Point-9 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၇ မိနစ် ၄၈ ဒသမ ၉၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ် ၂၂ ဒသမ ၁၉၁ စက္ကန့်နှင့် Point-10 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၇ မိနစ် ၄၅ ဒသမ ၆၉၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၁ မိနစ် ၄၂ ဒသမ ၀၇၇ စက္ကန့်တို့အတွင်းတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့အထိ လည်းကောင်း။

Area-2 တွင် Point-1 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၂ မိနစ် ၄၈ ဒသမ ၇၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၁၁ ဒသမ ၇၃၀ စက္ကန့်၊ Point-2 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၁ မိနစ် ၅၄ ဒသမ ၉၈၆ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈ မိနစ် ၅၄ ဒသမ ၅၅၇ စက္ကန့်၊ Point-3 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၂ မိနစ် ၁၄ ဒသမ ၆၂၇ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၃ မိနစ် ၀၀ ဒသမ ၅၀၃ စက္ကန့်၊ Point-4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၄၅ ဒသမ ၅၀၂ စက္ကန့်နှင့် Point-5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၉ မိနစ် ၅၉ ဒသမ ၂၂၅ စက္ကန့်တို့အတွင်းတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဧပြီ ၁၃ ရက်အထိ လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ် M-12/ M-13/ M-14 တို့တွင် 3D Broadband Marine Seismic Data Acquisition Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် POLAR DUCHESS ဖြင့် Area-1 နှင့် Area-2 တွင် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ (၅)မိုင်ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## သဲများဖုံးလွှမ်းနေသော ကျေးရွာချင်းဆက်လမ်း တာဝန်ရှိသူများက အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေး

**ရေတာရှည် အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ရေနီး-တံတားကြီးကျေးရွာ ချင်းဆက်လမ်းပိုင်းသည် ဆွာချောင်း ရေကြီးရေလျှံစဉ်က သဲများဖုံးလွှမ်းသွားခဲ့သည့်အတွက် ဒေသခံများ ခရီးသွားလာရေးတွင် အဆင်မပြေမှုများစွာ ဖြစ်ပေါ်လျက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ လမ်းပေါ်တင်ကျန်ခဲ့သော သဲထုကို ထွန်စက်များဖြင့် အောက်တိုဘာ ၂ ရက်က ရှင်းလင်းဖယ်ရှားပေးခဲ့သည့်အတွက် သွားလာမှုအဆင်ပြေသွားပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။



“သဲထုက ထူတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ဖို့ဆိုတာ ဘယ်လိုမှ မတတ်နိုင်ကြဘူး။ ထွန်စက်တွေနဲ့လာပြီး ဂေါ်နဲ့ထိုးချပေးသွားတော့ အချိန်တိုအတွင်း ပြီးစီးသွားတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကျေးရွာချင်းဆက်လမ်းပိုင်းက ရေနီးရွာကနေ ကျွန်တော်တို့ တံတားကြီးရွာအထိ အရှည်ပေ ၈၆၀၀ လောက်ရှိတယ်။ သဲတွေမဖယ်နိုင်ခင်တုန်းက ဆိုင်ကယ်တွေဆိုလည်း ခဏခဏမှောက်တာ။ ခုတော့ကလေးတွေ ကျောင်းတက်တော့လည်း အများကြီးအဆင်ပြေသွားပြီ”ဟု ၎င်းက ဆက်လက် ပြောပြသည်။

ဆွာမြို့နှင့် အရှေ့ဘက်ခြမ်း ကျေးရွာများကို ရေနီးကွန်ကရစ်အခမဲ့ လူကူးတံတားဖြင့် ဆက်သွယ်သွားလာကြရပြီး ရေနီးကျေးရွာတောင်ဘက်ရှိ ကျေးရွာများဖြစ်သော ကညင်အိုင်၊ အေးသာယာ၊ တံတားကြီးကျေးရွာများသို့ ဖောက်လုပ်ထားသော လမ်းပိုင်းကို ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ကိုသာ ဒေသခံများက မျှော်လင့်နေကြခြင်း ဖြစ်သည်။

**ကိုလွင် (ဆွာ)**

✻ ရှေ့ဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာနှင့် Colonel Mr. Hwang Sandeok တို့က ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ကိုရီးယား-မြန်မာ အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

**တည်ခင်းဧည့်ခံ**

ယင်းနောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများကို ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဧည့်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးအုန်းဝင်း၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဟန်ဇော်၊ နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာနှင့် Colonel Mr. Hwang Sandeok တို့ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြစဉ်။** သတင်းစဉ်




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးအား တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၄

**(၆၉)ကြိမ်မြောက် Executive Committee of the High Commissioner's Programme (Ex-COM) တက်ရောက်ရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ UEHRD ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကုလသမဂ္ဂရုံး၌ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Fillippo Grandi နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီး Mr. Fillippo Grandi တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်



ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအတွက် ပံ့ပိုးကူညီမှု၊ ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများအတွက် ဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံ ပြည်နယ်အသီးသီးတွင် လက်နက်ကိုင်ပဋိပက္ခကြောင့် ဖြစ်စေ၊ တိုက်ပွဲရှောင်လို၍ဖြစ်စေ၊ ရွှေ့ပြောင်းနေထိုင်ရသည့်စခန်းများ ပိတ်သိမ်းရန်လိုအပ်သောအချိန်တွင် ပိတ်သိမ်းနိုင်ရေးအတွက် မဟာဗျူဟာရေးဆွဲနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်စေရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာလရှည်ကြာခဲ့သည့် ပဋိပက္ခများ၏ ဆိုးကျိုးကို မိမိတို့ရင်ဆိုင်နေရသော်လည်း စစ်မှန်သည့်စိတ်ထားဖြင့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် ရခိုင်ပြည်နယ်မှ ရွှေ့ပြောင်းထွက်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မတီ၏ အကြံပြုချက်များ အကောင်အထည်ဖော်နေမှုအခြေအနေ၊ အိမ်နီးချင်းနိုင်ငံနှင့် ရေးထိုးထားသော သဘောတူညီချက်များအတိုင်း မြန်မာနိုင်ငံက အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ရေရှည်ပြန်လည်ထူထောင်ရေးအတွက် မိတ်ဖက်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီလိုအပ်နိုင်မှု အခြေအနေ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအရ ရွှေ့ပြောင်းဒုက္ခသည်များ လက်ခံထားသည့် နိုင်ငံနှင့် မူရင်းနိုင်ငံ၊ ထိုနှစ်နိုင်ငံလုံးအား ကူညီရန်ဖြစ်သဖြင့် ပံ့ပိုးကူညီမှုများသည် မျှတသင့်လျော်မှုရှိစေရန် အရေးကြီးမှုအခြေအနေ၊ ပြန်လည်လက်ခံရေး လုပ်ငန်းအတွက် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့၏ ညှိနှိုင်းဆွေးနွေးမှုသည် အရေးပါသကဲ့သို့ ပတ်သက်ဆက်နွှယ်မှုအားလုံးသည်လည်း ရိုးဖြောင့်မှု၊ ပွင့်လင်းမြင်သာမှုများရှိရန် လိုအပ်သည့် အခြေအနေများအား ဆက်လက်ဆွေးနွေးသည်။

ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးကလည်း ပြန်လည်ပေါင်းစည်းရေးလုပ်ငန်း ဆောင်ရွက်မှုသည် ရှုပ်ထွေးကျယ်ပြန့်ပြီး စိန်ခေါ်မှုများစွာ ရှိသည်ကို နားလည်သဘောပေါက်ပါကြောင်း၊ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ပူးပေါင်းကူညီမှုများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ပြန်လည်လက်ခံရေး လုပ်ငန်းများအတွက် ဆန်းစစ်မှုလုပ်ငန်း အဆင့်လိုက် ဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံ၏ ပံ့ပိုးပူးပေါင်းမှုများအား အသိအမှတ်ပြုပါကြောင်း၊ UNHCR အနေဖြင့် အားလုံးအကျုံးဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါခြင်းကို သိရှိနားလည်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရွှေ့ပြောင်းနေထိုင်သူများအတွက် အလှူရှင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပံ့ပိုးကူညီမှုများ ပိုမိုကောင်းမွန်စေရေးအတွက် Solidarity Approach for the people of Rakhine State အား ပြုစုထားပြီး မြန်မာနိုင်ငံ အပါအဝင် ပတ်သက်ဆက်နွှယ်သူများနှင့် ညှိနှိုင်းဆွေးနွေးပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လာမည့် အောက်တိုဘာ ၂၂ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အစည်းအဝေးသို့ Solidarity Approach for the people of Rakhine State သို့ မြန်မာနိုင်ငံက ကိုယ်စားလှယ်များ တက်ရောက်ရန် တိုက်တွန်းကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦးအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို ပြည်တွင်းမီဒီယာများသို့ ရှင်းလင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄**

၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြည်တွင်းမီဒီယာများသို့ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေခိုင်က ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် စပ်လျဉ်း၍ အခွန်နှုန်းထားပြင်ဆင်သတ်မှတ်ခြင်း၊ စကားရပ်များ ဖြည့်စွက်၊ ပြင်ဆင်၊ ပြောင်းလဲခြင်းနှင့် ယင်းဥပဒေ၏ အကျိုးသက်ရောက်မည့်ကာလ သတ်မှတ်ခြင်းတို့ကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ ပြည်တွင်း သတင်းမီဒီယာများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သတင်းစဉ်**



# ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း မုတ်သုံလေအားနည်းနေ

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

❑ *ကျောဖုံးမှ*

**ကွန်ရက်များဖြန့်ကြက်လုပ်ဆောင်**

ကမ္ဘာနှင့်အဝန်းတောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့၏ အစိတ်အပိုင်းများကို တရားမဝင်ကူးသန်းရောင်းဝယ်မှုများ၏ တန်ဖိုးသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံခန့်ရှိနေသည်ဟု သတင်းများအရ သိရှိရပါကြောင်း၊ လက်နက်ကုန်ကူးမှု၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးကုန်ကူးမှုများပြီးလျှင် အများဆုံးကျူးလွန်မှုပြုလုပ်နေခြင်းဖြစ်ကြောင်းနှင့် စနစ်တကျအစီအစဉ်ချပြီး ဂိုဏ်းဖွဲ့ကျူးလွန်မှုများအဖြစ် ကွန်ရက်များဖြန့်ကြက်လုပ်ဆောင်နေသည်ကိုလည်း သိရှိရပါကြောင်း။

**ပထမအကြိမ်ပြုလုပ်**

ယခုအခမ်းအနားတွင် မီးရှို့ဖျက်ဆီးမည့် ဆင်စွယ်၊ ဆင်အစိတ်အပိုင်းများနှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများသည် နှစ်စဉ်ဖမ်းဆီးရမိခဲ့သည့် တရားမဝင်အမဲလိုက်ခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းများမှ သိမ်းဆည်းရမိခဲ့သည့် ပစ္စည်းများဖြစ်ပြီး သစ်တောဦးစီးဌာနမှ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ စုစည်းထိန်းသိမ်းထားရှိသည့်အထဲမှ ပထမအကြိမ်အဖြစ် မီးရှို့ဖျက်ဆီးမှုပြုလုပ်ခြင်းဖြစ်ပါကြောင်း။

**ဆင်ပြတိုက်တွင်ပြသနိုင်ရေး**

ယခုကဲ့သို့ တရားမဝင်ဖမ်းဆီးရမိတောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများကို စနစ်တကျ မှတ်တမ်းတင် ထိန်းသိမ်းထားရှိခဲ့ပြီး ဆင်စွယ်၊ ဆင်အစိတ်အပိုင်း၊ တိရစ္ဆာန် ဦးချိုများ၊ အရေခွံများ၊ အရိုးအစိတ်အပိုင်းများထဲမှ အချို့ကို ဇီဝမျိုးစုံ၊ မျိုးကွဲထိန်းသိမ်းရေး လုပ်ငန်းများ၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်၊ ပန်းမန်များ တရားမဝင် ကူးသန်းရောင်းဝယ်မှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာ၊ ဗဟုသုတရရှိစေရန်ရည်ရွယ်ပြီး မကြာမီဖွင့်လှစ်တော့မည့် ဆင်ပြတိုက်တွင်လည်း ထားရှိပြသနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

**ကူညီတားဆီးနိုင်ရေး**

ထို့ပြင် မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားပြုလုပ်ပြီး ပြည်သူလူထုကို တောဆင်ရိုင်း၊ ကျား၊ ဝက်ဝံနှင့် ရှားပါးတိရစ္ဆာန်များ တရားမဝင် အမဲလိုက်သတ်ဖြတ်ခံနေရမှုများ၊ အသားဟင်းလျာအဖြစ် စားသောက်ဆိုင်များတွင် ရောင်းချနေမှုများနှင့် တရားမဝင်ကူးသန်းရောင်းဝယ်နေမှုများအား လုပ်ကိုင်ဆောင်ရွက်ခြင်း၊ အားပေးခြင်း မရှိစေရေးနှင့် ဝိုင်းဝန်းကူညီတားဆီးနိုင်ရေးအတွက် အသိပညာပေးရန် ရည်ရွယ်ကာ ပြုလုပ်ခြင်းပင်ဖြစ်ပါကြောင်း။

ဖမ်းဆီးရမိသည့် တောရိုင်းတိရစ္ဆာန်အသေကောင်များ၊ အစိတ်အပိုင်းများနှင့် သစ်ခွခြောက်များတို့ကို အဖွဲ့ဖြင့် စနစ်တကျ မီးရှို့ဖျက်ဆီးပြီး မှတ်တမ်းတင်ထားရှိခြင်းကို နယ်မြေဒေသအလိုက် ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်းရှိခဲ့ပါကြောင်း၊ သို့သော်လည်း ယခုကဲ့သို့ အရေးအတွက် အမြောက်အမြားကိုစုပြီး အခမ်းအနားဖြင့် အသိပေးကြေညာကာ မီးရှို့ဖျက်ဆီးသည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွင်းတွင် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များကို တရားမဝင် ကူးသန်းရောင်းဝယ်မှုများအား ဥပဒေအရ ထိရောက်စွာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန်လည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာနှင့် ၂၀၁၆ ခုနှစ်က လုပ်ငန်းအဖွဲ့ကို ဥပဒေစိုးမိုးရေးဆိုင်ရာ ဆက်စပ်ဌာနဆိုင်ရာများနှင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာ အစိုးရဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေးအတွက် အသိပညာပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းတို့ကို ဝန်ကြီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်နေကြောင်းကိုလည်း ဖြည့်စွက်ပြောကြားလိုပါကြောင်း။

**ဥပဒေအရတားဆီးနှိမ်နင်းရေး**

နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပသည့် မြန်မာနိုင်ငံအတွင်း တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များကို တရားမဝင် အမဲလိုက်သတ်ဖြတ်ခြင်း၊ စုဆောင်းခြင်း၊ ကူးသန်းရောင်းဝယ်နေခြင်းများအား လျော့နည်းပပျောက်စေရေး၊ ဥပဒေအရ ထိရောက်စွာ တားဆီးနှိမ်နင်းရေးတို့ကို အစဉ်တစိုက်အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နေမှုများကို အများပြည်သူများ ပိုမိုသိရှိလာစေရန် ၊ နိုင်ငံတကာသို့လည်း အသိပေးတင်ပြနိုင်ရန်နှင့် ဆက်စပ်ဌာနများ၊ နိုင်ငံတကာအစိုးရများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက် လုပ်ဆောင်လာစေရန်တို့အတွက် ရည်ရွယ်ပြီး ဖမ်းဆီးရမိဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က မီးရှို့ဖျက်ဆီးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မီးရှို့မည့် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဖမ်းဆီးရမိဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများအား မီးရှို့ဖျက်ဆီးသည်။

ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံအတွင်း၌ တောရိုင်းတိရစ္ဆာန်များကို တရားမဝင်အမဲလိုက်သတ်ဖြတ်ခြင်းနှင့် တိရစ္ဆာန်များ၏ အစိတ်အပိုင်းများ တရားမဝင်ကူးသန်းရောင်းဝယ်မှု အရေးယူတားဆီး နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဖမ်းဆီးရမိခဲ့သည့် ခန့်မှန်းကာလတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းတန်ဖိုးရှိ ဆင်စွယ် ၂၇၇ ချောင်း၊ ဆင်အရိုးနှင့် တိရစ္ဆာန် အရိုးမျိုးစုံ ၂၂၇ ချောင်း၊ တိရစ္ဆာန် သားရေမျိုးစုံ ၄၅ ချပ်၊ တိရစ္ဆာန် ဦးချိုမျိုးစုံ ၁၅၄၄ ချောင်း၊ သင်းခွေချပ်အကြေးခွံ ၄၅ ဒသမ ၅ ကီလိုဂရမ်နှင့် အခြားတောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းမျိုးစုံ ၁၂၈ ခုတို့အား မီးရှို့ဖျက်ဆီးခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖမ်းဆီးရမိဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ မီးရှို့ဖျက်ဆီးရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားစဉ်။



ဖမ်းဆီးရမိသည့် ဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများကို မီးရှို့ဖျက်ဆီးစဉ်။

# ထားဝယ်မြို့၌ ဖမ်းဆီးရရှိသည့် အထူးကုန်စည် ပြည်တွင်းထုတ် အရက်များဖျက်ဆီးခြင်း အခမ်းအနားကျင်းပ

**ထားဝယ် အောက်တိုဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်နှင့် မြိတ်မြို့နယ်များ၌ ဖမ်းဆီးရရှိသည့် အခွန်အမှတ်တံဆိပ်အတု ကပ်နှိပ်ထားသော အထူးကုန်စည် ပြည်တွင်းထုတ်အရက်များအား ဖျက်ဆီးခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ပြည်တွင်းအခွန်များဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက အမှာစကားပြောကြားရာ၌ အရက်အမျိုးမျိုးဆိုသည့် ကုန်စည်သည် အထူးကုန်စည်အမျိုးအစား(၁၈) မျိုး အနက်တစ်မျိုးအပါအဝင်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရအထူးကုန်စည် (၁၇) မျိုး ပြဋ္ဌာန်းခဲ့ရာ အရက်အမျိုးမျိုးမှာ အထူးကုန်စည်တစ်မျိုးအနေဖြင့် အပါအဝင်ဖြစ်ကြောင်း၊ ယခုဖျက်ဆီးမည့် အရက်များမှာ အရက်စစ်၊ အရက်မှန်များဖြစ်သော်လည်း ကပ်နှိပ်ထားသော အခွန်အမှတ်တံဆိပ်များမှာ အတုများဖြစ်ကြောင်း ထင်ရှားစွာစစ်ဆေးတွေ့ရှိရသည့်အတွက် ဖျက်ဆီးရခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးရရှိသည့် ပုလင်းပေါင်း ၇၉၂ ပုလင်းအပေါ် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ-၂၂(ဂ)အရ ကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ဒဏ်ငွေတပ်ရိုက်ခဲ့ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးထားသော အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချစေလိုကြောင်းနှင့် နိုင်ငံတော်အတွက် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များကိုလည်း ကျေပွန်စွာဖြင့် ပေးဆောင်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ရဲထွန်းက ဖျက်ဆီးရခြင်းအကြောင်းအရင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများအား အခွန်အမှတ်တံဆိပ်အတုနှင့်အစစ် ခွဲခြားပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တက်ရောက်လာသူများက ဖမ်းဆီးရမိသည့်အရက်ပုလင်းပေါင်း ထားဝယ်မြို့နယ်မှ ၃၆၀ နှင့် မြိတ်မြို့နယ်မှ ၄၃၂ ပုလင်း စုစုပေါင်း ၇၉၂ ပုလင်းကို တွင်းထဲ၌ ဖျက်ဆီးမြေမြှုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရက်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များ၊ အထူးကုန်စည်စစ်ဆေးရေး အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ဖမ်းဆီးရရှိသည့် အခွန်အမှတ်တံဆိပ်အတုကပ် ပြည်တွင်းထုတ်ကုန်အရက်ပုလင်းများကို မဖျက်ဆီးမီ တွေ့ရစဉ်။

# နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုပြပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၄**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ဂရိတ်တားနွိုင်ဒါရှိ India Expo Mant ၌ အောက်တိုဘာ ၃ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ပြပွဲအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားကို အိန္ဒိယနိုင်ငံ လျှပ်စစ်ဓာတ်အားနှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာဝန်ကြီး မစ္စတာရပ်ဂျ်ကူမာဆင်းက ဖွင့်လှစ်ပေးခဲ့ပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ နေစွမ်းအင် ပူးပေါင်းဆောင်ရွက်ရေး ပထမအကြိမ် အထွေထွေညီလာခံ (ISA) ကို စတင်ကျင်းပခဲ့ရာ အသေးစားရေအား လျှပ်စစ်၊ ကမ်းလွန်လေစွမ်းအင်၊ သန့်ရှင်းသော စွမ်းအင်၊ ဇီဝစွမ်းအင်၊ ဇီဝလောင်စာ စသည့်ကဏ္ဍအသီးသီးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညပိုင်းတွင် စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ ဝန်ကြီးမစ္စတာ ဒါမင်ဒရာပရာဒန်နှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ ပြန်ပြည့်မြဲစွမ်းအင် ကဏ္ဍရင်းနှီးမြှုပ်နှံမှု ပြပွဲအခမ်းအနားသို့ တက်ရောက်စဉ်။**

# မြန်မာနိုင်ငံက လက်ခံကျင့်သုံးသော အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းခွင့်ကို ကာကွယ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်မြင့်တို့သည် Direct Contacts Missions မှ Professor Yozo Yokota နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-2) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံက လက်ခံကျင့်သုံးသော အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းခွင့်ကို ကာကွယ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Dr. Luan Thuy Duong နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြား အပြန်အလှန်အကျိုးဖြစ်ထွန်းမှုရရှိနိုင်ရန် စီးပွားရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်ရေး၊ Cross Border ကုန်သွယ်ရေးများ၌ တရားဝင် ငွေပေးချေမှုများဖြစ်စေရန် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပိုမိုရရှိရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# စာရွက်စာတမ်းအတုကိုင်ဆောင်မှုဖြင့် အလုပ်သမားများ ဖမ်းဆီးခံရမှုများနှင့်စပ်လျဉ်း၍ သတိပေးကြေညာခြင်း

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားများအား စေလွှတ်ရာတွင် MoU စနစ်ဖြင့်သာ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် စေလွှတ်လျက်ရှိသည်။

ယင်းသို့ စေလွှတ်ရာတွင် မြန်မာအလုပ်သမားများအား အလုပ်ခန့်ထားလိုသည့် ထိုင်းအလုပ်ရှင်သည် ယင်းလုပ်ငန်းခွင်၌ အလုပ်သမားလိုအပ်ကြောင်း အလုပ်ကမ်းလှမ်းလွှာကို သက်ဆိုင်ရာနယ်မြေ အလုပ်သမားရုံးမှတစ်ဆင့် ထိုင်းနိုင်ငံအလုပ်အကိုင်ဌာနသို့ တင်ပြခြင်း၊ ထိုင်းနိုင်ငံအလုပ်အကိုင်ဌာနမှ ခွင့်ပြုချက်ရရှိပါက ထိုင်းအေဂျင်စီများမှ မြန်မာအေဂျင်စီများဖြင့် ချိတ်ဆက်၍ အလုပ်ကမ်းလှမ်းလွှာအား အလုပ်သမား သံအရာရှိမှတစ်ဆင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ တင်ပြခြင်း၊ အဆိုပါအလုပ်ကမ်းလှမ်းလွှာအား ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပါက ထိုင်းနိုင်ငံအလုပ်ရှင် သို့မဟုတ် အလုပ်ရှင်၏ကိုယ်စားလှယ်မှ မြန်မာနိုင်ငံသို့ လာရောက်ပြီး အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ် ချုပ်ဆိုခြင်း၊ အလုပ်သမားများအတွက် ထိုင်းနိုင်ငံမှ ပြည်ဝင်ခွင့်ဗီဇာရရှိပါက ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြားပြုလုပ်ပေး၍ အလုပ်ရှင်ကိုယ်စားလှယ်နှင့်အတူ မြဝတီမြို့ရှိ ရွှေ့ပြောင်းအလုပ်သမားရုံးမှတစ်ဆင့် လုပ်ငန်းခွင်သို့ စေလွှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုသည့် မြန်မာအလုပ်သမားအချို့သည် ပွဲစားများဖြင့် ချိတ်ဆက်၍ နိုင်ငံကူးလက်မှတ်ပြုလုပ်ပြီး တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် သွားရောက်မှုများကြောင့် စာရွက်စာတမ်းအတုကိုင်ဆောင်မှုဖြင့် ဖမ်းဆီးခံရသည့်ဖြစ်စဉ်များ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

မြန်မာအလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရာတွင် နိုင်ငံကူးလက်မှတ်ရှိရုံဖြင့်မရဘဲ ဗီဇာရရှိမှသာ ထိုင်းနိုင်ငံတွင် နေထိုင်နိုင်မည်ဖြစ်၍ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရှိမှသာ အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သတိပြုရန် လိုအပ်သည်။

နိုင်ငံကူးလက်မှတ်၊ ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရှိသော်လည်း အချို့အလုပ်သမားများသည် လုပ်ငန်းခွင်ပြောင်းရွှေ့လုပ်ကိုင်မှုများကြောင့် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ပါ အလုပ်ရှင်နှင့် လက်ရှိလုပ်ကိုင်နေသည့်အလုပ်ရှင်ကွဲလွဲမှုများကြောင့် ဖမ်းဆီးခံရသည့်ဖြစ်စဉ်များလည်း ဖြစ်ပေါ်လျက်ရှိသည်။

စာရွက်စာတမ်းအတု ကိုင်ဆောင်မှုသည် ထိုင်းနိုင်ငံ၏ တည်ဆဲဥပဒေ ၂၆၉/၁၃ အရ ထောင်ဒဏ် ၁ နှစ်မှ ၁၀ နှစ်ထိနှင့် ငွေဒဏ်အနည်းဆုံးဘတ်တစ်သောင်းမှ ဘတ်နှစ်သိန်းထိ ပြစ်ဒဏ်ချမှတ်နိုင်၍ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအနေဖြင့် နှစ်နိုင်ငံတရားဝင်လက်မှတ်ရေးထိုးထားသည့် MoU စနစ်ဖြင့်သာ တရားဝင်သွားရောက်လုပ်ကိုင်ရန် လိုအပ်ပါကြောင်း သတိပေးကြေညာအပ်သည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# မန္တလေးဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် သဘောတူလက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၄**

ဂျပန်နိုင်ငံ၏ အကူအညီဖြင့်ဆောင်ရွက်မည့် မန္တလေးဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့အကြား သဘောတူလက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သဘောတူစာချုပ်အရ မန္တလေးဆိပ်ကမ်းတည်ဆောက်ရေးအတွက် ဂျပန်ယန်း ၆၀၃၃ သန်းရရှိမည်ဖြစ်ပြီး မြေယာလျော်ကြေးပေးခြင်းကိစ္စများကို နှစ်ပတ်အတွင်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆိပ်ကမ်းတည်ဆောက်ချိန်မှာ နှစ်နှစ်ခန့်ကြာမြင့်မည်ဖြစ်ပြီး ဆိပ်ကမ်းကြီးကြပ်မှုရုံး၊ အလုပ်ရုံ၊ ဆိပ်ကမ်းဝန်ထမ်းစားသောက်ဆိုင်၊ သင်္ဘောများပေါ်မှ ကွန်တိန်နာအတင်အချလုပ်ရန်အတွက် ရွှေ့လျားကရိန်းနှစ်စုံ၊ ကွန်တိန်နာများအတင်အချ ပြုလုပ်ရန် (20’ × 40’) Spreader များ၊ လုံခြုံရေးအဆောက်အအုံများ ပါဝင်မည်ဖြစ်ပြီး အလျားမီတာ ၁၈၀ ရှိကြောင်း သိရသည်။ ဆိပ်ကမ်းသို့ ချဉ်းကပ်လမ်းမှာ ၃၀၄ မီတာရှိပြီး ကွန်တိန်နာများ ထိန်းသိမ်းရန် ကွန်တိန်နာယာဒ် (၈၅၅၀ စတုရန်းမီတာ)နှင့် ကွန်တိန်နာသွားလမ်း သုံးလမ်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် လက်မှတ်ရေးထိုးခြင်း အခမ်းအနားတွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက “ဆိပ်ကမ်းတည်ဆောက်မှုစီမံကိန်းကို JICA Guidelines များ၊ ECD ရဲ့ Procedures ကိုလိုက်နာပြီး အောင်မြင် အောင်ဆောင်ရွက်သွားမယ့်အပြင် နိုင်ငံအတွက်အကျိုးရှိစွာနဲ့ ရေရှည်အသုံးပြုနိုင်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်အဖွဲ့များ၊ ဒေသခံပြည်သူများ၊ ရေယာဉ်အသင်းများ၊ အခြားပို့ဆောင်ရေးအသင်းအဖွဲ့များ စသည့် သက်ဆိုင်သူများနဲ့ပူးပေါင်းဆောင်ရွက်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

စီမံကိန်းအကောင်အထည်ဖော်ရန် ဖြစ်နိုင်ခြေဆန်းစစ်ခြင်းကို ၂၀၁၃ ခုနှစ် သြဂုတ်လမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ လေ့လာမှုများပြုလုပ်ခဲ့ပြီး မန္တလေးဆိပ်ကမ်း ဂေါဝိန် ၊ ချော်ဆိပ်၊ ရွှေလုံဗိုလ်ကျောင်းတိုက်အနီးနေရာများကို ကနဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါနေရာများအနက် ဆိပ်ကမ်းတည်ဆောက်ခြင်းကြောင့် အနီးဝန်းကျင်ရှိ ပြည်သူများ၏ လူနေမှုဘဝ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု အနည်းဆုံးဖြစ်သည့် ရွှေလုံဗိုလ်ကျောင်းတိုက်အနီးရှိ နေရာအား အတည်ပြုရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“မန္တလေးမြို့ဟာ သယ်ယူပို့ဆောင်ရေးမှာ တကယ်အချက်အချာကျပါတယ်။ အခုဆိုရင် ကျွန်တော်တို့ ဧရာဝတီမြစ်အတွင်းမှာ ခေတ်မီကုန်တင်ကုန်ချဆိပ်ကမ်းဆိုတာ မရှိတော့ လူတွေနဲ့လုပ်ကိုင်နေရပါတယ်။ အဲဒီတော့ လုပ်ကိုင်ရတာနှေးတော့ ကုန်စည်စီးဆင်းမှုနှေးစေတယ်။ ဒီလိုသာ ကွန်တိန်နာဆိပ်ကမ်းပြီးသွားမယ်ဆိုရင် ကုန်စည်စီးဆင်းမှုလည်း မြန်သွားမယ်။ ရေကြောင်းက သယ်တာဖြစ်တဲ့အတွက် အခြားသယ်ယူပို့ဆောင်ရေးတွေထက်စာရင် သယ်ယူခစျေးနှုန်းလည်း အများကြီး သက်သာသွားမယ်။ ဒီလိုကုန်စည်စီးဆင်းမှုမြန်ဆန်မှသာ ကုန်ဈေးနှုန်းကျဆင်းလာမှာဖြစ်ပြီး နိုင်ငံရဲ့စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်လင့်ထားပါတယ်” ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က သုံးသပ်ပြောကြားသည်။

ဆိပ်ကမ်းတည်ဆောက်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ် ဧပြီလတွင် JICA သို့ Grand Aid အကူအညီပေးရန် တင်ပြခဲ့ခြင်းဖြစ်ပြီး နှစ်ဖက်ညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ယခုကဲ့သို့ သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**



# စံပြုထိုက်စွာ မြတ်ဆရာ

ဦးငွေတိုး (အခြေခံပညာ)

**ပညာရေးဟူသည် လူတိုင်း၏ ဘဝသက်တမ်းကို ပိုမိုကောင်းသောဘက်သို့ ရှေးရှုအောင် လမ်းညွှန်ပြသပေးခြင်း ဖြစ်ပါသည်။ ကျောင်းဆိုသည်မှာ ပတ်ဝန်းကျင်လောကအကြောင်းကို နားလည်နိုင်စေရန်နှင့် နေ့စဉ်ရင်ဆိုင်ရမည့် ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ရေးအတွက် အခြေခံအတွေ့အကြုံများရရှိလာစေရန် ဖန်တီးပေးသည့်နေရာဌာန ဖြစ်ပါသည်။ ဆရာဟူသည် မိမိတာဝန်ယူသင်ပြရသည့် အတန်းအဆင့်၊ အသက်အရွယ်နှင့် လျော်ညီစွာ ဘာသာရပ်အကြောင်းအရာ၊ ကျောင်းတွင်းနှင့် ကျောင်းပြင်ပညာရေးလုပ်ငန်း စသည့် သင်ပြခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ပညာသင်နှစ်အလိုက် ဆက်စပ်ဆောင်ရွက်နေသူများ ဖြစ်ပါသည်။ ဆရာဆိုသောစကားရပ်တွင် စာပေဘာသာရပ်များကို သင်ကြားပို့ချပေးသူများနှင့် အဆင့်အသီးသီးမှ ပညာရေးစီမံခန့်ခွဲသူများ အပါအဝင်ဖြစ်ပါသည်။ သင်ကြားသင်ယူမှု၊ ကျောင်းပညာရေးလုပ်ငန်းနှင့် ဆရာ၏ စံနမူနာပြ အရည်အချင်းများမှာ ခွဲထား၍မရ၊ ဖြုတ်ပယ်၍မရသော ဆက်စပ်မှုများ ဖြစ်နေပါသည်။**

ကလေးတစ်ဦးချင်းစီ၏ ကိုယ် နှုတ် နှလုံး သုံးပါးသော အပြုအမူတို့တွင် အခြေအနေအချိန်အခါများနှင့် လိုက်လျော၍ ပတ်ဝန်းကျင်နှင့်အညီအညွတ် ပြုမူနေထိုင်တတ်စေအံ့သောငှာ အတွေ့အကြုံဖြင့် ပြုပြင်ပေးခြင်း၊ နောင်တွေ့ကြုံရမည့် အခြေအနေများတွင် ကောင်းမွန်ဝင်ဆံ့စွာ ပြုမူနေထိုင်တတ်စေရန်အတွက် သင်ကြားသင်ယူမှု အတွေ့အကြုံများမှ တစ်ဆင့်ကျွမ်းကျင်မှု သို့မဟုတ် ကောင်းသောအလေ့အကျင့်နှင့် မှန်ကန်သောအတွေးအမြင်များကို ရှင်သန်ဖြစ်ထွန်းစေလိုခြင်းသည် ပညာသင်ကြားခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်ပါသည်။ ပတ်ဝန်းကျင် အကြောင်းအရာနှင့် အခြေအနေများသည် သိမြင်နားလည်မှုအမျိုးမျိုးကို စဉ်ဆက်မပြတ်ဖြစ်ပေါ်စေလျက်ရှိပါသည်။ ကလေးများသည် မိမိပတ်ဝန်းကျင်တွင် တွေ့ကြုံရသောအခြေအနေများကို စိတ်ဖြင့်လည်းကောင်း၊ ကိုယ်ဖြင့်လည်းကောင်း တုံ့ပြန်ပြုမူလျက်ရှိကြပေရာ ကျေနပ်နှစ်သက်ခြင်းနှင့်အတူ ကိုယ်တိုင်လိုလားသော အရာများကို ရရှိရန်ကြိုးစားအားထုတ်လာကြခြင်းဖြင့် သင်ကြားပြသသူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သင်ယူမှုကို အစဉ်ပြုလေ့ ရှိပါသည်။

### စာသင်ခန်းကအစ

သင်ကြားမှုသည် အများအားဖြင့် စာသင်ခန်းကအစ ပြုပါသည်။ ဆရာသည် မိမိ၏သင်ကြားမှုကို ကလေးများမှ စတင်သည်ဖြစ်စေ၊ သင်ခန်းစာအကြောင်းအရာများမှ စတင်သည်ဖြစ်စေ ကလေးများကမူ သူ၏သင်ယူခြင်းကို သူနှင့်အတူ ကျောင်းသားများအပေါ်တွင် ဆရာက မည်သို့ပြုမူသည်ကို ကြည့်ရှုလေ့လာခြင်းမှ အစပြုပါသည်။ ဆရာ၏စိတ်တွင် မိမိကသာ ကလေးသူငယ်တို့အား ကြည့်ရှုစောင့်ထိန်းသင်ပြနေသည်ဟု ထင်မြင်လေ့ရှိကြသော်လည်း အရေအတွက် ဆယ်ပေါင်းများစွာသော ကလေးများ၏ မျက်စိများသည် ဆရာအား စဉ်ဆက်မပြတ် ကြည့်ရှုလေ့လာသင်ယူလျက်ရှိနေကြမြဲဖြစ်ခြင်းကိုမူ သတိပြုမိသူ နည်းပါးလေ့ရှိတတ်ပါသည်။ ကလေးများသည် ဆရာ၏ အပြုအမူ၊ စိတ်နေစိတ်ထားနှင့် အကျင့်စာရိတ္တတို့ကို အသေးစိတ်မြင်တွေ့တတ်ကြပါသည်။ အမျိုးမျိုးပြောင်းလဲနေသော စိတ်ထားနှင့် အပြုအမူတို့ကို ကောင်းစွာလေ့လာမှတ်သားတတ်ကြပါသည်။ ဆရာနှင့်တကွ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာပြီး အတုယူမှုနှင့် တတ်သိနိုင်မှုတွင် ကလေးများ၏ မျက်စိများလောက် စွမ်းဆောင်နိုင်သော အရာမရှိကြောင်းကို ကလေးများနှင့် ရင်းနှီးကျွမ်းဝင်စွာ နေထိုင်သွားလာဆောင်ရွက်ကြခြင်းဖြင့် ကောင်းစွာ သိရှိနိုင်ကြမည် ဖြစ်ပါသည်။

သင်ယူခြင်း၊ မှတ်သားခြင်း၊ တုပခြင်းတို့တွင် ကောင်းစွာစွမ်းဆောင်နိုင်သော ကလေးများသည် ဆရာ၏ ပြောဆိုနေထိုင် ဝတ်စားဆင်ယင်ပုံမှအစ အရေး၊ အဖတ်၊ အဆိုအမိန့်နှင့်တကွ စည်းစနစ်၊ သဘောသကာယ၊ စိတ်နေစိတ်ထားများကိုပါ အားကျတုပ လေ့လာသင်ယူတတ်သည့်သဘာဝ ရှိပါသည်။ အပြောအဆို၊ အနေအထိုင်၊ အသွားအလာ အပြုအမူနှင့် စိတ်နေစိတ်ထားများကို အသေးစိတ် မှတ်သားတွေ့မြင်မှုကြောင့် ဆရာ၏ စိတ်ဓာတ်နှင့် အပြုအမူအားလုံးသည် ကလေးများ၏ ဓလေ့စရိုက်ကို တစ်နည်းနည်းဖြင့် လွှမ်းမိုးသွားစေမြဲဖြစ်ပါသည်။

စာသင်ခန်းဟူသည် ဆရာက တပည့်တို့အား သင်ခန်းစာအကြောင်းအရာများကိုသာ သင်ကြားပို့ချပေးသောနေရာဖြစ်သည်ဟု အများအားဖြင့် ထင်မြင်ယူဆလျက် ရှိနေကြပါသည်။ စာသင်ခန်းအတွင်း ဆရာနှင့် ကျောင်းသား၊ ကျောင်းသားအချင်းချင်း ရင်းနှီးဆက်ဆံခြင်းတွင် လေးစားခြင်း၊ ကြောက်ရွံ့ခြင်း၊ အရှိအသေတန်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ပျော်ရွှင်ခြင်း၊ အားတက်ခြင်း၊ စိတ်ပျက်အားငယ်ခြင်း စသော စိတ်နေသဘောထားတို့သည် ဆရာနှင့် တပည့်အားလုံးတို့တွင် တစ်ချိန်တည်း၌ ပြိုင်တူလျှင်သော်လည်းကောင်း၊ တစ်ယောက်လျှင်တစ်မျိုးစီလည်းကောင်း ပေါ်လိုက်ပျောက်လိုက် ဖြစ်ထွန်းလျက် ရှိတတ်သည်။ နူးညံ့သော စိတ်ထားနှင့် ကြမ်းတမ်းခက်ထန်သောစိတ်ထားအမျိုးမျိုးတို့သည် အချိန်ရှိသမျှ ပေါ်လိုက်ပျောက်လိုက် ဖြစ်လျက်ရှိသည့် နည်းတူ ပေါင်းသင်းဆက်ဆံရေးအခြေအနေများသည်လည်း ရပ်တည်မနေ အမြဲတစေ အသွင်ပြောင်းလျက်ရှိနေသောကြောင့် ဆရာသည် စဉ်ဆက်မပြတ် အရည်အသွေးအကဲဖြတ်




ရသူများ ဖြစ်နေကြသည်။

ကလေးတိုင်းသည် ဆရာသင်ကြားပြသသော သင်ခန်းစာအားလုံးကို သေချာစွာ တတ်မြောက်ခြင်းငှာ စွမ်းဆောင်နိုင်ကြမည် မဟုတ်ပါ။သို့သော် သင်ခန်းစာများတွင် အညံ့ဖျင်းဆုံးဟု သတ်မှတ်ထားခြင်းခံရသော ကလေးတစ်ယောက်သည် ပင်လျှင် ဆရာ၏နည်းတူ ပြုမူပြောဆို သွားလာဆောင်ရွက်လုပ်ကိုင်တတ်ပါသည်။ ဆရာ၏ အပြုအမူနှင့် စိတ်နေစိတ်ထားများ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကလေးများအပေါ်သို့ တစ်နည်းနည်းဖြင့် လွှမ်းမိုးသွားစေနိုင်သည့်အတွက် အထူးသွန်သင်ညွှန်ပြမနေရဘဲနှင့် လေ့လာမှတ်သား အတုယူတတ်မြောက်ပြီး ဖြစ်နေတတ်ကြပါသည်။ အဓိကမှာမူ ဆရာသည် ပညာရေးအလေ့အကျင့်များမှတစ်ဆင့် စံနမူနာကောင်းများဖြင့် သင်ကြားပေးရသည်ဖြစ်ပေရာ သင်ရိုးညွှန်းတမ်းတွင် မပါဝင်သော်လည်း ဆရာ၏စံနမူနာဖြစ်သော အပြောအဆို၊ အမူအကျင့်၊ စိတ်နေစိတ်ထားအပြုအမူများသည် သင်ကြားသင်ယူမှုဖြစ်စဉ်တွင် ပညာရပ်တစ်ခုအဖြစ် ပါဝင်လျက်ရှိနေသည်ဆိုခြင်းကို သတိပြုကြရပါမည်။

### ဆရာ၏ စံနမူနာကောင်း

ခေတ်အခြေအနေတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ပညာသင်ယူမှုနည်းစနစ်များ၊ ပညာရပ်များ၊ အချက်အလက်များသည် တိုးတက်ဖြစ်ထွန်းလျက်ရှိပေရာ ဆရာသည် ခေတ်မီအောင် ရှေ့ဆောင်လမ်းညွှန်မှုနှင့် အတူ စံနမူနာတင်ရသူဖြစ်စေရပါမည်။ တစ်ဦးချင်းစီ၏ ဗီဇ၊ အထုံပါရမီ၊ စိတ်ပါဝင်စားမှု၊ စွမ်းဆောင်နိုင်မှု၊ ထူးခြားသည့်စွမ်းရည်၊ အားနည်းချက်၊ စိတ်နေသဘောထားနှင့် ပေါင်းသင်းဆက်ဆံရေး အခြေအနေများစသည့် ယေဘုယျသဘာဝနှင့် အလေ့အထတို့ကို လေ့လာသိရှိထားရန် လိုအပ်သည့်အလျောက် ဆုံးမ မပိုင် ဆိုနိုင်ခက်သော ကလေးများဟု သတ်မှတ်ခြင်းထက် ဆရာ၏ စံနမူနာကောင်း အလေ့အကျင့်များဖြင့် ကူညီလမ်းညွှန်မှုပြုပေးနိုင်ရန်သာ လိုအပ်မည်ဖြစ်ပါသည်။

မွန်မြတ်သော သဘောသကာယရှိခြင်းနှင့် ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းသည် လူတို့ယဉ်ကျေးလာသည့် အချိန်မှစတင်၍ ပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်များအနက် တစ်ရပ်အပါအဝင်ဖြစ်ခဲ့၏ဟု လက်ထောက်ပညာမင်းကြီး ဦးထွန်းအောင် ရေးသားပြီး ၁၉၅၂ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့သည့် ပညာ၏အခြေခံသဘာဝကျမ်းတွင် ဖော်ပြထားပါသည်။ ကလေးများတွင် ကောင်းသောစိတ်နေသဘောထားများ၊ အကျင့်စာရိတ္တများ၊ အပြုအမူများ တိုးပွားဖြစ်ထွန်းလာစေရန် ဆရာများက တည်စိုက်ပေးရပါသည်။ အသိအမှတ်ပြုပေးရပါသည်။ လေ့ကျင့်ပေးရပါသည်။

ဆရာဆိုသော မိမိ၏ဂုဏ်သိက္ခာ၊ မိမိတာဝန်ယူဆောင်ရွက်နေသော ပညာရေး၏ပုံရိပ်သွင်များကို ကောင်းစွာ ထိန်းသိမ်းစောင့်စည်းလျက် ဆရာများထားရှိအပ်သည့် သဘောထား၊ လုပ်ငန်းတာဝန်နှင့် အပြုအမူ၊ ဆက်ဆံရေးစသည့်လုပ်ငန်းကိစ္စအရပ်ရပ်တွင် ရိုးသားတော်ဖြောင့် မှန်ကန်စွာ မသွေမဖည် ဆောင်ရွက်ခြင်း၊ မေတ္တာတရားထုံမွှမ်းလျက် ကလေးများ၏ အကျိုးအတွက် အားလျော့ညည်းညူစိတ်ပျက်ခြင်းမရှိဘဲ မဆုတ်မနစ်သော ဆရာစိတ်ဖြင့် အစဉ်ထက်သန်တက်ကြွစွာ ဆောင်ရွက်ခြင်း၊ ကလေးများ၏ အခက်အခဲ ပြဿနာများကို ဖြေရှင်းနိုင်စေရန် ရိုးသားပွင့်လင်းစွာဖြင့် ကူညီလမ်းညွှန် ဆောင်ရွက်ခြင်း၊ ဆရာ့အရည်အသွေး မြင့်မားစေရန် စဉ်ဆက်မပြတ် စူးစမ်းလေ့လာသင်ယူခြင်း၊ မိဘရပ်ရွာ၏ လုပ်ငန်းဆောင်တာ ကိစ္စများတွင် ဦးဆောင်ကူညီ လမ်းညွှန်လျက် လိုအပ်သောအကြံပြုချက်များ၊ ပံ့ပိုးကူညီမှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် ပညာရေးဝန်းကျင်ကောင်းကို စည်းရုံးဖန်တီး ရယူနိုင်ပါသည်။

ပညာရေးလုပ်ငန်းများသည် မိမိနိုင်ငံ မိမိတို့ဒေသ၊ မိမိတို့ ကလေးများနှင့် ဟပ်စပ်မှု ရှိပြီး အကျိုး ရှိ မရှိ ဆိုသော ရှုထောင့်မှထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် အသုံးပြုနေသော နည်းကောင်းတစ်ခုသည် သက်ဆိုင်ရာနိုင်ငံအလိုက် အောင်မြင်မှုရှိမည်ဖြစ်သော်လည်း မိမိတို့နိုင်ငံ အနေဖြင့် အခြေအနေမပေးဘဲ ဖြစ်ချင်ဖြစ်နေပါလိမ့်မည်။ သဘာဝချင်းမတူသော အယူအဆဖြစ်သည့်တိုင်အောင် အခြေခံမှုအားဖြင့် မှန်ကန်မှု ရှိမည် ဆိုပါက လက်ခံထားရပါမည်။ သို့ရာတွင် မိမိဒေသအခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြုပြင်၍ရနိုင် မရနိုင်ဆိုသည်ကို ဆက်လက်စူးစမ်းလေ့လာကြရမည် ဖြစ်ပါသည်။ နောက်ဆုံး လိုအပ်ချက်တစ်ခုမှာ မိမိတို့ လေ့လာသိရှိထားသည့် အချက်များသည် အမှန်တကယ် ဖြစ်နိုင် မဖြစ်နိုင်ဆိုခြင်းကို စမ်းသပ်ကြည့်ရန် ဖြစ်ပါသည်။ အဓိကအားဖြင့် လက်ငင်းပကတိ အခြေအနေများမှတစ်ဆင့် ကောင်းမွန်ဆန်းသစ်သော အရည်အချင်းသစ်များထွက်ပေါ်လာစေရန် ဖန်တီးတီထွင်တတ်သော အလေ့အကျင့်၊ အတွေးအမြင်မျိုးများ ရှင်သန်ဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်ကြခြင်းဖြင့် ဦးဆောင်လမ်းညွှန်မှု ပြုနိုင်စေရန် လိုအပ်ပါသည်။

ဆရာတစ်ဦး၏ အဓိကကျသော စံနမူနာပြ အမူအကျင့်များအနက် သင်ပြခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စည်းရုံးခြင်းတို့သည်လည်း အကျုံးဝင်လျက်ရှိပါသည်။ တာဝန်ယူရသည့်အတန်းအဆင့်၊ ကလေးတို့၏အသက်အရွယ်နှင့် လျော်ညီစွာ ဘာသာရပ်အကြောင်းအရာ၊ ကျောင်းတွင်း ကျောင်းပြင် ပညာရေးလုပ်ငန်းများကို ပညာသင်နှစ် ကာလအလိုက် စီစဉ်ကြရပါသည်။ ဘာသာရပ်အကြောင်းအရာ အချက်အလက်ကို အခြေခံပြီး ကြောင်းကျိုးဆက်သွယ်မှုများ ဖော်ထုတ်လျက် ဘာသာရပ်ကို ချစ်မြတ်နိုးလာစေရန်၊ စူးစမ်းလေ့လာလိုစိတ် ရှင်သန်ဖွံ့ဖြိုးလာစေရန်၊ တီထွင်ဖန်တီးလိုစိတ် ထက်သန်လာစေရန်၊ လက်တွေ့ဘဝနှင့် ဆက်စပ်ကြည့်တတ်လာစေရန်၊ ပြဿနာများကို ဖြေရှင်းတတ်သည့် အလေ့အထများ ဖြစ်ထွန်းစေရန် လေ့ကျင့်သင်ကြားပေးနိုင်ရပါမည်။ စာရခြင်းနှင့် သင်ရိုးညွှန်းတမ်းကုန်ခြင်းကို အဓိကထားလျက် စာမေးပွဲအောင်မြင်ရေးကိုသာ အာရုံစိုက်ကြမည်ဆိုပါက ဉာဏ်ရည်နိမ့်သော ကလေးများသည် စာမရသဖြင့် မိမိကိုယ်မိမိ အသုံးမကျဟူသော အတွေးနှင့်အတူ စိတ်ဓာတ်ကျခြင်း၊ ရွယ်တူအတန်းတူ တစ်စု၏ အထင်သေးခံရခြင်းများကြောင့် ရံဖန်ရံခါ အခြားသူများအား မလိုလားသောစိတ်များ ပေါ်ပေါက်လျက် စိတ်ဒဏ်ရာ ရစေနိုင်ပါသည်။

သာယာပျော်ရွှင်ဖွယ်ကောင်းသော စာသင်ခန်းနှင့် ကျောင်းဝန်းကျင်ကို ဖန်တီးပေးနိုင်စေရပါမည်။ သိသင့်သိထိုက်သော၊ တတ်သင့်တတ်ထိုက်သော အကြောင်းအရာများကို သင်ပေးရင်းဖြင့် ကလေးများအနေဖြင့် မိမိတို့စွမ်းဆောင်ရည်နှင့် စိတ်ဝင်စားမှုအလိုက် လေ့လာသင်ယူနိုင်စေရန် ဖန်တီးပေးရပါမည်။ မိမိကိုယ်မိမိယုံကြည်လေးစားလာစေရန် လုပ်ငန်းများဖန်တီးလျက်ပါဝင်ဆောင်ရွက်စေခြင်း၊ လေ့လာရေးခရီးထွက်ခြင်း၊ အုပ်စုလိုက်တာဝန်ယူရခြင်း၊ စုပေါင်းဆွေးနွေးအဖြေရှာခြင်း၊ စနစ်တကျ မှတ်တမ်းတင်တတ်သည့် အလေ့အကျင့်ရရှိစေခြင်းစသည်ဖြင့် ကလေးများ၊ ပတ်ဝန်းကျင် အခြေအနေများနှင့်အညီ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပညာရေးကူညီလမ်းညွှန်မှု ပြုပေးရပါမည်။

### ဆရာများနှင့် ပညာရေးအရာရှိများ၏ အခန်းကဏ္ဍ

ကလေးများသည် စာတတ်ရန်လိုသကဲ့သို့ ပေါင်းသင်းဆက်ဆံရေးလည်း တတ်ရပါမည်။ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်လျက် မိမိကိုယ်မိမိ ကျေနပ်နှစ်သိမ့်မှု၊ စိတ်ဓာတ်ကျန်းမာကြံ့ခိုင်မှုသည်သင်ယူခြင်းအတွက် အဓိကလိုအပ်ချက်ဟု ခံယူနိုင်စေရန် စံနမူနာဖြစ်စေရပါမည်။ လုံ့လဝီရိယရှိခြင်း၊ ဇွဲရှိခြင်း၊ တာဝန်သိခြင်း စသည့်ဓလေ့စရိုက်များသည် ပြောဟောနေရုံမျှဖြင့် ဖြစ်ထွန်းနိုင်မည်မဟုတ်ဘဲ လက်တွေ့လုပ်ငန်းများကို ဖန်တီးစီစဉ်ဆောင်ရွက်ပေးခြင်းဖြင့်သာ ရှင်သန်ဖွံ့ဖြိုး စွဲမြဲစေနိုင်ကြမည်ဖြစ်ပါသည်။ ပညာသင်ကြားရေးရည်မှန်းချက်များ၊ ကျောင်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင် အခြေအနေတို့မှာ ပကတိအားဖြင့် ထပ်တူရှိနိုင်မည်မဟုတ်ပါ။ ပတ်ဝန်းကျင်၏ ဓလေ့စရိုက်၊ သတင်းဆက်သွယ်ရေးနည်းပညာတို့၏ ဓလေ့စရိုက်များသည် သိသိသာသာသော်လည်းကောင်း၊ မသိမသာသော်လည်းကောင်း ပြုပြင်ပြောင်းလဲ စွဲမြဲစေလျက်ရှိနေသည်ဖြစ်ပေရာ ဆရာများနှင့် ပညာရေးအရာရှိများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးလာပါသည်။

ကလေးများနှင့် နေ့စဉ်ထိတွေ့ပြီး ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးနေရသော ဆရာများ၏ လုပ်ငန်းသည် ကျယ်ဝန်းပါသည်။ ခက်ခဲပါသည်။ နက်နဲပါသည်။ ဆရာ့ကျင့်ဝတ်သိက္ခာနှင့် ပတ်သက်ပြီး ရန်ကုန်ဆရာအတတ်သင်သိပ္ပံ၏ (၂၅)နှစ်မြောက် ငွေရတုသဘင် ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက “မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအရ ကျောင်းဆရာဟာ အနန္တော အနန္တဂိုဏ်းဝင် ဖြစ်ပါတယ်၊ ကိုးကွယ်ဆည်းပူးအပ်တဲ့ ဂိုဏ်းဝင်ပုဂ္ဂိုလ်များ ဖြစ်နေပါတယ်။ ဒါကြောင့် သူများယုံကြည်ကိုးစားထိုက်တဲ့ စာရိတ္တ၊ အကျင့်သိက္ခာ၊ စိတ်နေစိတ်ထားရှိဖို့လိုပါတယ်။ ကိုယ့်ကိုယုံကြည်လို့ ပဲ့ပြင်ဖို့အပ်ထားတဲ့ လူမမည်တွေ စာတွေ့လက်တွေ့စံပြအတုယူစေနိုင်မယ့် စာရိတ္တရှင်များဖြစ်ဖို့ လိုပါတယ်၊ လူ့ဘောင်က မျှော်မှန်းတဲ့ ကျင့်ဝတ်သိက္ခာရှင်များဖြစ်ဖို့ လိုပါတယ်” ဟု လမ်းညွှန်မှာကြားချက်သည် ဆရာများအတွက် ဂုဏ်ယူဖွယ်ဖြစ်သကဲ့သို့ သတိပြုဆင်ခြင်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

> **“ဆရာဟူသည် တစ်ဦးချင်း၏ ပင်ကို အရည်အသွေးများဖြစ်သော ဉပဓိရုပ်၊ ပြောဆိုပြုမူ ကျင့်ကြံသုံးနှုန်း နေထိုင်သွားလာမှုတွင် စံနမူနာပြဖြစ်ရုံသာမက ဘာသာရပ်ပိုင်နိုင်မှု၊ ပညာရေးစိတ်ပညာနှင့် သင်ကြားသင်ယူနည်းများကို နားလည်ကျွမ်းကျင်မှု၊ စည်းကမ်းထိန်းသိမ်းနိုင်မှု ပြည့်ဝသူများဖြစ်”**

ဆရာဟူသည် တစ်ဦးချင်း၏ ပင်ကိုအရည်အသွေးများဖြစ်သော ဉပဓိရုပ်၊ ပြောဆိုပြုမူ ကျင့်ကြံသုံးနှုန်း နေထိုင်သွားလာမှုတွင် စံနမူနာပြဖြစ်ရုံသာမက ဘာသာရပ်ပိုင်နိုင်မှု၊ ပညာရေးစိတ်ပညာနှင့် သင်ကြားသင်ယူနည်းများကို နားလည်ကျွမ်းကျင်မှု၊ စည်းကမ်းထိန်းသိမ်းနိုင်မှု ပြည့်ဝသူများဖြစ်သည့်နည်းတူ ဆရာတပည့်ဆက်ဆံရေး၊ ဆရာအချင်းချင်းဆက်ဆံရေး၊ ရပ်ရွာလူထုနှင့် ဆက်ဆံရေးတို့တွင်လည်း ဆရာ့ဂုဏ်သိက္ခာနှင့် ညီညွတ်လျက် လူအများ၏ ကြည်ညိုလေးစားမှုကို ခံယူထိုက်သော သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် စည်းရုံးရေးစွမ်းရည် ပြည့်ဝသူများဖြစ်ကြပါသည်။ ဆရာကောင်းတစ်ဦးသည် ခံယူချက်၊ စိတ်ဓာတ်၊ အတွေးအခေါ် မှန်ကန်ရင့်သန်ခိုင်မာခြင်းနှင့် ဆိုင်ပါသည်။ အောင်မြင်သော ဆရာတစ်ဦးမှာကား သင်ကြားရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးလုပ်ငန်းနှင့် သက်ဆိုင်မည် ဖြစ်ပါသည်။ အဓိကအားဖြင့် ဆရာများသည် မြန်မာ့ယဉ်ကျေးမှုအရ လေးစားကြည်ညိုထားပြီးဖြစ်သော ဆရာ့ကျင့်ဝတ်သိက္ခာ၊ ဆရာ့အတတ်ပညာ၊ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းက မျှော်လင့်ယုံကြည်ကိုးစားလျက်ရှိသော စံနမူနာပြအလေ့အကျင့်များဖြင့် တာဝန်ယူ တာဝန်ခံတတ်သော၊ တာဝန်သိပြီး တာဝန်ကျေပွန်သော ဗလငါးတန်နှင့် ပြည့်စုံသည့် လူသားကောင်း မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးနိုင်မည် ဖြစ်ပါသည်။ ။

# ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များဆိုင်ရာ အရည်အသွေးရှင်းလင်းတင်ပြပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၄

**ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များဆိုင်ရာ အရည်အသွေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။**

**ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များ ပူးတွဲပုံနှိပ်မည်**

ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးနှင့် ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် ပြင်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ပူးတွဲပုံနှိပ်ကြမည်ဖြစ်ရာ ကုန်ကြမ်းပစ္စည်း ဝယ်ယူတင်သွင်းမှု တင်ဒါလုပ်ငန်းစဉ်မှစ၍ ဝန်ကြီးဌာနနှစ်ခုတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်မှုတွင် JICA ၏ CREATE အဖွဲ့က ကျောင်းသုံး စာအုပ်များအတွက် လိုအပ်သည့် အရည်အသွေးများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပေးမည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency - JICA) ၏ မြန်မာနိုင်ငံ အခြေခံပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေး စီမံကိန်း (Curriculum Reform at Primary Level of Basic Education CREATE) မှ Project Coordinator မစ္စ ဟီကာရီမီယာ ဟာရာက JICA ၏ လုပ်ငန်းစဉ်နှင့် CREATE စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။



မစ္စတာ ဖူမိတာကာ ဆာတို ရှင်းလင်းပြောကြားစဉ်။



မစ္စ ဟီကာရီမီယာဟာရာ ရှင်းလင်းပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များဆိုင်ရာ အရည်အသွေးရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဆက်လက်၍ CREATE Project ပုံနှိပ်နည်းပညာဆိုင်ရာ ပညာရှင် မစ္စတာ ဖူမိတာကာ ဆာတိုက ကျောင်းသုံးစာအုပ် ထုတ်လုပ်ရေးဆိုင်ရာ ပုံနှိပ်အရည်အသွေး၊ စာအုပ်ခိုင်ခံ့မှုစာသင်ကျောင်းများတွင် လေ့လာတွေ့ရှိမှု၊ စက္ကူနှင့် မင်အရည် အသွေးနှင့် အရည်အသွေး စစ်ဆေးမှုတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကျောင်းသုံးစာအုပ်ဆိုင်ရာ အရည်အသွေးတွင် ပုံနှိပ်စက်များ၏ အရည်အသွေးမှာ အဓိကကျသဖြင့် ၎င်းအခြေအနေကိုလည်း ဆွေးနွေးပေးရန်လိုအပ်ပါကြောင်း ပါဝင်ဆွေးနွေးရာ CREATE မှ တာဝန်ရှိသူက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ပါဝင်ဆွေးနွေး**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူဆောင်ရွက်မှု အခြေအနေနှင့် ပုံနှိပ်လုပ်ငန်းလုပ်ဆောင်သူများကိုလည်း နည်းပညာဆိုင်ရာများ ရှင်းလင်းမှုဝေပေးသင့်ကြောင်း ပါဝင်ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေရေး လုပ်ငန်းရှင်များအသင်း (MPPA) မှ အသင်းဝင်များကလည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းတို့က လည်းကောင်း အထွေထွေ ဆွေးနွေး တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

**မူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေး**

မြန်မာနိုင်ငံ အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးစီမံချက် (CREATE) ကို ပညာရေးဝန်ကြီးဌာနနှင့် JICA တို့ပူးပေါင်း၍ ၂၀၁၄ ခုနှစ် မေလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံချက်ကာလမှာ ၂၀၂၁ ခုနှစ် မတ်လအထိ ဖြစ်သည်။

ယင်းစီမံချက်သည် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CRSR) မှ တွေ့ရှိချက်ရလဒ်များအပေါ် အခြေခံ၍ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် မူလတန်းသင်ရိုးသစ်ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်များ ပြုပြင်ရေးဆွဲ ပြုစုမှုလုပ်ငန်းတွင် ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိသည်။ စီမံချက်အရ ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်စာအုပ်များပုံနှိပ် လုပ်ငန်းအပေါ် သုံးသပ်ဆွေးနွေးတင်ပြရန်နှင့် ပုံနှိပ်အရည်အသွေးထိန်း ချုပ်ခြင်းဆိုင်ရာ နည်းပညာအချက်အလက်များ မျှဝေပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ငွေပင်လယ် (Dry Port) စီမံကိန်းကို ၂၀၂၁ ခုနှစ်အတွင်း အပြီး အကောင်အထည်ဖော် ဆောင်ရွက်မည်

ရန်ကုန် အောက်တိုဘာ ၄

**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လှိုင်သာယာ ငွေပင်လယ် (Dry Port) စီမံကိန်းလုပ်ငန်းများကို ယခု ၂၀၁၈ ခုနှစ်မှစတင်ကာ အကောင်အထည်ဖော်ပြီး လာမည့် ၂၀၂၁ ခုနှစ်တွင် အပြီးသတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။**

**အကောင်အထည်ဖော်မည့် ကိစ္စရပ်များမေးမြန်း**

ယနေ့ကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် ဆိပ်ကြီးခနောင်တို မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်ဒေါ်စန္ဒာမင်း၏ ငွေပင်လယ် (Dry Port) စီမံကိန်းကို တိုင်းဒေသကြီးအစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ PPP စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းရာတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ စီမံကိန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်က မေးမြန်းရာတွင် "PPP စနစ်ကို နိုင်ငံတကာမှာ ကျင့်သုံးရတဲ့အကြောင်းရင်းက ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူရဲ့ အရင်းအနှီး၊ နည်းပညာတွေကိုရယူပြီး ပြည်သူလူထုကို ထိရောက်တဲ့ဝန်ဆောင်မှု ပေးနိုင်ဖို့လို့နားလည်ပါတယ်။ နိုင်ငံတော်မှာ အခြေခံအဆောက်အအုံ လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းဖို့ ဘဏ္ဍာငွေကြေးမရှိတဲ့အခါ ပုဂ္ဂလိက က ပူးပေါင်းလုပ်ဆောင်ရတာပါ။ PPP စနစ်မှာ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းတိုင်း PPP လို့ မခေါ်ဆိုနိုင်ပါဘူး။ မော်ဒယ်တွေ အများကြီးရှိပါတယ်။ ဒီမော်ဒယ်တွေထဲက BOT စနစ်နဲ့ဆောင်ရွက်သွားမှာလား၊ BDFO နဲ့ ဆောင်ရွက်သွားမှာလား၊ COCO စနစ်တွေနဲ့ ဆောင်ရွက်မှာလား၊ GOCO စနစ် ဘယ်စနစ်ကို ဆောင်ရွက်မယ်ကို ပွင့်လင်းမြင်သာစွာ သိလိုပါတယ်" ဟု မေးမြန်းခဲ့သည်။

အဆိုပါ PPP စနစ်ကို အိမ်နီးချင်း စင်ကာပူနိုင်ငံတွင် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းကာ ပြီးခဲ့သော ၂၀၁၃ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့သော်လည်း ယနေ့အထိ ထိရောက်သော အောင်မြင်မှု မရှိသေးကြောင်း သိရသည်။ စင်ကာပူနိုင်ငံတွင် အဆိုပါစနစ်ကို ဘဏ္ဍာရေးဝန်ကြီးဌာနက ဂိုက်လိုင်းပေး ကြီးကြပ်ဆောင်ရွက်နေသော်လည်း ယနေ့တိုင် အောင်မြင်မှုမရှိသေးကြောင်း ဒေါ်စန္ဒာမင်းက ထောက်ပြပြောဆိုခဲ့သည်။

"PPP စနစ်ဆိုတာ အစိုးရဘက်က ပါဝင်တဲ့ ပုဂ္ဂိုလ်တွေဟာ ကောင်းမွန်တဲ့ PPP စနစ်ကို သိရှိရမှာ ဖြစ်ပါတယ်။ ဝန်ဆောင်မှုတန်ဖိုးနဲ့အတူ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေဆီက စာချုပ်ချုပ်ဆိုတဲ့အခါမှာ ဘာတွေတောင်းဆိုရမယ်ဆိုတာ သိရှိရပါမယ်။ အစိုးရကလည်း ဘာတွေ ပြန်လည်တောင်းဆိုလာနိုင်တယ်ဆိုတာနဲ့ နှစ်ဦးနှစ်ဖက် ဆုံးရှုံးနိုင်တဲ့အချက်တွေကိုလည်း သိရှိထားရမှာဖြစ်ပါတယ်။ ဒီစနစ်ကို စီမံခန့်ခွဲဖို့ အစိုးရဝန်ကြီးဌာနတစ်ခုမရှိသေးခင်မှာ ဥပဒေတစ်ရပ်၊ ဂိုက်လိုင်းတွေ မပေါ်ပေါက်သေးခင် မည်သည့် PPP စနစ်တွေနဲ့ အောင်မြင်အောင် ဆောင်ရွက်မယ်ဆိုတာ သိရှိလိုပါတယ်" ဟု ဒေါ်စန္ဒာမင်းက ဆက်လက်မေးမြန်းခဲ့သည်။

အဆိုပါ ငွေပင်လယ် (Dry Port) နှင့် ပတ်သက်၍ မေးမြန်းရာတွင် "ငွေပင်လယ်စက်မှုဇုန်အပါအဝင် ပရောဂျက်တွေအားလုံးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ PPP စနစ်တွေကို ကျင့်သုံးမယ်ဆိုရင် ဘယ်မော်ဒယ်ကို သုံးမှာလဲ၊ ဘယ်ပရောဂျက်တွေမှာ အသုံးပြုမှာလဲဆိုတာ သိလိုပါတယ်။ တိုင်းဒေသကြီးအစိုးရ ဖွဲ့စည်းထားတဲ့ မူဘောင်နဲ့ ဂိုက်လိုင်းကိုလည်း သိရှိလိုပါတယ်။ PPP စနစ်ကို အသုံးပြုပြီး အစိုးရနဲ့ ပုဂ္ဂလိကအခန်းကဏ္ဍတို့ ဒီ Dry Port စီမံကိန်းကို မည်သို့စီမံပြီး အကျိုးအမြတ်ကို မည်သို့ခွဲဝေယူမယ်ဆိုတာ သိလိုပါတယ်"ဟု မေးမြန်းသည်။



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း။



ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း။

**နှစ် ၅၀ ခွင့်ပြုပေးထား**

မေးမြန်းမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် "ဒီစီမံကိန်းကို အသုံးပြုမယ့်ပုံစံကတော့ ပုဂ္ဂလိကက ဒီဇိုင်းထုတ်မယ်၊ တည်ဆောက်မယ်၊ ဘဏ္ဍာငွေ ထောက်ပံ့ပြီး လည်ပတ်မယ်။ သက်တမ်းပြီးဆုံးပါက အစိုးရကို အားလုံးလွှဲပြောင်းမယ်။ ဒီအဆိုပြုတဲ့ စာချုပ်သက်တမ်းမှာတော့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုထားတဲ့ အခြားစီးပွားရေးလုပ်ငန်းများနည်းတူ နှစ် ၅၀ ခွင့်ပြုပေးထားပါမယ်။ ၁၀ နှစ်သက်တမ်း နှစ်ကြိမ် တိုးခွင့်ပေးပါတယ်။ စီမံကိန်းတင်ဒါခေါ်ယူတဲ့အခါမှာ အနာဂတ်မှာ ကြုံတွေ့လာမယ့်၊ ဆုံးရှုံးလာမယ့် အခြေအနေတွေကို တွက်ချက်ထားပါတယ်။ ဒါကြောင့် ဆုံးရှုံးမှုကို လျော့ပါးသက်သာစေမယ့် နည်းလမ်းတွေကို ရှာဖွေပြီး PPP မော်ဒယ်ရွေးချယ်ချမှတ်ခြင်းမပြုမီမှာ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းတွေရဲ့ ဆွေးနွေးမှုတွေကို ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်" ဟု ပြန်လည်ဖြေကြားသည်။

အဆိုပါ ငွေပင်လယ် (Dry Port) ကို လှိုင်သာယာမြို့နယ် ငွေပင်လယ် စက်မှုဇုန်အနီး အလယ်ရွာ ကွင်းအမှတ် (၃၀၀/ ခ )မှာ စီမံကိန်းဧရိယာ ၁၉၄ ဒသမ ၉ ဧကပေါ်မှာ ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၁၅၄ ဒသမ ၀၇၂ ဘီလီယံ ၂၀၁၈- ၂၀၂၁ ကာလအတွင်းမှာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ ယင်းကုန်းတွင်းဆိပ်ကမ်း စီမံကိန်းက အစိုးရကနေပြီး ပြည်သူ့ဝန်ဆောင်မှုများကို ဈေးကွက်စီးပွားရေးစနစ် အနှစ်သာရဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ပုဂ္ဂလိကကဏ္ဍမှ တာဝန်ခံဖော်ဆောင်နိုင်ရန်အတွက် အစိုးရနဲ့ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့်၊ လူမှုအကျိုးဖြစ်ထွန်းစေသည့် စီးပွားရေးစနစ်ဖြစ်ပြီး တင်ဒါအောင် TWC ကုမ္ပဏီက အကျိုးတူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဗဟိုဌာနတစ်ခု ပေါ်ပေါက်လာမည်**

စီမံကိန်းအောင်မြင်ပါက ကုန်သေတ္တာဖြန့်ဖြူးရေး ဗဟိုဌာနတစ်ခုကဲ့သို့ ပေါ်ပေါက်လာမည်ဖြစ်ပြီး နိုင်ငံတကာဆိပ်ကမ်းများမှ ကုန်သေတ္တာများကို ရေလမ်းများမှတစ်ဆင့် ဒေသအသီးသီးကို သယ်ယူပို့ဆောင်နိုင်ခြင်းအားဖြင့် ပို့ဆောင်စရိတ်၊ အချိန်ကုန်ကျသက်သာမှု၊ ယာဉ်ကြောကျပ်တည်းမှုများ လျော့ကျလာမည်ဖြစ်ပြီး စက်မှုကုန်ထုတ်စွမ်းအား မြှင့်တင်နိုင်ခြင်းတို့မှတစ်ဆင့် လူမှုစီးပွား အကျိုးအမြတ်များကို ဖော်ဆောင်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လအထိ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

*ယမန်နေ့မှအဆက်*

**လွတ်လပ်စွာသွားလာခွင့်**

နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုခွင့်ရသူ လက်မှတ်ရရှိ ကိုင်ဆောင်သောသူများသည် မည်သည့်ဒေသမဆို လွတ်လပ်စွာသွားလာခွင့်ရှိသဖြင့် မြန်မာနိုင်ငံအတွင်း နေထိုင်သူဖြစ်ကြောင်း အထောက်အထားလက်မှတ်ဖြစ်သည့် NV Card ကိုင်ဆောင်သူများကို မောင်တောခရိုင်အတွင်း လွတ်လပ်စွာသွားလာခွင့်ပြုထားပြီး ပြည်နယ်ပြင်ပသို့ ခရီးသွားလာခြင်းအတွက် ၎င်းတို့သွားရောက်လိုသည့် ပြည်နယ်/တိုင်းဒေသကြီးရှိ တည်းခိုနေထိုင်မည့် လိပ်စာမှန်ကန်ခြင်း ရှိ/မရှိ၊ အိမ်ရှင်မှတာဝန်ယူခြင်း ရှိ/မရှိ စိစစ်ပြီး ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ယာယီခရီးသွားလာခွင့်စိစစ်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် သွားလာခွင့်ပြုပေးခဲ့ရာ ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လအတွင်း စုစုပေါင်း အမျိုးသား ၈၀ ၊ အမျိုးသမီး ၄၆ ဦး ပေါင်း ၁၂၆ ဦးတို့အား ခရီးသွားလာနိုင်ခဲ့ပါသည်။

**IDP ကိစ္စရပ်များ**

ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများပိတ်သိမ်းရေးကို ဆောင်ရွက်လျက်ရှိရာ မြေပုံမြို့ တောင်ပေါ် IDP စခန်းနေသူများအား ပြန်လည်နေရာချထားရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် နေအိမ်အလုံး ၁၀၀ ကို (Cash For Work) အစီအစဉ်ဖြင့် ဆောက်လုပ်နေရာချထားပေးပြီး ဖြစ်ပါသည်။ ထပ်မံ၍ နေအိမ်အလုံး ၁၀၀ ဆောက်လုပ်လျက်ရှိပါသည်။ အလားတူ ကျောက်တော်၊ နိဒင် IDP စခန်းအတွက် လုံးချင်းနေအိမ် ၈၅ လုံး တည်ဆောက်ပြီးဖြစ်၍ နေရာချထားပေးကာ စခန်းပိတ်သိမ်းခဲ့ပြီးဖြစ်ပါသည်။



နိဒင် IDP စခန်းပိတ်သိမ်းပြီး ပြန်လည်နေရာချထားမှု

စစ်တွေမြို့နယ်၌ IDP စခန်း (၁၂) ခု၊ ပေါက်တောမြို့နယ်၌ (၄)ခု၊ မြေပုံမြို့နယ်၌ (၁)ခု၊ ကျောက်ဖြူမြို့နယ်၌ (၁) ခု စုစုပေါင်း (၁၈)ခု ကျန်ရှိသည့်အနက် မြေပုံမြို့နယ်ရှိ တောင်ပေါ် IDP စခန်းအား ပိတ်သိမ်းလျက်ရှိပြီး စစ်တွေမြို့နယ်ရှိ သက္ကယ်ပြင် IDP စခန်း၊ ခေါင်းဒုက္ခာ (၁) နှင့် (၂) IDP စခန်း၊ ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး IDP စခန်းများပိတ်သိမ်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ IDP စခန်းများပိတ်သိမ်းရာတွင် စနစ်တကျဆောင်ရွက်နိုင်ရန် IDP စခန်းများပိတ်သိမ်းရေး မဟာဗျူဟာရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ၂.၆.၂၀၁၈ ရက်နေ့တွင် ကျင်းပခဲ့ပြီး သက်ဆိုင်သည့်ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ ပူးပေါင်းမှုဖြင့် မဟာဗျူဟာစီမံချက် (မူကြမ်း) ရေးဆွဲလျက်ရှိပါသည်။

**လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးနိုင်မှု**

ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်မှုများအဖြစ် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းတွင် ၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွင်း အသက် (၉၀)နှစ်နှင့်အထက် ဘိုးဘွား ၁၇၄၆ ဦးကို



အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွားများသို့ လူမှုရေးပင်စင် ကျပ်(၁၀၆.၄၁၀)သန်း ထောက်ပံ့ခဲ့သည်

ထောက်ပံ့ငွေ ၅၂ ဒသမ ၃၈၀ သန်း၊ ဒုတိယ သုံးလပတ်အတွင်း ဘိုးဘွား ၁၈၀၁ ဦးအတွက် ၅၄ ဒသမ ၀၃၀ သန်း ထောက်ပံ့ပေးခဲ့ပါသည်။ ထို့အပြင် ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား လစဉ်ငွေကြေးထောက်ပံ့မှုအစီအစဉ်ဖြင့် အကျိုးခံစားခွင့်ရှိသူ ၃၇၁၈၉ ဦးအတွက် ၃၃၄၇ ဒသမ ၁၀၁ သန်း ထောက်ပံ့ပေးခဲ့ပါသည်။

အစားအစာရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းထောက်ပံ့မှုတွင် ၂၀၁၈ ခုနှစ် မေလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း တန်ဖိုးငွေ ၁၈၂၄၅၆၀၀ ရှိ စားနပ်ရိက္ခာများ (ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ပဲ၊ ကြက်သွန်၊ ငါးသေတ္တာ)ကို လည်းကောင်း၊ ကျားလုံချည်၊ မလုံချည်၊ တီရှပ်၊ စောင်၊ ဆပ်ပြာစုစုပေါင်း ၆၈၈ ယူနစ်ကိုလည်းကောင်း၊ မီးဖိုချောင်သုံးပစ္စည်း ၁၄၅ စုံကို လည်းကောင်း ထောက်ပံ့ပေးခဲ့ပါသည်။

ကြက်ခြေနီလှုပ်ရှားမှု Red Cross Movement ဖြင့်လည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပေးအပ်လျက်ရှိရာ အိမ်ထောင်စု ၃၇၀၁၁ စုမှ လူဦးရေ ၁၇၁၇၅၀ အတွက် စားနပ်ရိက္ခာ ၁၁၄၀၈၆ ယူနစ်၊ ကျန်းမာရေး အသုံးအဆောင်ပစ္စည်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း၊ အာဟာရနှင့်ခာတ်ဆား၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်အိမ်သာသုံးပစ္စည်း၊ မျိုးစေ့နှင့် ဓာတ်မြေဩဇာ၊ အမိုးအကာပစ္စည်းများ၊ မြေရေစစ်အိုးများစသော Non Food Item-NFI ယူနစ် ၇၈၅၄၆ တို့ကို ထောက်ပံ့ပေးခဲ့ပါသည်။



လူသားချင်းစာနာထောက်ထားမှု အကူအညီထောက်ပံ့ခဲ့သော အိမ်ထောင်စုပေါင်း(၃၈၁၇၈)

World Food Program-WFP ကလည်း ခေါင်းဒုက္ခာ(၁) စခန်းတွင် အိမ်ထောင်စု ၂၂၉ စုမှ လူဦးရေ ၁၇၇၅ ဦးအတွက် ဆန်ငါးပြည်ပါ ၆၄၈ အိတ်၊ ဆီ ၁၀ လီတာပါ ၁၈၉ ဖာ၊ ပဲ ၂၃ ပြည်ပါ ၇၂ အိတ်၊ ဆား ၄၅ ထုပ်ပါ ခြောက်အိတ်၊ ခေါင်းဒုက္ခာ စခန်း(၂)တွင် အိမ်ထောင်စု ၂၅၀ လူဦးရေ ၁၃၇၃ ဦးအတွက် ဆန် ငါးပြည်ပါ ၃၇၄ အိတ်၊ ဆီ ၁၇ လီတာပါ ၁၄၄ ဖာ၊ ပဲ ၂၂ ပြည်ပါ ၄၉ အိတ်၊ ဆား ၉၈ ထုပ်ပါ သုံးအိတ်တို့ကို ထောက်ပံ့ပေးခဲ့ပါသည်။

**သတင်းရယူခွင့်**

ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရ၏ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးစသည့် ကဏ္ဍစုံဆောင်ရွက်ချက်များကို ပြည်တွင်း၊ ပြည်ပမှ ပိုမိုသိရှိနိုင်ရန် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအား ရခိုင်ပြည်နယ်သို့တစ်လလျှင် နှစ်ကြိမ် စေလွှတ်သတင်းရယူခွင့်ပြုလျက်ရှိရာ ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လကုန်အထိ ပြည်တွင်းသတင်းမီဒီယာအဖွဲ့ (၅)ကြိမ်နှင့် ပြည်ပသတင်းမီဒီယာအဖွဲ့ (၃) ကြိမ်တို့ဖြင့် သတင်းမီဒီယာသမား ၉၅ ဦးတို့ကို သတင်းရယူနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။

မီဒီယာထောက်ပံ့မှုလုပ်ငန်းစဉ်အဖြစ် ရခိုင်ပြည်နယ်ဆိုင်ရာ သတင်းထုတ်ပြန်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ အသိပညာပေးခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း-

ရုပ်သံအစီအစဉ်မှ သတင်းထုတ်လွှင့်မှု (၃၁၃) ကြိမ်၊ ပညာပေးနှင့် မှတ်တမ်းအစီအစဉ် (၂၄) ကြိမ်

ရေဒီယိုအစီအစဉ်မှ သတင်းထုတ်လွှင့်မှု (၂၅၇၇) ကြိမ်၊ တွေ့ဆုံမေးမြန်းမှု (၁)ကြိမ်၊ အသိပညာပေးထုတ်လွှင့်မှု (၃၉၇) ကြိမ် PSA (Public Service Announcement) (၂၄၅) ကြိမ်

ပြန်ကြားရေးဝန်ကြီးဌာန၏ Website တွင် သတင်းထုတ်ပြန်ချက် (၈) ကြိမ်၊ သတင်းဖော်ပြမှု (၁၀၂) ကြိမ်

ဆောင်းပါး (၇)ကြိမ်၊ တွေ့ဆုံမေးမြန်းမှု (၅)ကြိမ်၊ မိန့်ခွန်းဖော်ပြမှု (၁)ကြိမ်၊ သတင်းစာရှင်းလင်းပွဲ (၁)ကြိမ်၊ ဓာတ်ပုံဖော်ပြမှု (၁၄၅) ကြိမ်၊ နေ့စဉ်ထုတ်သတင်းစာများတွင် ညှိနှိုင်းအစည်းအဝေးဖော်ပြမှု (၂၁)ကြိမ်၊ ဓာတ်ပုံ(၃၁) ကြိမ်၊ သတင်းထုတ်ပြန်မှု (၁၇) ကြိမ်၊ ဓာတ်ပုံ (၁၅) ကြိမ်၊ လက်ခံတွေ့ဆုံမှု (၁၂) ကြိမ်၊ ဓာတ်ပုံဖော်ပြမှု (၁၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပညာရေး**

ပညာရေးကဏ္ဍတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများကို ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးပြီးဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် ရေလမ်းခရီးကိုအသုံးပြု၍ ကျောင်းတက်ရသော ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ကျောင်းသား ကျောင်းသူ ၄၂၇၂ ဦးအတွက် အသက်ကယ်အင်္ကျီ ၄၂၇၂ ထည် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။



ရခိုင်ပြည်နယ်အတွင်းရေလမ်းအသုံးပြု ကျောင်းတက်ရသောကျောင်းသားကျောင်းသူ(၄၂၇၂)ဦး အတွက်အသက်ကယ်အင်္ကျီများထောက်ပံ့ခဲ့သည်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၄၂ ကျောင်း ဖွင့်လှစ်သင်ကြားနေပြီး မောင်တောမြို့နယ်မှ ကိုယ့်အားကိုယ်ကိုးရွှေဇာဟိုနှင့် ကိုင်းကြီး (မြို)၊ ဘူးသီးတောင်မြို့နယ်မှ ကိုယ့်အားကိုယ်ကိုး အောက်တရဂူကျောင်းများကို မူလတန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါသည်။

အဆင့်မြင့်ပညာသင်ကြားရေးအတွက် အခြေခံအဆောက်အအုံများ မြှင့်တင်ဆောင်ရွက်မှုအဖြစ် စစ်တွေတက္ကသိုလ်၊ တောင်ကုတ်ဒီဂရီကောလိပ်နှင့် ကျောက်ဖြူပညာရေးကောလိပ်တို့တွင် စာသင်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ မိုးလုံလေလုံအားကစားရုံနှင့် စားသောက်ဆိုင်များ တည်ဆောက်ပေးလျက်ရှိပါသည်။

ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူဖြစ်စေရန် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)၌ ကျောင်းသား ၃၅၄ ဦး၊ အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ)၌ ကျောင်းသား ၄၂၅ ဦး၊ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း(စစ်တွေ)၌ ကျောင်းသား ၂၀၆ ဦးတို့ကို အင်ဂျင်နီယာပညာရပ်များ သင်ကြားပေးလျက်ရှိပါသည်။

ထို့အပြင် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူနှင့် သံတွဲ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)တို့တွင် အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်းများဖြစ်သော အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်း သင်တန်း၊ အခြေခံကွန်ပျူတာအသုံးချသင်တန်း၊ အုတ်စီကျွမ်းကျင်သင်တန်း၊ ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ အခြေခံဂဟေဆက်သင်တန်း စသည့် သင်တန်းငါးမျိုး ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသားပေါင်း ၁၈၈ ဦးကို လေ့ကျင့်ပေးခဲ့ပါသည်။

**ကျန်းမာရေး**

ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ခဲ့မှုများမှာ-

**ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း**

- စစ်တွေနှင့် မောင်တောဆေးရုံများတွင် ပြင်ပလူနာတိုင်းရင်းသား ၁၄၂၄၄ ဦး၊ မူဆလင် ၁၀၆၁၆ ဦး၊ အတွင်းလူနာတိုင်းရင်းသား ၅၆၁၇ ဦး၊ မူဆလင် ၂၁၆၄ ဦးတို့ကို ကုသပေးနိုင်ခဲ့ပါသည်။
- ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်း ၁၀ မျိုးကို လူဦးရေ ၂၈၃၆၃၁ ဦးအတွက် ဆောင်ရွက်နိုင်ခဲ့ပါသည်။




စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

- ရွေ့လျားဆေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအဖြစ် စစ်တွေ၊ မောင်တော၊ ရသေ့တောင်နှင့် ဘူးသီးတောင် မြို့နယ်များ၌ တိုင်းရင်းသား ၈၆၀၉ ဦး၊ မူဆလင် ၉၄၅၄၄ ဦး စုစုပေါင်း လူဦးရေ ၁၀၃၁၅၃ ဦးတို့ကို ကုသမှုပေးခဲ့ပါသည်။

**မေယု FM မှ ကျန်းမာရေးဆိုင်ရာ အသိပညာပေးထုတ်လွှင့်မှု**

မေယု FM မှ ကျန်းမာရေးဆိုင်ရာ အသိပညာပေးထုတ်လွှင့်မှုအနေဖြင့် မိုးရာသီအတွင်း ဖြစ်ပွားလေ့ရှိသော ရောဂါများအပါအဝင် ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက် ၁၉ မျိုးကို အခါအားလျော်စွာ ထုတ်လွှင့်ပေးခဲ့ပါသည်။

**ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးခြင်းနှင့် သင်တန်းပို့ချခြင်း**

လူထုကျန်းမာရေးလုပ်သား သစ်လွင်သင်တန်း သုံးကြိမ်ဖြင့် လူထုကျန်းမာရေးလုပ်သားသစ်လွင် ၉၂ ဦးတို့ကို လေ့ကျင့်ပေးခဲ့ပါသည်။

- အရန်သားဖွား သစ်လွင်သင်တန်း (၉)ကြိမ်ဖြင့် တိုင်းရင်းသား ၁၄၀၊ မူဆလင် ၄၉ ဦး စုစုပေါင်း ၁၈၉ ဦးတို့ကို လေ့ကျင့်ပေးခဲ့ပါသည်။
- လူထုကျန်းမာရေးလုပ်သားမွမ်းမံသင်တန်း (၃)ကြိမ်ဖြင့် လူထုကျန်းမာရေးလုပ်သား မွမ်းမံ ၆၈ ဦး လေ့ကျင့်ပေးခဲ့ပါသည်။
- စစ်တွေမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် သင်တန်းသူ သူနာပြု/သားဖွား ၄၃၀ ဦး သင်ကြားလျက်ရှိပါသည်။
- ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သင်တန်းကို သင်တန်းသား စုစုပေါင်း ၉၆ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါသည်။
- လတ်တလောအာဟာရချို့တဲ့မှု ပြုစုစောင့်ရှောက်ခြင်းသင်တန်း (IMAM Training) နှစ်ကြိမ်ဖြင့် အခြေခံကျန်းမာရေးဝန်ထမ်း ၂၄၅ ဦးအား သင်တန်းပေးနိုင်ခဲ့ပါသည်။

**အမျိုးသားကျန်းမာရေးစီမံကိန်း (National Health Plan- NHP)**

- အမျိုးသားကျန်းမာရေးစီမံကိန်းကို ရခိုင်ပြည်နယ်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဆောက်လုပ်မှု**

မြို့နယ် ကိုးမြို့နယ်တွင် တိုက်နယ်ဆေးရုံ ၁၁ ခု၊ ဝန်ထမ်းအိမ်ရာနှင့် ကုသရေးဆောင်များ တည်ဆောက်၊ ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။




- ဘူးသီးတောင်မြို့နယ် ဆေးရုံတွင် သွေးလှူဘဏ်ငယ်အတွက် JICA အဖွဲ့၏ အကူအညီဖြင့် ပစ္စည်းများအား ယာယီတပ်ဆင်ထားပြီး သွေးစုဆောင်းရေးစင်တာကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထိုင်းနိုင်ငံကြက်ခြေနီအသင်း၏ ပံ့ပိုးမှုဖြင့် တည်ဆောက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါသည်။
- မောင်တောမြို့နယ်တွင် သွေးလှူဘဏ်ငယ် တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထိုင်းနိုင်ငံကြက်ခြေနီအသင်း၏ ပံ့ပိုးမှုဖြင့် ဆောက်လုပ်ပေးပြီး ဖြစ်ပါသည်။
- စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်း ရှစ်ခုမှာ ရာနှုန်းပြည့် ပြီးစီးနေပြီး တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း သုံးခုမှာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ပါသည်။




ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် သွေးလှူဘဏ်ငယ်များ တည်ဆောက်ခဲ့သည်

**ကျန်းမာရေးဝန်ထမ်းများ ဖြည့်တင်းခန့်ထားခြင်း**

- အထူးကုဆရာဝန် ၂၁ ဦး၊ လက်ထောက်ဆရာဝန် ၂၂ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမကြီး သုံးဦး၊ အထက်တန်းသူနာပြု ငါးဦး၊ သူနာပြု ၁၀ ဦး၊ သားဖွားဆရာမ ၁၃၀ ဦး ၊ ဓာတ်ခွဲကျွမ်းကျင် ၁၂ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ၂၀၀ တို့ကို ရခိုင်ပြည်နယ်အတွင်း ဖြည့်တင်းတာဝန်ပေးထားပြီး ဖြစ်ပါသည်။

**မူးယစ်ဆေးဝါးများ**

ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ခုနှစ် မေလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၀ ရက်နေ့အထိ မူးယစ်ဆေးဝါး အမှုပေါင်း ၁၁၃ မှု၊ တရားခံ(ကျား) ၁၃၆ ဦး၊ တရားခံ(မ) ၂၅ ဦး တရားခံပေါင်း ၁၆၁ ဦး အရေးယူနိုင်ခဲ့ပြီး မူးယစ်ဆေးဝါး တန်ဖိုးငွေကျပ် ၂၅၂၃၈၁ ဒသမ ၃၅၁၉ သိန်းခန့် ဖမ်းဆီးနိုင်ခဲ့ပါသည်။



**နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု**

ရခိုင်ပြည်နယ်အတွင်း လူမှုရေးအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် မေလ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ ပြည်နယ်၊ မြို့နယ်အသင်းအဖွဲ့မှတ်ပုံတင်ရေးအဖွဲ့များ၌ အသင်းအဖွဲ့(၈)ဖွဲ့ကို မှတ်ပုံတင်ပေးနိုင်ခဲ့ပါသည်။

ပြည်နယ်အတွင်း အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွက် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာတွင် နေထိုင်သူများမှ ရွေးချယ်ခန့်အပ်လျက်ရှိရာ မြို့နယ် ၁၇ မြို့နယ်ရှိ ရပ်ကွက် ၁၅၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀၂၀ အုပ်စုတို့တွင် အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်အပ်တာဝန်ပေးထားပြီးဖြစ်ပါသည်။

ပြည်နယ်အတွင်းရှိ IDP Camp များ၏ စခန်းစီမံခန့်ခွဲရေးကော်မတီများကိုလည်း ပြန်လည်စိစစ်ရွေးချယ်ဆောင်ရွက်လျက်ရှိရာ ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံး IDP စခန်း ကြီးကြပ်ရေးကော်မတီသစ်ကို အဖွဲ့ဝင် ၉ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ အခြား IDP စခန်းများတွင်လည်း စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လူငယ်များ ပါဝင်နိုင်မည့် လှုပ်ရှားမှုများဖြစ်သည့် အားကစား၊ တေးဂီတပွဲများနှင့် အနုပညာဆိုင်ရာလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးသည့်အနေဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့တွင် အားကစားနှင့် ကာယပညာသိပ္ပံ(စစ်တွေ) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက် ရှိပါသည်။

**လုံခြုံရေးကဏ္ဍ**

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ပီပြင်စွာဖော်ဆောင်နိုင်ရေးအတွက် လေ့ကျင့်သင်တန်းပေးမှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လအထိ ရဲလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း ၁၉ ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင် အရာထမ်း/အမှုထမ်း ၁၄၃၈ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။

ရဲတပ်ဖွဲ့ဝင်များသည် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေအလိုက် လှည့်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်နေသည့်အပြင် ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လအထိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်း၍ ကုန်းကြောင်းကင်းလှည့်ခြင်း ၇၄ ကြိမ်နှင့် ရေကြောင်းကင်းလှည့်ခြင်း ၁၄ ကြိမ်တို့ကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။



ကုန်းကြောင်းကင်းလှည့်ခြင်း(၇၄)ကြိမ်



ရေကြောင်းကင်းလှည့်ခြင်း(၁၄)ကြိမ်

**တရားမျှတမှုရှိရေး**

မျှတသော တရားစီရင်ရေး တရားဥပဒေစိုးမိုးရေးတို့အတွက် ၂၀၁၈ ခုနှစ် မဟာဗျူဟာ စီမံကိန်းနှင့်အညီ ၂-၇-၂၀၁၈ ရက်နေ့တွင် ရခိုင်ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာများ၊ တရားအဖွဲ့အစည်းများ၊ ရှေ့နေများပါဝင်သော ညှိနှိုင်းအစည်း အဝေးကိုလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ၂၈-၈-၂၀၁၈ ရက်နေ့တွင် မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများစာအုပ်မိတ်ဆက်ခြင်း၊ ၂၉-၈-၂၀၁၈ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ကျား/မ ရေးရာ တန်းတူညီမျှခြင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ အခြေအနေဆန်းစစ်မှု စာအုပ်မိတ်ဆက်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးနှင့်ဆိုင်သော အခြေခံမူများနှင့်ပတ်သက်သော ဆွေးနွေးပွဲစကားဝိုင်းကျင်းပခြင်းတို့ကို လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှု**

ရခိုင်ပြည်နယ်အတွင်း ယဉ်ကျေးမှုဆိုင်ရာထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

- ဘာသာရေးသင်တန်းကျောင်းများ၌ အသုံးပြုမည့် သင်ရိုးများရေးဆွဲရန်အတွက် ၆-၇-၂၀၁၈ ရက်နေ့တွင် သာသနာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးဆိုင်ရာ အဖွဲ့ကြီး ငါးဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းခဲ့ပါသည်။



- မြောက်ဦးအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် GIS Team အနေဖြင့် ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံများအား Drone ဖြင့် မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ ပန်းစျေးမြောင်းချောင်း မင်းထွက် ဆည်ရေတံခါး၊ မဟာထီး Complex ဥတုသမမြောက်ဦးမြို့တည်နတ်ကွန်းနှင့် ဥတုသနတောင်တန်းပေါ်ရှိ စေတီများနှင့် ဘောင်ဒွတ်သဘော်ဆိပ်နေရာတို့ကို ကွင်းဆင်းဆောင်ရွက်ခြင်း၊ ရွာဟောင်းတောကျေးရွာအနီးရှိ နရင်းဒုံးတံခါးမြောက်ဘက်နှင့် တောင်ဖြူ အရှေ့ဘက်ကွက်များ၊ လောင်းကြက်ကျေးရွာအုပ်စုနှင့် နန်းကျားကျေးရွာအုပ်စုများ၊ အဘောင်တော်ဆည် အရှေ့ဘက်တောင်ကြောရှိ ခါးပိုင်ကွင်း၊ ရတနာပုံ ရပ်ကွက်နှင့် အလယ်စျေးရပ်ကွက်များနှင့် သတ်မှတ်ထားသော ဇုန်နယ်နိမိတ်အတွင်းသို့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းသွင်းရာတွင် ရေးသားဖော်ပြမည့် အဆိုပြုစာတွဲနှင့် အမွေအနှစ်စီမံခန့်ခွဲမှု အစီအစဉ်တို့အတွက် ကူးသန်းသွားလာရေးလမ်းကြောင်းများ၊ ဝန်ဆောင်မှုဆိုင်ရာနေရာများအား မြေပုံရေးဆွဲနိုင်ရေးဆောင်ရွက်ခြင်း၊ မြောက်ဦးမြို့နယ်အတွင်း Topographic Map (1:5000) ရေးဆွဲနိုင်ရန်အတွက် ကွင်းဆင်းဆောင်ရွက်ခြင်း၊
- မြောက်ဦးမြို့နယ် ယဉ်ကျေးမှုအမွေအနှစ် ပညာပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီမှ ဌာနတွင်းဝန်ထမ်းများအား သုတေသနလုပ်ငန်းနှင့် ကျွမ်းကျင်မှုရှိစေရေးအတွက် သင်တန်းပို့ချခြင်း၊
- ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ မှတ်တမ်းပြုစုရေးဆပ်ကော်မတီက ကွင်းဆင်းမှတ်တမ်းကောက်ယူမှုလုပ်ငန်းများအား အစီရင်ခံစာရေးသားပြုစုဆောင်ရွက်ခြင်း၊
- ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့မှ သျှင်ငယ်တက်စေတီနှင့် မင်္ဂလမာရ်အောင်စေတီ ပြုပြင်ထိန်းသိမ်းခြင်း၊ အောင်တပ်အုပ်စုအတွင်း ကွင်းဆင်းဆောင်ရွက်ခြင်း၊ ချိန်ကိုက်ပိဋကတ်တိုက် ရှေးဟောင်းအဆောက်အအုံနှစ်ခုအား ထိန်းသိမ်းခြင်း၊ အမြင့်တောင်ခြေရှိ မြောက်သုံးကျိပ်တစ်ဆူစေတီတော်အား ဖော်ထုတ်ထိန်းသိမ်းခြင်း၊ ညောင်ပင်စျေးအုပ်စုနှင့် ရွာဟောင်းတောအုပ်စုရှိ ရှေးဟောင်းစေတီများအား ဖော်ထုတ်ထိန်းသိမ်းခြင်း၊ ကိုးသောင်းပုထိုးတော်ကြီး အနောက်တောင်ဘက်လမ်းမြေဖို့ခြင်း၊ မြောက်ဦးမြို့ရှိ ဘုရားအဆူ ၁၀၀ ဖော်ထုတ်ထိန်းသိမ်းခြင်းအနေဖြင့် ဘုရားစာရင်းများကောက်ယူရန် တောရှင်းခြင်း၊ ကွန်ကရစ်တိုင်များ ပြုလုပ်ခြင်း၊ Information ဆိုင်းဘုတ်များပြုလုပ်ခြင်း၊ ဘုရားများအား ကျူးကျော်မှု၊ တောင်မြေများ တူးဖော်မှုမှ ကာကွယ်ထိန်းသိမ်းခြင်း၊
- တူးဖော်သုတေသနပြုလုပ်ငန်းအဖွဲ့မှ မြောက်ဦးနန်းတော်ရာကုန်း တူးဖော်သုတေသနပြုခြင်း၊ တူးဖော်တွေ့ရှိရသော အထောက်အထားများအား ဓာတ်ပုံမှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာရေးသားခြင်း၊
- ရှေးဟောင်းပစ္စည်းများ မှတ်တမ်းပြုစုရေးဆပ်ကော်မတီမှ မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်ရှိ တူးဖော်တွေ့ရှိရသော အထောက်အထားများအား ဓာတ်ပုံမှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာရေးသားခြင်း၊
- ရှေးဟောင်းပစ္စည်းများ မှတ်တမ်းပြုစုရေးဆပ်ကော်မတီမှ မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်၊ ကျောက်တော်မဟာမုနိပြတိုက်နှင့် ဆန္ဒမုနိပြတိုက်အတွင်းရှိ ရှေးဟောင်းပစ္စည်းများအား စာရင်းကောက်ယူခြင်းနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းနှင့် ပေါက်တောမြို့နယ်များရှိ သက်တမ်းနှစ် ၁၀၀ ကျော်ရှိသော သာသနာရေးအဆောက်အအုံ ၈၇ ခုကို မှတ်တမ်းတင်ခြင်း။

**နယ်စပ်ဆိုင်ရာ ကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး**

နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် စပ်လျဉ်း၍ ၈-၅-၂၀၁၈ ရက်နေ့နှင့် ၂၃-၅-၂၀၁၈ ရက်နေ့တို့တွင် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံပြောကြားပြီး မြန်မာနိုင်ငံက ကန့်ကွက်ကြောင်းကို သတိထောက်လှာပေးအပ်ခဲ့ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ရင်းနှီးမြှုပ်နှံမှုပြုလုပ်မယ်ဆို တစ်နေရာတည်းမှာရင်းနှီးမြှုပ်နှံမှာထက် နည်းနည်းစီခွဲပြီး ရင်းနှီးမြှုပ်နှံသင့်တယ် အစုရှယ်ယာဈေးကွက်မှာ ရင်းနှီးမြှုပ်နှံတဲ့အခါ ကာလရှည်အကျိုးအမြတ်ရရှိစေတယ်

ဒေါက်တာ နန်းလဲ့ရည်စိုး

## နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဌေးချွန်နှင့် ဒေါ်တင်မေဦး၊ ရန်ကုန်စတော့အိတ်ချိန်းမှ ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းနိုင်ဦး၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (Myanmar Securities Exchange Centre Co. ,Ltd.- MSEC) မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ယဉ်မြတ်မင်းနှင့် TMH Telecom Public Co., Ltd. မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နန်းလဲ့ရည်စိုးတို့က ပါဝင်ဆွေးနွေးကြသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

*ယမန်နေ့မှအဆက်*

နောက်တစ်ခုက ကျွန်မတို့စာရင်းဝင်ခြင်းလုပ်ငန်းစဉ် (Listing Process) ကို ဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့က ဆောင်ရွက်မှု ခန့်မှန်းကြာချိန် (Timeline) ကို သူတို့ကို ဆွဲပေးပါတယ်။ ဒီစာရင်းဝင်ခြင်းလုပ်ငန်းစဉ် (Process) တစ်ခုလုံးမှာဆိုရင် ဘယ်အချိန်မှာ ဘာပြီးအောင် လုပ်ရမယ်ဆိုတာကို ကျွန်မတို့က အမြဲတွန်းအားပေး လုပ်ဆောင်ရပါတယ်။ စာရင်းဝင်လိုတဲ့ကုမ္ပဏီကို ဥပဒေအကြံပေးအဖွဲ့အစည်း (Law Firm) ကလည်း ကျွန်မတို့လိုပဲ တွန်းအားပေးလုပ်ဆောင်နေတဲ့ အပိုင်းတွေ ရှိပါတယ်။

ကျွန်မတို့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) ကတော့ အားလုံးကို ဦးဆောင်ပြီး တွန်းအားပေး ဆောင်ရွက်ရပါတယ်။ အဲဒီတော့မှ စာရင်းဝင်ခြင်းလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့အနေနဲ့ ဒီလိုမျိုး စာရင်းဝင်လိုတဲ့ကုမ္ပဏီတွေကို တွေ့ဆုံမှုတွေပြုလုပ်ပြီး အလားအလာရှိတဲ့ ကုမ္ပဏီတွေကို စာရင်းဝင်ခြင်း အခြေခံလုပ်ငန်းစဉ် (Listing Process) အကြောင်းကို သွားပြီး ရှင်းပြပေးပါတယ်။ စာရင်းဝင်ဖို့ ပြင်ဆင်မှုတွေ ဘာတွေလုပ်ရမယ်ဆိုတာကို ကျွန်မတို့အနေနဲ့ သွားရောက်ပြီးတော့လည်း ရှင်းပြပါတယ်။ ပြီးတော့ ပြည်သူလူထုအသိပညာပေးဖို့ (Public Awareness) အတွက်လည်း ပညာပေးဟောပြောပွဲ (Seminar) တွေကို ဥပဒေအကြံပေးအဖွဲ့အစည်း (Law Firm) တွေ၊ စာရင်းစစ်လုပ်ငန်း (Audit Firm) တွေနဲ့ ပူးပေါင်းပြီးတော့ လုပ်ဆောင်ပေးပါတယ်။

နောက်တစ်ချက်ပြောဖို့ကျန်နေတာက စာရင်းဝင်မယ်ဆိုရင် ဘယ်လောက်ကြာမှာလဲဆိုတဲ့ မေးခွန်းပေါ့။ ကျွန်မတို့အနေနဲ့ကျတော့ စာရင်းဝင်ကုမ္ပဏီ ငါးခုမှာ လေးခုကို စာရင်းဝင်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့တဲ့အဖွဲ့အစည်း ဖြစ်ပါတယ်။ အဲဒီတော့ ဘာကြောင့် ဒီလေးခုကို ဆောင်ရွက်ပေးနိုင်သလဲဆိုရင် ကျွန်မတို့က ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) တွေထဲမှာ သက်တမ်းအရင့်ဆုံး ၁၉၉၆ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့တာဖြစ်တယ်။ ကျွန်မတို့ရဲ့ Partner (အကျိုးတူပူးပေါင်းထားသော အဖွဲ့အစည်း) ဖြစ်တဲ့ Daiwa Securities Group ဟာ စတော့ရှယ်ယာတွေနဲ့ ပတ်သက်တဲ့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း (Securities Business) မှာဆိုရင် ဂျပန်နိုင်ငံမှာ အကြီးဆုံးလေးခုထဲက တစ်ခုဖြစ်ပါတယ်။ အဲဒီတော့ သူတို့ဆီက ကျွန်မတို့က နည်းပညာပိုင်းဆိုင်ရာအကူအညီ (Technical Assistance) တွေ ရပါတယ်။ အဲဒါကြောင့် ကျွန်မတို့က စာရင်းဝင်ကုမ္ပဏီတွေ ငါးခုထဲက လေးခုကို အောင်အောင်မြင်မြင်နဲ့ ဝန်ဆောင်မှုပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ ဆောင်ရွက်တဲ့အခါမှာ ဘယ်လောက်ကြာသလဲ တချို့က မေးကြပါတယ်။ အဲဒီလိုမေးတဲ့အခါ သူတို့ရဲ့ စာရင်းဝင်လိုတဲ့ ကုမ္ပဏီတွေရဲ့ အဆင်သင့်ဖြစ်မှု၊ ဘဏ္ဍာရေးရှင်းတမ်း (Financial Statements) တွေ ပြင်ဆင်တာ အဆင်သင့်ဖြစ်ပြီလား၊ တခြားလိုအပ်တဲ့အချက်တွေလည်း ရှိတယ်ပေါ့၊ အဲဒါတွေ အဆင်သင့်ဖြစ်ပြီလားဆိုတဲ့ အချက်တွေအပေါ်မှာ မူတည်နေပါတယ်။

နောက်တစ်ခုက သူတို့ကို ကျွန်မတို့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company)၊ ဥပဒေအကြံပေးအဖွဲ့အစည်း (Law Firm) နဲ့ စာရင်းစစ်လုပ်ငန်း (Audits Firm) တို့ကနေပြီးတော့ လိုအပ်တဲ့အချက်အလက် (Information) တွေကို တောင်းမယ်ဆိုရင် သူတို့ရဲ့ တုံ့ပြန်မှု (Response) ပေါ့၊ သူတို့က ကျွန်မတို့ တောင်းတာကို မြန်မြန်ဆန်ဆန် ပေးနိုင်သလား စတဲ့အချက် နှစ်ချက်အပေါ်မှာ မူတည်ပါတယ်ရှင့်။



**"အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေဆိုတာ နိုင်ငံ့စီးပွား ထူထောင်ရာမှာ အင်မတန်အရေးကြီးတယ်။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကို တည်ဆောက်တဲ့နေရာမှာ ကော်ပိုရိတ်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လေ ယုံကြည်မှုကို တည်ထောင်ပြီးသားဖြစ်လေဆိုတဲ့အချက်အရ မကြာမီကာလမှာတော့ ပြောင်းလဲလာမယ်။ ဥပဒေအသစ်ကလည်း ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးနေပါပြီ"**

**အစီအစဉ်မှူး ။ ။ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာရင်းဝင်ကုမ္ပဏီတွေ တိုးတက်များပြားလာစေရေးမှာ ဘယ်လိုပံ့ပိုးမှုတွေ၊ ဆွဲဆောင်မှုတွေ ဆောင်ရွက်ပေးသင့်သလဲဆိုတာ စာရင်းဝင်ကုမ္ပဏီတစ်ခုအနေနဲ့ ပြောပြပေးပါဦး။**

**ဒေါက်တာ နန်းလဲ့ရည်စိုး** ။ ။ စာရင်းဝင်ကုမ္ပဏီတစ်ခုအမြင်နဲ့ ပြောရမယ်ဆိုရင် အခုလက်ရှိမှာ ကျွန်မတို့ စာရင်းဝင်ကုမ္ပဏီတွေအတွက် ဝင်ငွေခွန်သက်သာခွင့် ၅ ရာခိုင်နှုန်း ခွင့်ပြုထားပါတယ်။ အဲဒီအတွက် စာရင်းဝင်ကုမ္ပဏီတွေကိုယ်စား နိုင်ငံတော်ကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဒါပေမယ့်လည်း အစုများပိုင်ဆိုင်တဲ့ ကုမ္ပဏီ (Holding Company) ဖြစ်ခဲ့မယ်ဆိုရင်တော့ ပေးသာပေးတာ မရသလိုမျိုး အနေအထားမှာတော့ ရှိနေပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ နောက်ပိုင်းမှာ Holding Company နဲ့ ပတ်သက်ပြီးတော့မှ ပြန်ပြီး စဉ်းစားပေးသင့်တယ်လို့ မြင်ပါတယ်။ အဲဒီလို စဉ်းစားပေးမယ်ဆိုရင် Holding Company တွေအနေနဲ့ စာရင်းဝင်ကုမ္ပဏီအဖြစ် ပိုများလာမယ်လို့ ယုံကြည်မိပါတယ်။ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေကို ကြည့်မယ်ဆိုရင် စာရင်းဝင်ကုမ္ပဏီ ပိုမိုများပြားလာအောင် ဆွဲဆောင်မှုတွေ လုပ်တဲ့အချိန်မှာ ဝင်ငွေခွန်ကို လျှော့ပေးပြီးတော့ ဆွဲဆောင်တာကို တွေ့ရပါတယ်။

ကျွန်မတို့နိုင်ငံမှာ အခုလက်ရှိ ဈေးကွက်သက်တမ်းကလည်း နုနေတဲ့အချိန်ဖြစ်တဲ့အတွက် ကာလတိုအစီအစဉ်အနေနဲ့ ဒီဝင်ငွေခွန် ကင်းလွတ်ခွင့် ၅၀ ရာခိုင်နှုန်းကို နှစ်နှစ် သို့မဟုတ် သုံးနှစ်တန်သည် ပေးသင့်တယ်လို့ ယူဆပါတယ်။ အဲဒီလိုပေးတယ်ဆိုရင်လည်း ကျွန်မတို့ ယခုအချိန်မှာ စာရင်းဝင်ကုမ္ပဏီကလည်း နည်းသေးတယ်။ အဲဒီအတွက်ကြောင့် နိုင်ငံတော်ရဲ့ ဝင်ငွေခွန် သိသိသာသာ လျော့ကျသွားမှာ မဟုတ်ပါဘူး။

ဒါပေမယ့် ဆွဲဆောင်မှုပြုလုပ်တဲ့အခါမှာ ပိုပြီးတော့ ထိရောက်မှု ရှိနိုင်ပါတယ်။ နိုင်ငံတော်အနေနဲ့ ကြည့်မယ်ဆိုရင် နောက်ပိုင်းမှာ စာရင်းဝင်ကုမ္ပဏီက များလာလေလေ အခွန်စည်းကြပ်မှုအပိုင်းမှာ ထိရောက်မှုရှိလာနိုင်တဲ့အတွက်ကြောင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးတွေလည်း ရလာနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ပြင် ဝန်ကြီးဌာနအသီးသီးကနေ စီမံကိန်းကြီးတွေ တင်ဒါခေါ်တဲ့အချိန်မှာ စာရင်းဝင်ကုမ္ပဏီတွေကို ဦးစားပေးသင့်တယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ စာရင်းဝင်ကုမ္ပဏီတွေဆိုတာ အဘက်ဘက်ကနေ သေချာစွာစိစစ်ထားတဲ့ ကုမ္ပဏီတွေလည်း ဖြစ်တယ်။ ဒီလိုဖြစ်တဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းအပ်နှံတဲ့အချိန်မှာလည်း လူအင်အား၊ ငွေအင်အားနဲ့ အုပ်ချုပ်မှုအင်အားတွေနဲ့ ပတ်သက်ပြီးတော့ စိတ်ချယုံကြည်လို့ရပါတယ်။ တခြားသင့်လျော်တဲ့ ဦးစားပေးအခွင့်အရေးတွေ ထည့်သွင်းပြီးတော့ စဉ်းစားပေးမယ်ဆိုရင် စာရင်းဝင်ကုမ္ပဏီတွေ တိုးတက်များပြားလာမယ်လို့ ယုံကြည်ပါတယ်။

**အစီအစဉ်မှူး ။ ။ ရန်ကုန်စတော့အိတ်ချိန်းမှာ အဖွဲ့အစည်းရင်းနှီးမြှုပ်နှံသူတွေ ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ဖို့ ဘယ်လိုအစီအစဉ်တွေနဲ့ ဆောင်ရွက်သင့်သလဲဆိုတာ နည်းနည်းလောက် ရှင်းပြပေးပါဦး။**

**ဒေါ်တင်မေဦး** ။ ။ ဈေးကွက်အေးနေတယ်ဆိုတာ တကယ်တော့ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံတဲ့လူတွေပဲများနေလို့ပါ။ အဖွဲ့အစည်းရင်းနှီးမြှုပ်နှံတဲ့သူက မရှိဘူးဖြစ်နေတာ၊ အဲဒီတော့ တခြားနိုင်ငံတွေကြည့်မယ်ဆိုရင် ပင်စင်ရန်ပုံငွေ၊ အိုနာစာရန်ပုံငွေ၊ ကုမ္ပဏီတွေရဲ့ အိုနာစာရန်ပုံငွေ၊ လူမှုဝန်ထမ်း၊ လူမှုဖူလုံရေး အဲဒီလိုအဖွဲ့အစည်းတွေက ရန်ပုံငွေတွေကို စတော့အိတ်ချိန်းမှာ ရင်းနှီးမြှုပ်နှံဖို့ ခွင့်ပြုတယ်။ ခွင့်ပြုတဲ့အခါကျတော့ အဲဒီငွေတွေကို တိုးပွားအောင်လုပ်ပေးနိုင်တဲ့အတွက် သူတို့အတွက်လည်း ပိုအကျိုးရှိတယ်။

နောက်တစ်ခုက နိုင်ငံတော်ကလည်း ပင်စင်အတွက် စိတ်ပူစရာမလိုဘူး။ သူ့ရန်ပုံငွေနဲ့သူ လည်ပတ်အောင်လုပ်နိုင်တဲ့အတွက် နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးတစ်ခု လျော့ကျနိုင်တယ်။ တခြားနိုင်ငံတွေမှာ အလုပ်သမားများ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Employee Investment Scheme) ဆိုပြီးလည်း ရှိတယ်။ ကိုယ့်အလုပ်သမားတွေကို ကိုယ့်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံအောင်ဆိုပြီးတော့ လုပ်ပေးတယ်။ အဲဒီတော့ ကုမ္ပဏီတိုးပွားလာတာနဲ့အမျှ အလုပ်သမားတွေအနေနဲ့ ကုမ္ပဏီကြီးပွားလေ သူတို့ရဲ့ပိုင်ဆိုင်မှုကလည်း တက်လာလေဆိုတော့ အဲဒီအစီအစဉ်က အများကြီးအကျိုးရှိပါတယ်။

**အစီအစဉ်မှူး ။ ။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်အရ မြန်မာနိုင်ငံရဲ့ စတော့ရှယ်ယာဈေးကွက်မှာ တိုးတက်ပြောင်းလဲမှုများ ဖြစ်လာနိုင်ပါသလား။**

**ဦးဌေးချွန်** ။ ။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်အရ ကော်ပိုရိတ်စီမံခန့်ခွဲမှု ပြဋ္ဌာန်းချက်ပါလာတယ်။ ဒါကတော့ ဥပဒေအသစ်ရဲ့ထူးခြားချက်ပါပဲ။ အဲဒီမှာ ဒါရိုက်တာတွေရဲ့ တာဝန်ကိုလည်း သတ်သတ်မှတ်မှတ်ပေးထားတယ်။ ဥပမာ duty of care ဆိုတဲ့ ဂရုတစိုက် ဘယ်လိုလုပ်ရမယ်၊ သစ္စာရှိရမယ်၊ ဥပဒေကို ဘယ်လိုလိုက်နာရမယ်၊ ဖွဲ့စည်းပုံ စည်းမျဉ်းကို ဘယ်လိုလိုက်နာရမယ်ဆိုတာကအစ ဘယ်လို ပွင့်လင်းမြင်သာမှုရှိရမယ်ဆိုတဲ့ စည်းကမ်းချက်တွေ ပါဝင်ပါတယ်။

တစ်ဖက်က Myanmar Institute of Directors (MIOD) တည်ထောင်ပြီး ကုမ္ပဏီဒါရိုက်တာတွေအတွက် ပညာပေးလုပ်ငန်းတွေ လုပ်မယ်၊ အရည်အချင်းပြည့် ဒါရိုက်တာတွေ မွေးထုတ်မယ်။ ကုမ္ပဏီဥပဒေအသစ်အရလည်း ကော်ပိုရိတ်စီမံခန့်ခွဲမှုကို ဥပဒေအရ မလိုက်နာမဖြစ် လိုက်နာရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေပါတယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့နိုင်ငံ ကုမ္ပဏီတွေရဲ့ကော်ပိုရိတ်စီမံခန့်ခွဲမှု အဆင့်အတန်းက မြင့်လာမယ်။ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေဆိုတာ နိုင်ငံ့စီးပွား ထူထောင်ရာမှာ အင်မတန်အရေးကြီးတယ်။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကို တည်ဆောက်တဲ့နေရာမှာ ကော်ပိုရိတ်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လေ ယုံကြည်မှုကို တည်ထောင်ပြီးသားဖြစ်လေ ဆိုတဲ့ အချက်အရ မကြာမီကာလမှာတော့ ပြောင်းလဲလာမယ်။ ဥပဒေအသစ်ကလည်း ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးနေပါပြီ။

**အစီအစဉ်မှူး ။ ။ တစ်ဆက်တည်းမေးလိုတာက ရန်ကုန်စတော့အိတ်ချိန်းမှာ နိုင်ငံခြားကုမ္ပဏီတွေကို စာရင်းဝင်ကုမ္ပဏီအဖြစ်နဲ့ ဖိတ်ခေါ်နိုင်ပါပြီလား။**

**ဦးဌေးချွန်** ။ ။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်က လွယ်ကူချောမွေ့စေရေးအပိုင်းမှာ ထင်ရှားပါတယ်။ လွယ်ကူချောမွေ့စေရေး ဆိုတဲ့အပိုင်းမှာ online နဲ့ ကုမ္ပဏီဖွဲ့စည်းတည်ထောင်လို့ရပြီ။ အင်မတန်လွယ်ပါတယ်။ နာရီဝက်လောက်ဆိုရင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးပါပြီ။ အရင်ဥပဒေတုန်းက နိုင်ငံခြားသား အစုရှယ်ယာ တစ်စုပါရင် နိုင်ငံခြားကုမ္ပဏီဖြစ်သွားတယ်။ ကုမ္ပဏီတည်ထောင်တဲ့ အချိန်ကနေစပြီးတော့ ကုမ္ပဏီသက်တမ်းတစ်လျှောက်လုံးမှာ ကွာခြားချက်တွေ ရှိတယ်။ ကုမ္ပဏီဥပဒေအသစ်အရဆိုရင် မြန်မာကုမ္ပဏီနဲ့ နိုင်ငံခြားကုမ္ပဏီကွာခြားချက် မရှိတော့ပါဘူး။

*စာမျက်နှာ ၁၁ သို့*

# တောင်သာ၌ ရှေးဟောင်းဘုရားဆင်းတုတော်များ တွေ့ရှိ

**တောင်သာ အောက်တိုဘာ ၄**



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်း ကိုင်းကျေးရွာအုပ်စု ကျောက်ဆောက်ကျေးရွာရှိ ရှေးဟောင်းရွှေဂူကြီး ဘုရားဝင်းအတွင်း တည်ထားကိုးကွယ်သော ဦးရွှေစင်ဘုရားမှာ အောက်တိုဘာ ၄ ရက်နံနက် ၁၀ နာရီခွဲကမိုးရွာသွန်းမှုကြောင့် ပြိုကျပျက်စီးခဲ့ရာမှ ရှေးဟောင်းကြေးဘုရားဆင်းတုတော် ၂၆ ဆူ၊ ကျောက်ဆင်းတုငါးဆူ၊ ဓာတ်တော်မြေအိုးနှင့် ဓာတ်တော်ပုလင်းများ၊ ကြွေစဥ့်ခွက်အကွဲများ၊ မြေအိုးကွဲများနှင့် ကျောက်လင်ပန်းနှစ်ခုတို့ တွေ့ရှိခဲ့သည်။ ကျောက်ဆောက် ရွှေဂူကြီးဘုရားသည် ပုဂံရွှေဂူကြီးဘုရားနှင့် ပုံစံတူ ဖြစ်ကြောင်း၊ ယခုတွေ့ရှိသော ဘုရားများမှာလည်း ပုဂံခေတ်ကရှေးဘုရားများ ဖြစ်နိုင်ကြောင်း ကျောင်းထိုင်ဆရာတော် ဦးစန္ဒိမာက ပြောကြားသည်။

ရှေးဟောင်းဘုရားရုပ်ပွားတော်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဂေါပကအဖွဲ့များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ရှေးဟောင်းသုတေသနဦးစီးဌာနသို့ တင်ပြသွားမည်ဖြစ်သည်။

ယခုစေတီ တော်သန့်ရှင်းရေးနှင့် တွေ့ရှိသော ရှေးဟောင်းရုပ်ပွားတော်များ ထပ်မံမပျက်စီး၊ မပျောက်ပျက်စေရေးကို ဆရာတော်နှင့် ကျေးရွာလူကြီးများက ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်ခဲ့ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

# ကယားပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာအချို့နှင့် လယ်မြေအတွင်း ရေဝင်မှုဖြစ်

**လွိုင်ကော် အောက်တိုဘာ ၄**

ကယားပြည်နယ်တွင် အောက်တိုဘာ ၃ ရက်နံနက်ပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်ပြီး လယ်မြေအတွင်း ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သည်။

ဒီးမော့ဆိုမြို့နယ် ဘုရားဖြူကျေးရွာနှင့် ဖောင်းတောကျေးရွာတို့တွင် နေအိမ်အတွင်းသို့ ရေဝင်မှုဖြစ်ပွားခဲ့ပြီး ဆင်တောင်ကျေးရွာအုပ်စု ဝီသဲကူးမြောက်ကျေးရွာ အရှေ့ဘက်ရှိ ကွင်းအမှတ် (၇၇)၊ (၈၄) နှင့် (၈၅) တို့တွင် စိုက်ပျိုးပြီး လယ်မြေဧက ၅၀ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဒီးမော့ဆိုမြို့နယ် ဒေါတော်ကူး-လားလဲကျေးရွာချင်းဆက် လမ်းရှိ တံတားတစ်စင်း ရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်း ပျက်စီးခဲ့သည်။

အလားတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးဗြဲလက်ဝဲမြောင်းမကြီး ရေလျှံပြီး လွိုင်ကော်မြို့နယ် ပီကင်းကောခူကျေးရွာတွင် အိမ်ခြေ ၂၆ အိမ်၊ ဝါရီကောခူကျေးရွာတွင် အိမ်ခြေ ၆၆ အိမ် ရေဝင်ခဲ့သည်။ ထို့ပြင် လယ်မြေ ၂၅ ဧက ရေကြီးနစ်မြုပ်ခဲ့ပြီး လယ်ယာကုန်ထုတ်လမ်း မြေသားပြိုကျမှုများလည်း ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ရေဝင်မှုဖြစ်ပွားသော ကျေးရွာများသို့ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ကျေးရွာများအတွက် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန်အတွက် ဘုရားဖြူကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ပီကင်းကောခူနှင့် ဝါရီကောခူကျေးရွာတို့တွင် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများကို လည်းကောင်း ပေးအပ်ခဲ့သည်။ ကျေးရွာနေပြည်သူများက ရေနုတ်မြောင်းများ၊ တာပေါင်များ ဆောင်ရွက်ပေးနိုင်ရေး တင်ပြလာမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လွိုင်ကော်မြို့နယ်အတွင်း ရေလျှံသည့် နောင်ယားဈေး၊ ထေးငှားလျားကန်ရေနုတ်မြောင်းနှင့် သီရိမင်္ဂလာတောင်ဈေးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်စေရေး၊ ရေမြောင်းများ သန့်ရှင်းရေး၊ လျှပ်စစ်မီးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများက အထူးဂရုပြု ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **ထွန်းလေး**



# မကွေးခရိုင်အတွင်း ရက်ပေါင်း ၃၀ ကြာ လင်းယုန်စီမံချက်ဖြင့် ဖမ်းဆီးရမိမှုပေါင်း ၅၀၀ ကျော်ရှိ

**မကွေး အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်း ခိုးဆိုးလုယက်မှုများ ကင်းဝေးရေးအတွက် လင်းယုန်စီမံချက်ဖြင့် ရက်ပေါင်း ၃၀ ကြာ စစ်ဆေးဖမ်းဆီးမှုများ ဆောင်ရွက်ရာ ဖမ်းဆီးရမိမှုပေါင်း ၅၀၆ မှု၊ တရားခံ ၅၄၅ ဦးကျော်နှင့် ပြေး ၄ ပြေး အမှု ၁၀ မှုပါ ဖမ်းဆီးဆောင်ရွက်နိုင်ခဲ့သည်ဟု မကွေးခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ လင်းယုန်စီမံချက်ဖြင့် မကွေးနှင့် တောင်တွင်းကြီးမြို့တို့တွင် စက်တင်ဘာ ၃ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရဲတပ်ဖွဲ့ဝင် ၂၂၀ ကျော်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကျေးအဖွဲ့ဝင်များပါဝင်ပြီး မြို့ပေါ် ရပ်ကွက်များ၊ အဓိကလမ်းဆုံများ၊ လှည့်ကင်းများ၊ ရပ်ကင်းများဖြင့် မသင်္ကာမှုများကို စစ်ဆေးမှုများ၊ လက်နက်ပုန်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ခိုးဆိုးလုနှိုက်မှုလျော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေး အထူးစီမံချက်(လင်းယုန်စစ်ဆင်ရေး) ကြိုတင်ကာကွယ်ရာ ဖမ်းဆီးရမိမှု လက်နက်ပုန်း ၁၄ မှု၊ လောင်းကစားမှု ငါးမှု၊ မူးယစ်ဆေးဝါး တစ်မှု၊ ပြည့်တန်ဆာ သုံးမှု၊ ခြေချုပ်ခံဝန် နှစ်မှု၊ ရဲအက် ၁၀၅ မှု၊ ယစ်မျိုးတစ်မှု၊ ကျင့် ၅၄ အရ သုံးမှုနှင့် မော်တော်ယာဉ် ၃၇၂ မှု စုစုပေါင်း အမှုပေါင်း ၅၀၆ မှု၊ အမျိုးသား ၄၈၆ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၅၄၆ ဦးတို့အပြင် တရားခံပြေး ခြောက်မှု၊ စစ်ပြေး လေးမှုနှင့် ရဲပြေးတစ်မှု စုစုပေါင်း ၁၁ မှု၊ အမျိုးသား ၁၀ ဦးတို့ကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း မကွေးခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့ဝန်ဆောင်မှုများကို လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိရာ ရဲတပ်ဖွဲ့အင်အားနည်းပါးခြင်း၊ ရဲတပ်ဖွဲ့သို့ ဝင်ရောက်သူနည်းပါးနေခြင်းတို့ကြောင့် ပြည်သူများအတွက် လုံခြုံရေးဆောင်ရွက်ရာ၌ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသာလျှင် ရဲလုပ်ငန်းစဉ်ဆောင်ရွက်မှုများ ပိုမိုအောင်မြင်လာနိုင်မည်ဖြစ်သည်ဟု ဒုခရိုင်ရဲတပ်ဖွဲ့မှူး စိုးဝင်းက ပြောသည်။

**ဇွဲထက်ရှင်**

# ယာဉ်တစ်စီး ချောက်ထဲသို့ထိုးကျ၍ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

**တွန်းဇံ အောက်တိုဘာ ၄**

ချင်းပြည်နယ် တွန်းဇံမြို့နယ် တွီးတူမ်းကျေးရွာအနီး တွန်းဇံ- ကျီခါးလမ်းပေါ်ရှိ ကီလိုမီတာ၅၀- ၅၁ အကြားတွင် အောက်တိုဘာ ၄ ရက် ညနေ ၃ နာရီ မိနစ် ၄၀ က ယာဉ်တစ်စီးချောက်ထဲသို့ထိုးကျ၍ လူတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဇမ်ရှင်းဟောက်(၁၉ နှစ်)သည် ယာဉ်အမှတ်7L/----SKAT(ဖြူ)ဖြင့် နတ်ဇန်ကျေးရွာမှ သဲများတင်ဆောင်ကာ နောက်လိုက် ဆွင်ဗျက်ဆန်(၂၀ နှစ် )နှင့် ဒါလ်းဇကပ်(၂၀ နှစ်)နှင့်အတူ တွန်းဇံမြို့သို့ ပြန်တက်လာခဲ့ကြသည်။ ကျီခါး-တွန်းဇံလမ်း ကီလိုမီတာ ၅၀-၅၁ ကြား တွန်းဇံမြို့မှ ငါးဖာလုံခန့်အကွာတွင် အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲသို့ပေ ၁၂၀ ခန့် ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း ဇမ်ရှင်းဟောက်(၁၉ နှစ်)သည် ဒဏ်ရာများဖြင့် အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးသွားခဲ့သည်။ ယာဉ်နောက်လိုက် ဆွင်ဗျက်ဆန်(၂၀ နှစ် )နှင့် ဒါလ်းဇကပ်(၂၀ နှစ်) တို့သည် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ဖွဲ့စည်းတည်ထောင်တဲ့အခါ အရင်တုန်းကဆိုရင် ပါမစ်ဆိုတာ လျှောက်ရတယ်။ အခုလျှောက်ဖို့မလိုတော့ဘူး။ ဘာပဲကွာသလဲဆိုရင် အဓိကအချက်က စတင်တည်ထောင်တဲ့အချိန်မှာ နိုင်ငံခြားကုမ္ပဏီဆိုရင် DICA ကို အကြောင်းကြားရမယ်။ နောက်တစ်ခါ အစုရှယ်ယာတွေ ရောင်းရင်းဝယ်ရင်းနဲ့ နိုင်ငံခြားသား ပိုင်ဆိုင်မှု ၃၅ ရာခိုင်နှုန်းကျော်သွားရင် နိုင်ငံခြားကုမ္ပဏီဖြစ်သွားတဲ့အခါ DICA ကို အကြောင်းကြားရမယ်။ နှစ်ပတ်လည်အစည်းအဝေး ကျင်းပတဲ့အခါမှာ နိုင်ငံခြားကုမ္ပဏီဖြစ်ပါက DICA သို့ အကြောင်းကြားရမယ်။ ဒီအချက် သုံးချက်ပဲ ဆောင်ရွက်ရပါမယ်။ နောက်တစ်ခု အရင်ဥပဒေတုန်းက နိုင်ငံခြားကုမ္ပဏီတွေမှာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတည်ထောင်ဖို့ ကန့်သတ်ချက်တွေရှိတယ်။ အခုဥပဒေအရ နိုင်ငံခြားကုမ္ပဏီဟာ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီထောင်လို့ရတဲ့အတွက် အများပြည်သူကို အစုရှယ်ယာ ရောင်းချနိုင်တယ်။ အဲဒါက အစုရှယ်ယာထုတ်ဝေတဲ့ ကုမ္ပဏီတွေ (Issuer) အပိုင်းဖြစ်ပါတယ်။ Investor အပိုင်းကကြည့်မယ်ဆိုရင် လက်ရှိစာရင်းဝင်ကုမ္ပဏီတွေမှာ နိုင်ငံခြားသား အစုရှယ်ယာရှင်တွေဟာ ၃၅ ရာခိုင်နှုန်းအထိ ဝယ်ယူခွင့်ရှိမယ်။ လက်ရှိစာရင်းဝင်ကုမ္ပဏီတွေက သူတို့ဘယ်လောက်အထိ လက်ခံမယ်ဆိုတဲ့ ဆုံးဖြတ်ချက်အပေါ်မှာ မူတည်တယ်။ အဲဒီမှာ ဘာတွေထူးခြားလာမလဲ။ တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူ (Individual Investor) တွေရော၊ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူ (Institutional Investor) တွေရော ပိုမိုများပြားလာမယ်။ ဒါကြောင့် စတော့ရှယ်ယာဈေးကွက် ပိုမိုပြီးတော့ မြန်ဆန်သွက်လက်လာမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ အများပြည်သူ(ရင်းနှီးမြှုပ်နှံသူ)များ အနေနဲ့ စတော့ရှယ်ယာဈေးကွက်မှာ စုဆောင်းငွေထဲက တစ်စိတ်တစ်ပိုင်းကို ဘာကြောင့် ရင်းနှီးမြှုပ်နှံသင့်သလဲ။ ဘယ်အချိန်မှာ ရင်းနှီးမြှုပ်နှံသင့်သလဲ။ ဘယ်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံသင့်သလဲ။ ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ ဘယ်လိုစဉ်းစားဆုံးဖြတ်ချက် ချရမလဲဆိုတာကို ရှင်းလင်းပြောကြားပေးပါ။**

**ဒေါက်တာနန်းလဲ့ရည်စိုး** ။ ။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မယ်ဆိုရင် တစ်နေရာတည်းမှာ ရင်းနှီးမြှုပ်နှံမှုထက်စာရင် နည်းနည်းစီ နေရာခွဲပြီး ရင်းနှီးမြှုပ်နှံသင့်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် တချို့တွေက ရွှေဝယ်တာကြိုက်တယ်။ တချို့က အိမ်ခြံမြေဈေးကွက်မှာ ရင်းနှီးမြှုပ်နှံကြတယ်။ တချို့က ဘဏ်မှာပဲ စုဆောင်းတယ်။ အဲဒါတွေအပြင် အစုရှယ်ယာဈေးကွက် (Stock Market) ပေါ်လာတဲ့အတွက်ကြောင့် Stock Market မှာလည်း ရင်းနှီးမြှုပ်နှံသင့်တယ်လို့ အကြံပေးချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီမှာရင်းနှီးမြှုပ်နှံတဲ့အခါ ကာလရှည်အတွက် အကျိုးအမြတ်အများကြီးကို ရရှိစေပါတယ်။ စတော့ရှယ်ယာမှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကုမ္ပဏီတစ်ခုမှာ ရှယ်ယာဝင်လိုက်တယ်ဆိုရင် ကုမ္ပဏီရဲ့ တစ်စိတ်တစ်ဒေသကို ပိုင်ဆိုင်တာနဲ့အတူတူပဲ၊ ဒုတိယဝန်ကြီး ဆွေးနွေးသွားတဲ့ အထဲမှာလည်း ပါပါတယ်။

ကုမ္ပဏီကမြတ်မယ်ဆိုရင် ကျွန်မတို့ အမြတ်ဝေစုရမယ်။ ရှယ်ယာဈေးတွေ တက်သွားမယ်ဆိုရင် အမြတ်ငွေရရှိမယ်။ ကုမ္ပဏီမှာ အစုရှယ်ယာဝယ်ရင် ဘယ်အချိန်မှာ ဝယ်သင့်သလဲဆိုတော့ စတော့ရှယ်ယာဈေးကွက်မှာ အတက်နဲ့ အကျဆိုတာတော့ ရှိတယ်။ အကျမှာ ဝယ်ပြီးတော့မှ အတက်မှာ ရောင်းသင့်တယ်။ အခုမြန်မာနိုင်ငံမှာဖြစ်နေတဲ့ အနေအထားက ကျတဲ့အချိန်ဆိုရင် အားလုံးက ဒီထက်ကျသွားမှာ စိုးရိမ်တဲ့အတွက်ကြောင့် အပြိုင်အဆိုင်ရောင်းကြတယ်။ အဲဒီအတွက်ကြောင့် ဈေးက ပိုပြီးတော့မှ ကျသွားတယ်။ တက်တဲ့အချိန်မှာ အပြေးလိုက်ဝယ်တယ်။ ဘာလို့လဲဆိုတော့ ဈေးက တက်သွားမှာစိုးလို့ အဲဒီလိုမျိုး ပြောင်းပြန်တွေ ဖြစ်နေတယ်။

အမှန်တကယ်တော့ ဈေးကျနေတဲ့အချိန်မှာ ဝယ်ထားပြီးတော့ ဈေးတက်တဲ့အချိန်မှာ ရောင်းသင့်တယ်။ စတော့ရှယ်ယာရဲ့ သဘောသဘာဝကလည်း စက်ဝိုင်းလိုဖြစ်နေတယ်။ တက်သွားတယ်ဆိုရင် ပြန်ကျတယ်။ ကျသွားပြီးတဲ့အချိန်မှာ ပြန်တက်လာတတ်တယ်။ ဘယ်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံသင့်သလဲဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး စတော့အိတ်ချိန်းမှာ စာရင်းဝင်ထားတဲ့ ကုမ္ပဏီရဲ့အချက်အလက်တွေကို သေချာလေ့လာ ဆုံးဖြတ်ချက်ချပြီးတော့ ဈေးကျတဲ့အချိန် ပေါင်းစပ်ပြီး ဝယ်သင့်တယ်လို့ အကြံပေးချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဒုတိယဝန်ကြီးကို မေးလိုတာက စတော့ရှယ်ယာဈေးကွက် တိုးတက်အောင်ကော်မရှင်အနေနဲ့ ဆောင်ရွက်မယ့် ရှေ့လုပ်ငန်းစဉ်တွေကိုလည်း သိပါရစေ။**

**ဒုတိယဝန်ကြီး** ။ ။ ကျွန်တော်တို့ စကားဝိုင်းပထမပိုင်းမှာ ဆွေးနွေးခဲ့တဲ့ Four I ဖြစ်တဲ့ Issuer၊ Investor၊ Infrastructure နဲ့ Intermediary အပိုင်းတွေမှာ စတော့အိတ်ချိန်းလည်း ထောင်ထားတယ်၊ Infrastructure တွေဖြစ်တဲ့ICT Platform တွေ လုပ်ပေးထားတယ်။ ဒါကြောင့် နိုင်ငံတော်အပိုင်းကတော့ ကျွန်တော်တို့ လုပ်ပေးရမယ့် တာဝန်တွေကို ကျွန်တော်တို့ကြိုးပမ်းပြီးတော့ ပြည့်စုံအောင် ဖြည့်ဆည်းပေးထားတယ်လို့ ဆိုချင်ပါတယ်။

အဲဒီတော့ Issuer အပိုင်းနဲ့ Investor အပိုင်းပဲ ကျန်ပါတယ်။ Issuer အပိုင်းလည်း တိုးတက်လာဖို့လိုပါတယ်။ Investor ကလည်း များများသိပြီး များများရွေးချယ်ပြီးတော့ ရင်းနှီးမြှုပ်နှံကြခြင်းအားဖြင့် ကာလရှည်မှာ အကျိုးအမြတ်တွေ ရလာနိုင်မှာပါ။ ကမ္ဘာမှာ၊ အာရှမှာ အချမ်းသာဆုံးဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကို ကြည့်ရင်လည်း အရင်းအနှီးဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံပြီးတော့ ချမ်းသာလာကြတဲ့ လူတွေပဲ ဖြစ်ပါတယ်။ အရင်းအနှီးဈေးကွက်ဆိုတဲ့ သဘောကတော့ ကာလတိုအတွက် ကြည့်တာမဟုတ်ပါဘူး။

ကာလရှည်အတွက်ကို ကြည့်ပြီးတော့ ရင်းနှီးကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မရှင်မှာ Special Task Force (STF) ဆိုပြီး ဖွဲ့ထားပါတယ်။ STF ဦးဆောင်ပြီးတော့ စာရင်းဝင်ကုမ္ပဏီ တိုးပွားလာစေဖို့ ဆောင်ရွက်နေပါတယ်။ လိုအပ်နေသည်များကို ပံ့ပိုးဆောင်ရွက်ပေးလျက် ရှိပါတယ်။ အဲဒါကြောင့် မေးမြန်းချင်တာရှိရင် အချိန်မရွေး ကော်မရှင်ကို ဆက်သွယ်ပြီးတော့ မေးမြန်းနိုင်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်စတော့အိတ်ချိန်းတို့၊ ကော်မရှင်တို့ဆိုတာ ရန်ကုန်မြို့ရဲ့အချက်အချာနေရာဖြစ်တဲ့ ဆူးလေဘုရားလမ်းမှာ ရှိပါတယ်။ အချိန်မရွေး မေးမြန်းလို့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်လက်ကြိုးစားဆောင်ရွက်ပါမယ်လို့ ပြောကြားလိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**

**ရှင်မင်း၊ မွေးကြူ၊ ဓာတ်ပုံ- အေးသန်း (သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမားသည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် တတိယအကြိမ် သီးခြားစီ ရောက်ရှိလာကြသည်။ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေ သီစိုး၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

# မြန်မာယူ- ၂၁ အသင်း ကစားသမားအပြောင်းအလဲပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၄**

နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာယူ-၂၁ အသင်းသည် ကစားသမားအပြောင်းအလဲပြုလုပ်ခဲ့ပြီး ကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၁ (က) အသင်းကို မူလက ကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းခဲ့သော်လည်း ခုနစ်ဦးမှာ ဆူဇူကီးဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းသို့ ပေးထားရသောကြောင့် အပြောင်းအလဲပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ယူ-၂၁ (က) အသင်း ပဏာမလူစာရင်းမှ **ဂိုးသမား**- ဆန်းဆက်နိုင်နှင့် ဘုန်းသစ္စာမင်း၊ **နောက်ခံလူ**- ဝင်းမိုးကျော်၊ ရဲရင့်အောင်နှင့် စိုးမိုးကျော်၊ **ကွင်းလယ်လူ**- လွင်မိုးအောင်နှင့် မြတ်ကောင်းခန့်တို့မှာ လက်ရွေးစင်အသင်း လူစာရင်းတွင်လည်း ပါဝင်နေခြင်းဖြစ်သည်။



မြန်မာ ယူ-၂၁ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။

မြန်မာ ယူ-၂၁ အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်နေပြီး (ခ)အသင်း လေ့ကျင့်မည့်ရက်ကို ပြန်လည်အတည်ပြုမည် ဖြစ်သည်။ မြန်မာယူ-၂၁ (က) အသင်းလူစာရင်းတွင် **နည်းပြချုပ်**- ဦးကြည်လွင်၊ **လက်ထောက်နည်းပြများ** အဖြစ်- ဦးကျော်လွင်၊ ဦးချစ်နိုင်၊ **ဂိုးနည်းပြ**-ဦးမျိုးကျော်အောင်၊ ကစားသမားများ အဖြစ် **ဂိုး**-စိုးအာကာ၊ အောင်မျိုးထွေး၊ ထွန်းနန္ဒဦး၊ **နောက်တန်း**- ဇွဲခန့်မင်း၊ ဇွဲသက်ပိုင်၊ ကျော်သက်ဦး၊ ကျော်သူထွန်း၊ အံ့မော်ဦး၊ ဇင်ရဲနောင်၊ အောင်ဝဏ္ဏစိုး၊ သက်ပိုင်ထွေး၊ **အလယ်တန်း**-အောင်နိုင်ဝင်း၊ ပြည့်စုံနိုင်၊ ဇေယျာနိုင်၊ စိုးလွင်လွင်၊ မြတ်ထွန်းသစ်၊ နန်းထိုက်ဇင်၊ မင်းကိုကို၊ ဇွဲသက်ပိုင်၊ ဟိန်းထက်အောင်၊ **ရှေ့တန်း**- ဝင်းနိုင်ထွန်း၊ စအောင်ပြည့်ကို၊ ဇင်မင်းထွန်း၊ ချမ်းငြိမ်းနှင့် ထက်အာကာလင်းတို့ ပါဝင်ကြသည်။

မြန်မာ ယူ-၂၁ အသင်းသည် ယခုနှစ်ကုန်ပိုင်းတွင် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင်မူ အဓိက နိုင်ငံတကာပြိုင်ပွဲ သုံးပွဲအထက် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

## ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၃၂ သင်းအဆင့် အုပ်စုဒုတိယပွဲစဉ်များကို အောက်တိုဘာ ၂ ရက် ညပိုင်းနှင့် ၃ ရက်၊ ၄ရက်နံနက်ပိုင်းတို့တွင် ယှဉ်ပြိုင်ခဲ့ကြသည်။

ချန်ပီယံလိဂ် ၃၂သင်းအဆင့်တွင် အုပ်စုရှစ်အုပ်စုခွဲကာ တစ်အုပ်စု၌ အသင်းလေးသင်း ပါဝင်ခဲ့သည်။ အုပ်စုဒုတိယပွဲစဉ်များ ယှဉ်ပြိုင်အပြီးတွင် အုပ်စု(က)၌ ဒေါ့မွန်က မိုနာကို ကိုသုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အက်သလက်တီကိုက ကလပ်ဘရုဂ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ပွဲစဉ်နှစ်ပွဲအပြီး ဒေါ့မွန်နှင့် အက်သလက်တီကိုတို့ ရမှတ်ခြောက်မှတ်စီရရှိထားပြီး ကလပ်ဘရုနှင့် မိုနာကိုတို့ အမှတ်မရရှိသေးဘဲ နိုင်ပွဲပျောက်ဆုံးနေသည်။

အုပ်စု(ခ)တွင် စပါးအိမ်ကွင်း၌ ဘာစီလိုနာအသင်း လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး အင်တာက ပီအက်စ်ဗွီ ကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲစဉ်နှစ်ပွဲအပြီးတွင် ဘာစီလိုနာနှင့် အင်တာတို့ ရမှတ်ခြောက်မှတ်စီ ရရှိထားကာ စပါးနှင့် ပီအက်စ်ဗွီတို့ အမှတ်မရရှိသေးပေ။

အုပ်စု(ဂ)တွင် ပီအက်စ်ဂျီက ဇက်ဇက်ဇဒါကို အိမ်ကွင်း၌ ခြောက်ဂိုး- တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူပြီး နာပိုလီက လီဗာပူးကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စုပွဲစဉ်နှစ်ပွဲအပြီးတွင် နာပိုလီက ရမှတ်လေးမှတ်ဖြင့် ဦးဆောင်နေပြီး ပီအက်စ်ဂျီနှင့် လီဗာပူးတို့ ရမှတ်သုံးမှတ်စီရရှိကာ ဇက်ဇက်ဇဒါ အသင်းမှာ တစ်မှတ်သာ ရရှိထားသည်။

အုပ်စု(ဃ)တွင် ပေါ်တိုက ဂါလာတာစာရေးကို တစ်ဂိုး- ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ရှော်လ်ကေးက လိုကိုမိုးတစ်မော်စကို ကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပေါ်တိုနှင့် ရှော်လ်ကေးတို့ ရမှတ်လေးမှတ်စီရရှိထားပြီး ဂါလာတာစာရေးက ရမှတ်သုံးမှတ်နှင့် လိုကိုမိုးတစ်မော်စကိုမှာ အမှတ်မရရှိသေးပေ။

အုပ်စု(င) တွင် လိုင်ယွန်နှင့် ရှက်တာဒိုးနက်ခ်တို့ တစ်ဖက် နှစ်ဂိုးစီသရေကျခဲ့ပြီး မန်စီးတီးက ဟော်ဖန်ဟိမ်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လိုင်ယွန်က ရမှတ်လေးမှတ်ဖြင့်ဦးဆောင်ကာ မန်စီးတီးက သုံးမှတ်၊ ရှက်တာဒိုးနက်ခ်က နှစ်မှတ်နှင့် ဟော်ဖန်ဟိမ်းတို့ တစ်မှတ်သာရရှိထားသည်။

အုပ်စု(စ)တွင် CSKA မော်စကိုက အိမ်ကွင်း၌ ရီးရဲမက်ဒရစ်ကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကာ ရိုးမားက ငါးဂိုး-ဂိုးမရှိဖြင့် ဗစ်တိုးရီးယားပါလ်ဇန်ကို ဂိုးပြတ်အနိုင်ရရှိ ခဲ့သည်။ CSKAမော်စကိုက ရမှတ်လေးမှတ်ဖြင့်ဦးဆောင်ကာ ရိုးမားနှင့် ရီးရဲမက်ဒရစ်တို့ ရမှတ်သုံးမှတ်စီနှင့် ဗစ်တိုးရီးယားပါလ်ဇန်က တစ်မှတ်သာ ရရှိထားသည်။ အုပ်စု(ဆ)တွင် ဂျူဗင်တပ်စ်က ယန်းဘွိုင်းကို သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ မန်ယူနှင့် ဗလင်စီယာပွဲတွင် ဂိုးမရှိသရေကျခဲ့သည်။ အုပ်စုပွဲစဉ် နှစ်ပွဲယှဉ်ပြိုင်အပြီးတွင် ဂျူဗင်တပ်စ် ရမှတ်ခြောက်မှတ်ဖြင့် ဇယားထိပ်တွင် ရပ်တည်နေပြီး မန်ယူ လေးမှတ်၊ ဗလင်စီယာတစ်မှတ်နှင့် ယန်းဘွိုင်းတို့ အမှတ်မရရှိသေးပေ။ ချန်ပီယံလိဂ် အုပ်စုတတိယပွဲစဉ်များကို အောက်တိုဘာ ၂၃ရက် ညပိုင်းနှင့် ၂၄ရက်၊ ၂၅ရက်နံနက်ပိုင်းတို့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **သီဟ**



■ *ကျောဖုံးမှ*

အမျိုးသားနှစ်ယောက်တွဲ **(အပေါ်ပုံ)** အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲပွဲစဉ်ပေါင်း ၁၄၁ ပွဲတို့တွင် အကြိတ်အနယ်ပါဝင်ယှဉ်ပြိုင်ကြသည်။

ယနေ့ကြက်တောင်ရိုက်ပြိုင်ပွဲသို့ အာရှကြက်တောင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ ဒိုင်လူကြီးများ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်တို့မှတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီများနှင့် မန္တလေးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြများ၊ မန္တလေးမြို့မှ ကြက်တောင် အားကစားဝါသနာရှင် ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

▼ *ကျောဖုံးမှ*

မြန်မာ ယူ- ၁၇ အသင်းတွင် **အုပ်ချုပ်သူ**-ဦးစည်သူဝင်း၊ **နည်းပြချုပ်**- ဦးညီညီလတ်၊ **လက်ထောက်နည်းပြ**-ဦးမင်းမင်းထွန်း၊ **ဂိုးနည်းပြ**-ဦးစိန်အေး၊ **ဂိုးသမား**-နေလင်း ထက်၊ စောခူမိုး၊ **နောက်တန်း**-သော်ဇင်ထက်၊ ဝေယံစိုး၊ ညဏ်လင်းထက်၊ ရဲထက်အောင်၊ ကောင်းထက်ဟိန်း၊ ပိုင်စိုးဝေ၊ ချမ်းငြိမ်းဇော်၊ သူရဇော်၊ **အလယ်တန်း**- ဇော်ဝင်းသိန်း၊ ရန်ကျော်စိုး၊ အောင်ကိုဦး၊ ခွန်ကျော်ဇင်ဟိန်း၊ ပြည့်ဖြိုးအောင်၊ နိုင်ထွေး၊ ရဲမင်းကျော်၊ ဩဘာခ၊ **ရှေ့တန်း**-နောင်နောင်စိုးနှင့် လမင်းထွေးတို့ ပါဝင်ကြသည်။ **ရဲရင့်ရှိုင်း**

## တရားလွှတ်တော်ရှေ့နေ ဦးကိုနီအမှုမှ တရားခံပြ သက်သေသုံးဦးအား စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုကြောင့် သေဆုံးသွားသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင် တရားရုံးသို့ ရုံးချိန်းပေါင်း ၈၀ ချိန်းမြောက်အဖြစ် ယနေ့နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိခဲ့ပြီး လူသတ်မှုနှင့် တင်ပြထားသော တရားခံပြ သက်သေသုံးဦးရောက်ရှိ၍ ရုံးချိန်ကုန်ဆုံးသည်အထိ စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး- ၆ ဦးရဲလွင်က "ဒီနေ့ ကျွန်တော်တို့ အထူးတရားခံရုံးမှာ စစ်ဆေးလျက်ရှိတဲ့ မြောက်ပိုင်းခရိုင် တရားရုံးရာဇဝတ်ကြီး အမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုကနေ တရားခံတစ်ဦးဖြစ်တဲ့ အောင်ဝင်းဇော်ဘက်က ပြတဲ့ခံပြသက်သေတစ်ဦးဖြစ်တဲ့ ဒေါ်စန္ဒာညွှန့်နဲ့ အချုပ်လွတ်တရားခံ အောင်ဝင်းထွန်းဘက်က ပြတဲ့ခံပြ သက်သေ ဒေါ်ဌေးဌေးဝင်းနဲ့ သူတို့တရားခံနှစ်ဦးလုံးရဲ့အမေတော်စပ်သူခံပြ သက်သေဒေါ်သန်းသန်းဝင်း(ခေါ်)ဒေါ်အေးအေးဝင်းပါ သုံးဦးကို စစ်ဆေးခဲ့ပါတယ်။ တရားခံအောင်ဝင်းထွန်းရဲ့ခံပြသက်သေ သုံးဦးဆက်စစ်ဆေးမယ်လို့ မနက်ဖြန် အောက်တိုဘာ ၅ ရက် သောကြာနေ့ကို ချိန်းဆိုထားပါတယ်" ဟုပြောသည်။

သတင်းမီဒီယာများ၏ မေးမြန်းချက်ကို ဆက်လက်ဖြေကြားသည်မှာ "ကြည်လင်း(ခ)ဖိုးထူးက တရားခံပြသက်သေ ၁၀ ဦးတင်ပြထားရာက ရှစ်ဦးပယ်လိုက်တဲ့အတွက် နှစ်ဦးစစ်ခဲ့ပြီးဖြစ်တယ်။ အောင်ဝင်းဇော်က တရားခံပြသက်သေ ၁၂ ဦး၊ တင်ပြထားရာက လေးဦးစစ်ပြီးတဲ့အတွက် ရှစ်ဦးကျန်ပါတယ်။ ဇေယျာဖြိုးက တရားခံပြသက်သေ ၂၈ ဦး တင်ပြထားရာမှာ တစ်ဦးမှ မစစ်ရသေးတဲ့အတွက် ၂၈ ဦးလုံး ကျန်တယ်။ အောင်ဝင်းထွန်းက တရားခံပြသက်သေ ယခင် ၁၈ ဦး တင်ပြထားတယ်။ နောက်ထပ်ငါးဦး တိုးတယ်။ ဒီတော့ အောင်ဝင်းထွန်းက ခံပြသက်သေ ၂၃ ဦးဖြစ်တယ်။ ခံပြငါးဦး စစ်ဆေးပြီးတဲ့အတွက် ၁၈ ဦး ကျန်ပါတယ်။ တရားခံကြည်လင်း(ခ)ဖိုးထူးရဲ့ ခံပြသက်သေ စစ်ဆေးတာကုန်သွားပါပြီ။ အောင်ဝင်းဇော်က ခံပြရှစ်ဦး ကျန်တယ်။ အောင်ဝင်းထွန်းက ၁၈ ဦး ကျန်တယ်။ ဇေယျာဖြိုးက ၂၈ ဦး ကျန်တယ်။ အားလုံးပေါင်းလိုက်ရင် တရားခံသုံးဦးရဲ့ တရားခံပြသက်သေ စုစုပေါင်း ၅၄ ဦး စစ်ဖို့ကျန်ရှိမှာဖြစ်တယ်"ဟု ဖြေကြားခဲ့သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကျောက်မဲ- နောင်ချို- ဂုတ်တွင်းလမ်းပိုင်း၌ ၁၀ ဘီးယာဉ်တစ်စီးလဲကျ၍ လမ်းပိတ်ဆို့မှုဖြစ်

**သီပေါ အောက်တိုဘာ ၄**

မန္တလေး၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ- နောင်ချို- ဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ် (၁၃/၄)၌ အောက်တိုဘာ ၃ ရက် ည ၈ နာရီက ပလတ်စတစ်ဖြတ်စ (ကော်ဖြတ်စ)အိတ်များ တင်ဆောင်၍ မြဝတီမှ မူဆယ်သို့သွားမည့် ယာဉ်မောင်း ကိုသန်းဆွေ မောင်းနှင်သည့် ယာဉ်အမှတ်သည် 9L/----- ကုလားမကွေ့ကြောအဆင်းတွင် ကားဘော်ဒီပွင့်ထွက်ပြီး လဲကျကာ ကားလမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်ကြောင့် အတက်၊ အဆင်းယာဉ်များ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားရာ ကျောက်မဲခရိုင် အမှတ် (၁၂၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ကျော်ထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ



ပူးပေါင်းကူညီဆောင်ရွက်မှုကြောင့် ည ၁၀ နာရီတွင် မန္တလေး၊ လားရှိုး၊ မူဆယ်၊ ဂုတ်တွင်းလမ်းပိုင်းပွင့်သွားပြီး အလှည့်ကျစေလွှတ်ကာ ပုံမှန်အတိုင်းသွားလာနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မောင်တောမြို့နယ် နတ်မြစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦးအပါအဝင် လူသုံးဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် နတ်မြစ်အတွင်း လှေတစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦး၊ မောင်တောမြို့နယ် နေသူတစ်ဦးတို့ကို ငွေကျပ်သိန်း ၅၇၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် နတ်မြစ်အတွင်း ရေယာဉ်နှစ်စင်းဖြင့် ကင်းလှည့်စဉ် ယနေ့ နံနက် ၅ နာရီ ကျော်ခန့်တွင် တစ်ဖက်နိုင်ငံသို့ ဦးတည်လှော်ခတ်နေသည့် လှေတစ်စင်းကိုတွေ့ရှိ၍ လိုက်လံဖမ်းဆီးရာ မောင်တောမြို့နယ် သရက်အုပ်ကျေးရွာနေ အလီဆူလီဟာမန် (၂၀ နှစ်)၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာဖ့်မြို့လဲဒက် (တောင်) ကျေးရွာနေ အဘူဆီးဒီး (၂၇ နှစ်) နှင့် တစ်ရွာတည်းနေ လူဘမ်း (၁၈ နှစ်) တို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ နှင့်အတူ ဖမ်းဆီရမိခဲ့ကြောင်း သိရသည်။

၎င်းတို့သုံးဦးကို စစ်မေးရာ မူးယစ်ဆေးဝါးများမှာ မောင်တောမြို့နယ် သရက်အုပ်ကျေးရွာနေ အီလီယက် ၏ ပစ္စည်းများဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ မူဆိုနီဒုက္ခသည်စခန်းတွင်နေထိုင်သည့် နော်ဘီဟူဆောင်းထံ ပို့ဆောင်ရန် ဖြစ်ကြောင်း၊ အလီဆူလီဟာမန်က ပို့ဆောင်ခ ငွေကျပ် ၂၀၀၀၀ နှင့် အဘူဆီးဒီးတို့ နှစ်ဦးက တာကာငွေ ၂၀၀၀၀ စီ ရရှိကြောင်း၊ အလီဆူလီဟာမန်က မူးယစ်ဆေးဝါးများကို သရက်အုပ်ကျေးရွာမှ စတင်သယ်ဆောင်လာပြီး တက္ကနာဖ့်မြို့မှ ထွက်ခွာလာသည့် အဘူဆီးဒီးပိုင် လှေနှင့် အောက်တိုဘာ ၃ ရက် ညသန်းခေါင်ယံတွင် ရွက်ညိုတောင်ချောင်းဝ၌တွေ့ဆုံကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဆက်လက်သယ်ဆောင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာ့ရုပ်မြင်သံကြား

**၅.၁၀.၂၀၁၈(သောကြာနေ့)**

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၇:၃၅ - MRTV Travelogue
- ၈:၃၅ - "မီးတစ်ပွင့်ရဲ့ ရာဇဝင်" (အပိုင်း- ၆)
- ၉:၁၅ - မျက်မှောက်ရေးရာ အဖြာဖြာ
- ၁၀:၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၁:၃၅ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၂:၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၄)
- ၁၃:၁၀ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း - ၁) (ဒါရိုက်တာ - ကြည်စိုးထွန်း)
- ၁၃:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ " မင်္ဂလာပါချောင်းအန်း" (အပိုင်း- ၅)

**ညပိုင်း**

- ၁၆:၂၀ - "၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (ရူပဗေဒဘာသာရပ်)
- ၁၇:၂၅ - Catch Asia News
- ၁၇:၃၀ - Weekly Sport Info
- ၁၈:၂၀ - BBC Click
- ၁၈:၃၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "မှော်ကျောက်စာနှင့် တည်ကြက်"
- ၁၉:၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၅) အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော် (ဒါရိုက်တာ- မင်းခိုက်စိုးစန်)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - "တရားဥပဒေစိုးမိုးရေး စကားဝိုင်း" (အပိုင်း - ၁)
- - Badminton Asia U-17 & U- 15 Junior Championship 2018 ပြိုင်ပွဲအစီအစဉ်
- - "မဲရုံမှူး၊ ဒုမဲရုံမှူး မဲရုံအဖွဲ့ဝင်များနှင့် ဥပဒေ"

# ဖားကန့်၊ ထားဝယ်နှင့် မူဆယ်မြို့နယ်တို့၌ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၄

**မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃ ရက် မွန်းလွဲ ၃ နာရီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု တောင်းကော့ကျေးရွာ အမှတ်(၁)ရပ်ကွက်ရှိ လှမြင့်၏နေအိမ်ကိုရှာဖွေရာ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄၂ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၃ နာရီခွဲတွင် ဆိပ်မူကျေးရွာအုပ်စု တောင်းကော့ကျေးရွာနေ ဝင်းနောင်ကို ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ကာ ယင်းမူးယစ်ဆေးဝါးများကို တစ်ရွာတည်းနေ လောလု(ခ) လိချိန်စာထံမှ ဝယ်ယူခဲ့ခြင်းဖြစ်သဖြင့် လှမြင့် (၄၄ နှစ်)၊ ဝင်းနောင်(၃၆ နှစ်)နှင့် လောလု(ခ)လိချိန်စာ(ဖမ်းမမိသေး)တို့ကို လည်းကောင်း။**

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထားဝယ်မြို့ထိန်သစ်ရပ်ကွက် (B) လမ်းရှိ ညီညီစိုး၏နေအိမ်ကို ရှာဖွေရာ နေအိမ်မှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် အိပ်ခန်းထောင့်မှ တူမီးသေနတ် တစ်လက်၊ မှန်တင်ခုံအံဆွဲအတွင်းမှ ပွိုင့် ၂၂ ကျည် ၄၇ တောင့်၊ ဖုန်းတစ်လုံး၊ ခြံဝင်းအတွင်းရှိ မော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း။

အလားတူ ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် တိန်းလုံကျေးရွာအုပ်စု စန်းဆာကျေးရွာရှိ မအေးယွမ်း၏ နေအိမ်ကိုရှာဖွေရာ နေအိမ်မှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ခင်ပွန်းဖြစ်သူ စိုင်းရီလိုင်မှ ဝယ်ယူခဲ့ပြီး သုံးစွဲရောင်းချရာမှ ကျန်ရှိပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်၌ ငွေကျပ် ၃၆ သိန်းခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ကျည်တောင့်များ သိမ်းဆည်းရမိ

**တာချီလိတ် အောက်တိုဘာ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်၌ အောက်တိုဘာ ၃ ရက်က သတင်းအရ စစ်ဆေးရှာဖွေရာမှ မူးယစ်ဆေးဝါးများနှင့် ကျည်တောင့်များ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု ဒေင်ရွာ အေးရိပ်မြိုင် လမ်းမပေါ်၌ အောက်တိုဘာ ၃ ရက် ညနေ ၆ နာရီကျော်ခန့်တွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ဒုတိယရဲမှူး ကျော်စွာထွန်း ဦးစီးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု ဒေင်ရွာ အေးရိပ်မြိုင်လမ်းမပေါ်တွင် မူးယစ်ဆေးဝါးသတင်းအရ ရှောင်တခင် ပိတ်ဆို့စစ်ဆေးနေစဉ် လွယ်စတုံရွာမှ ဖန်မင်ဘက်သို့ အားဟို မောင်းနှင်ပြီး ယာဉ်နောက်တွင် ပီဆာ လိုက်ပါလာသော တိုယိုတာ ဟိုက်လက်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ရှေ့ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ (ကာလတန်ဖိုးငွေကျပ် ၃၆ သိန်းခန့်)၊ ပွိုင့် ၄၅ ကျည် ၄၅ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အမှုမှ ဖမ်းဆီးရမိသူ အားဟို (၃၅ နှစ်)နှင့် ပီဆာ (၃၆ နှစ်) ရန်ကုန်ရွာ မိုင်းကိုးအုပ်စု တာချီလိတ်မြို့နယ်နေသူ နှစ်ဦးကို တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားရှိပြီး ကွင်းဆက်တရားခံ ဖမ်းဆီးရမိရေးအတွက် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



**ရှောင်လေဝေးဝေး မူးယစ်ဆေး**

# ပိတောက်စားရွေနှင့် မီးသွေးအိတ်များ ရေပူစစ်ဆေးရေးအဖွဲ့ တွေ့ရှိဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉၂ စီး၊ သွင်းကုန် ၅၂၇ စီး၊ ရန်ကုန် - မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၄ စီး၊ သွင်းကုန် ၉၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇ ဒသမ ၄၅၀ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆ သန်း စုစုပေါင်း တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀ ဒသမ ၀၅၀ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ လားရှိုး - ရေပူအကြား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ရေပူရွာအနီး မိုင်တိုင်အမှတ် ၁၉၈ မိုင် ၁ ဖာလုံအနီး ရပ်တန့်ထားသော Mitsubishi Canter ခြောက်ဘီးယာဉ်တစ်စီး၊ Nissan UD ၁၂ ဘီးယာဉ်တစ်စီးနှင့် Isuzu Giga ၁၂ ဘီးယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်စားရွေ ၄ ဒသမ ၄၈၃၆ တန်၊ မီးသွေးအိတ် ၁၀၀၀ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်သုံးစီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇ ဒသမ ၄၅၀ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပျော်ဘွယ် - နတ်မောက် အဆန် (၃) ကားရထား ဘီးချော်တိမ်းမှောက်မှုဖြစ်




**ပျော်ဘွယ် အောက်တိုဘာ ၄**

နတ်မောက်မြို့နယ် လဲဘူးဘူတာမှ ပျော်ဘွယ်ဘူတာသို့ ထွက်ခွာလာသော ပျော်ဘွယ်-နတ်မောက် အမှတ်(၃) အဆန် ကားရထားမှာ ဘီးချော်တိမ်းမှောက်မှုဖြစ်ခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ လဲဘူးဘူတာမှ ထွက်ခွာလာသော အမှတ်(၃)အဆန် စက်ခေါင်းတွဲ အမှတ်(RBE-2550) စက်ခေါင်းမောင်းကိုနိုင်မင်းထွန်း မောင်းနှင်လာသော ကားရထားမှာ ပျော်ဘွယ်မြို့နယ် ရေငံကျေးရွာနှင့် ယုန်ကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် ၂၉၁/၁ နှင့် ၂၉၁/၅ အကြား အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီခန့်တွင် ရထားလမ်းဘီးချော်ပြီး ကားရထားမှာ ရထားလမ်းဘေးသို့ တိမ်းမှောက်ခဲ့သည်။

ကားရထားလမ်းဘီးချော်တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမြင့်လွင်နှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူး ပြည့်ဖြိုးနှင့် တပ်ဖွဲ့ဝင်များ၊ ရမည်းသင်းခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်နှင့် တပ်ဖွဲ့ဝင်များက အခင်းဖြစ်ရာနေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးမှာ ကျိုးပဲ့ဒဏ်ရာများရရှိခဲ့ကြောင်း၊ ၎င်းတို့သုံးဦးကို ရမည်းသင်းမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြောင်း၊ ကျန်ပွန်းပဲ့ဒဏ်ရာရ အမျိုးသမီးကိုးဦးကို ပျော်ဘွယ်မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြောင်းနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက တိမ်းမှောက်ခဲ့သည့်ကားရထားကို ပြန်လည်သယ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# အီရန်အပေါ် အမေရိကန်၏ ပိတ်ဆို့အရေးယူဆောင်ရွက်မှုများ ရပ်တန့်ပေးရန် နိုင်ငံတကာတရားရုံး တောင်းဆို




**သည်ဟိတ် အောက်တိုဘာ ၄**

အီရန်နိုင်ငံက အမေရိကန်နိုင်ငံအား ၁၉၅၅ ခုနှစ် နှစ်နိုင်ငံ ချစ်ကြည်ဆက်ဆံရေး စာချုပ်ကို ချိုးဖောက်ကြောင်း နိုင်ငံတကာတရားရုံး(အိုင်စီဂျေ)သို့ တိုင်ကြားမှုတွင် တရားရုံးက အမေရိကန်နိုင်ငံမှ အီရန်နိုင်ငံအား လူသားချင်းစာနာထောက်ထားမှုနှင့် အရပ်ဘက် လေကြောင်းလုံခြုံရေးဆိုင်ရာ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုအပေါ် ပိတ်ဆို့အရေးယူမှုများ ချက်ချင်းရပ်တန့်ရန် အောက်တိုဘာ ၃ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

နိုင်ငံတကာတရားရုံးက အမေရိကန်နိုင်ငံအား အီရန်နိုင်ငံအပေါ် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှု၊ အစားအသောက်နှင့် စိုက်ပျိုးရေးထွက်ကုန်၊ အရပ်ဘက် လေကြောင်းလုံခြုံရေးအတွက် လိုအပ်သောပစ္စည်းကိရိယာနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအပေါ် ပိတ်ဆို့အရေးယူမှုများ ဖျက်သိမ်းရန်၊ ဖော်ပြပါကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် သက်ဆိုင်သော ခွင့်ပြုချက်များအား အမေရိကန်နိုင်ငံမှ ထုတ်ပေးရန်၊ အမေရိကန်နိုင်ငံမှ သက်ဆိုင်ရာ ငွေပေးချေမှုနှင့် ငွေကြေးလွှဲပြောင်းမှုတို့ကို ကန့်သတ်မှုများ မထားရှိရန် တောင်းဆိုခဲ့သည်။

ထို့အပြင် နိုင်ငံတကာတရားရုံးက အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား အငြင်းပွားမှု ပိုမိုကြီးမားစေမည့် ဆောင်ရွက်မှုများနှင့် ပြဿနာဖြေရှင်းရန် ပိုမိုခက်ခဲစေမည့် လုပ်ဆောင်ချက်များကို ရှောင်ရှားရန် တောင်းဆိုလိုက်သည်။

နိုင်ငံတကာတရားရုံးသည် ကုလသမဂ္ဂ၏ တရားရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး နိုင်ငံတကာဥပဒေအရ နိုင်ငံများကြား ဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

နိုင်ငံတကာတရားရုံးသည် ကုလသမဂ္ဂသက်ဆိုင်ရာ ဌာနအသီးသီးအား ဥပဒေ အကြံပြုချက်ပြုလုပ်ပေးသည့် အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။ **ဆင်ဟွာ**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံ

**ဝါရှင်တန် အောက်တိုဘာ ၄**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီး ဆာ့ရှ်မာမွတ် ကူရာရှီ နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးအတွက် ဆွေးနွေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနောရတ်၏ သတင်းထုတ်ပြန်ချက်အရ မစ္စတာ ပွန်ပီအိုသည် အင်္ဂါနေ့က ပါကစ္စတန် အရာရှိများနှင့် တွေ့ရှိခဲ့ကြောင်း၊ စက်တင်ဘာ ၅ ရက်က အစ္စလာမ္မာဘတ်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့် ပါကစ္စတန်အာဏာပိုင်တို့ တွေ့ဆုံခဲ့ပြီး နှစ်ဦးနှစ်ဖက် နားလည်မှု၊ ဒေသတွင်းဆိုင်ရာပြဿနာများကို ဆွေးနွေးပြီးသည့်နောက် အခုတစ်ကြိမ် ထပ်မံတွေ့ဆုံခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။




ထိုသို့တွေ့ဆုံရာတွင် မစ္စတာ ပွန်ပီအိုက အမေရိကန်ပြည်ထောင်စုသည် ပါကစ္စတန်အစိုးရအသစ်နှင့် အတူလက်တွဲ လုပ်ဆောင်လိုကြောင်း ပြောကြားခဲ့ပြီး အမေရိကန်နှင့် ပါကစ္စတန်တို့ ပူးပေါင်းဆောင်ရွက်ရာတွင် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက ပါကစ္စတန်သည် အာဖဂန် ငြိမ်းချမ်းရေးတွင် အရေးပါပုံကိုလည်း အလေးအနက်ထား ပြောကြားခဲ့သည်။ ယခုအခါ အာဖဂန်နစ္စတန်တွင် ငြိမ်းချမ်းရေးရရှိရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အာဖဂန် တာလီဘန်များအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ကမ်းလှမ်းချက်ကို လက်လွတ်မခံသင့်ကြောင်း မစ္စတာ ပွန်ပီအိုက ပြောသည်။ နှစ်ဦးနှစ်ဖက် အကျိုးများစေမည့် ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သွားရန် နှစ်ဖက်စလုံးက သဘောတူခဲ့ကြကြောင်း သိရသည်။ **ဆင်ဟွာ**

# ယူဂန္ဒာနိုင်ငံတွင် မူလတန်းကျောင်းတစ်ကျောင်းကို မိုးကြိုးပစ်ရာ ကလေးငယ် သုံးဦးသေဆုံး

**ကမ်ပါလာ အောက်တိုဘာ ၄**

ယူဂန္ဒာနိုင်ငံ အနောက်မြောက်ပိုင်း ရန်ဘီခရိုင်တွင် ယမန်နေ့က မိုးကြိုးပစ်မှုကြောင့် အနည်းဆုံး ကျောင်းသား သုံးဦးသေဆုံးပြီး အခြားလူ ၇၃ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

မိုးကြိုးပစ်မှုကြောင့် ကျောင်းသားသုံးဦး နေရာတွင်ပင် သေဆုံးခဲ့ကြောင်း၊ လူအယောက် ၂၀ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး အခြား ၅၃ ဦး ထိခိုက်ဒဏ်ရာ အနည်းငယ်စီရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ဒုတိယပြောရေးဆိုခွင့်ရှိသူ ပက်ထရစ် အွန်ရန်ဂိုက ပြောသည်။

မိုးကြိုးပစ်မှုသည် မူဂိုညို မူလတန်းကျောင်းတွင် ကျောင်းသားများ စာသင်ခန်းအတွင်းရှိနေစဉ် ဖြစ်ပွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒဏ်ရာအပြင်းအထန်ရရှိခဲ့သူ ၂၀ ကို ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ကျန် ၅၃ ဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း အွန်ရန်ဂိုက ပြောသည်။

အလားတူဖြစ်ရပ်မျိုးမှ ရှောင်လွှဲနိုင်ရန် စာသင်ကျောင်းများတွင် မိုးကြိုးလွှဲများ တပ်ဆင်ရန် နိုင်ငံတစ်ဝန်းရှိ ကျောင်းအာဏာပိုင်များကို တိုက်တွန်းခဲ့ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယူဂန္ဒာနိုင်ငံ အမျိုးသားမိုးလေဝသအာဏာပိုင်အဖွဲ့က မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှုများ၊ လေပြင်းမုန်တိုင်းတိုက်ခတ်မှုများနှင့် မိုးကြိုးပစ်မှုများ ဖြစ်ပွားနိုင်ကြောင်း လွန်ခဲ့သည့်လက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မလေးရှားဝန်ကြီးချုပ်ဟောင်း၏ဇနီး ရို့စ်မက်ရှ် မန်ဆော ငွေမည်းခဝါချမှုဖြင့် ဖမ်းဆီးခံရ

**ကွာလာလမ်ပူ အောက်တိုဘာ ၄**

မလေးရှားဝန်ကြီးချုပ်ဟောင်း၏ဇနီးဖြစ်သူ ရို့စ်မက်ရှ် မန်ဆောကို ကြာသပတေးနေ့၌ ငွေမည်းခဝါချမှု၊ အခွန်တိမ်းရှောင်မှု အစရှိသည်တို့ဖြင့် ဆက်နွှယ်နေသည့်အတွက် တရားစွဲဆိုခဲ့သည်။

အသက် ၆၆ နှစ်အရွယ် ရို့စ်မက်ရှ် မန်ဆောသည် ငွေမည်းခဝါချမှု၊ အခွန်တိမ်းရှောင်မှုတို့ဖြင့် စွပ်စွဲထားသော စွဲချက် ၁၇ မှုတွင် အပြစ်မရှိကြောင်း တရားရုံးတွင် လျှောက်ထားခဲ့ပြီး တစ်ဖက်တွင်လည်း ၎င်း၏ခင်ပွန်းဖြစ်သူ နာဂျစ်ရာဇတ်သည်လည်း နိုင်ငံတော်ပိုင် ဘဏ္ဍာငွေများကို အလွဲသုံးမှုဖြင့် ဖမ်းဆီးခံထားရသည်။ ရို့စ်မက်ရှ်သည် မလေးရှားရင်းဂစ်ငွေ နှစ်သန်းတန် အာမခံရရှိထားပြီး ပတ်စ်ပို့ အသိမ်းခံထားရသည်။ သက်သေများနှင့် တွေ့ဆုံခြင်းမပြုရန်လည်း တားဆီးထားသည်။

ယခုစွဲချက်တင်ထားမှုများသည် ရို့စ်မက်ရှ်ကို သူ၏ကျန်ရှိနေသေးသည့် ဘဝတစ်လျှောက်လုံး ထောင်ထဲ၌ပင် ကုန်ဆုံးသွားနိုင်အောင် ပြစ်ဒဏ်ချမှတ်နိုင်သည်။ မစ္စစ် ရို့စ်မက်ရှ်သည် တရားရုံးတွင် ၎င်းပြစ်ဒဏ်မှ သက်သာရရှိစေရေး ထွက်ဆိုပေးရန် သက်သေတစ်ဦးကို ချဉ်းကပ်မှုပြုခဲ့ကြောင်းလည်း ရှေ့နေခေါင်းဆောင် ဂိုပယ်ဆီရီရမ်က ပြောသည်။

ပထမဦးဆုံးစွဲချက် ၁၂ ချက်မှာ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဘဏ်ငွေစာရင်းတစ်ခုထဲတွင် ၎င်းပိုင်ဆိုင်သောငွေ စုစုပေါင်း ရင်းဂစ် ခုနစ်သန်းကျော်ရှိပြီး နောက်ထပ်စွဲချက် ငါးချက်မှာ ဘဏ်အပ်ငွေများအတွက် အခွန်ပေးဆောင်ခြင်းမရှိဘဲ ရှောင်တိမ်းခဲ့သည့်အတွက် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ မစ္စစ် ရို့စ်မက်ရှ်ကို ဗုဒ္ဓဟူးနေ့ညက ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ဖမ်းဆီးပြီးနောက် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးဌာနချုပ်တွင် တစ်ညလုံး စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ဖမ်းဆီးထားစဉ်အတွင်း စစ်မေးမှုများ အကျော့သုံးကျော့ လုပ်ဆောင်ခဲ့သည်။ ထို့နောက် နောက်တစ်နေ့တွင် တရားရုံးသို့ လုံခြုံရေးအပြည့်ဖြင့် ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ရို့စ်မက်ရှ်သည် ဒီဇိုင်းနာများ ထုတ်လုပ်သော အိတ်များ၊ ကျောက်မျက်ရတနာများကို အလွန်နှစ်ခြိုက်သူဖြစ်ပြီး မေလအတွင်း ရွေးကောက်ပွဲတွင် ၎င်း၏ လုပ်ရပ်များကြောင့် အများဝေဖန်စရာ ဖြစ်ခဲ့ရသည်။ **အေအက်ဖ်ပီ**



## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တရုတ်နိုင်ငံသို့ သွားရောက်မည်

**ပေကျင်း အောက်တိုဘာ ၄**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၈ ရက်တွင် လာရောက်လည်ပတ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မကြာသေးမီတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် နှစ်နိုင်ငံ ချစ်ကြည်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများနှင့် ပတ်သက်ပြီး နှစ်ဖက်အမြင်များကို ဆွေးနွေး ဖလှယ်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွမ်းရက်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### သမ္မတဟောင်း ဆာလေ၏ သားနှစ်ဦးကို လွှတ်ပေး

**ယီမင် အောက်တိုဘာ ၄**

ယီမင်ဟူသီသူပုန်များသည် အောက်တိုဘာ ၃ ရက်က ဖမ်းဆီးထားသော ယခင်သမ္မတဟောင်း ဆာလေ၏ သားနှစ်ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးကို ၎င်းတို့ဖခင် သေဆုံးပြီးနောက် ဖမ်းဆီးခဲ့ခြင်းဖြစ်ကာ ၁၀ လကြာ ထိန်းသိမ်းပြီးနောက် ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

သူပုန်ထိပ်တန်းနိုင်ငံရေးကောင်စီအကြီးအကဲ မာဒီမှုရှက်က ဆာလေ၏ သားနှစ်ဦးဖြစ်သည့် ဆာလာနှင့် မက်ရန် ဆာလေတို့နှစ်ဦးကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သူပုန်သတင်းအေဂျင်စီဖြစ်သော ဆာဘားသတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။ အသေးစိတ်အချက်အလက်များကိုမူ ထပ်မံဖော်ပြခြင်းမရှိကြောင်း သိရသည်။

ယခင်သမ္မတဟောင်းနှင့် နီးစပ်သည့် များပြားလှစွာသော နိုင်ငံရေးသတင်းရင်းမြစ်များက ၎င်းတို့နှစ်ဦး လွှတ်မြောက်လာခြင်းသည် အိမ်နီးချင်း အိုမန်နိုင်ငံ၌ အရာရှိများ၏ ကြားဝင်စေ့စပ်မှုကြောင့် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

### အမေရိကန် တောင်ကာရိုလိုင်းနားတွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ တစ်ဦးသေဆုံး

**ဝါရှင်တန် အောက်တိုဘာ ၄**

အမေရိကန်ပြည်ထောင်စု တောင်ကာရိုလိုင်းနားပြည်နယ်တွင် မကြာသေးမီက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့ပြီး တပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးသွားကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြခဲ့သည်။

နောက်ပိုင်းတွင် သေနတ်ပစ်ခတ်သူအား ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ပြည်နယ်အရေးပေါ်အခြေအနေစီမံခန့်ခွဲရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ပစ်ခတ်မှုတွင် သေနတ်ဒဏ်ရာရရှိခဲ့သော ရဲတပ်ဖွဲ့ဝင်များ၏ အခြေအနေကို မသိရသေးကြောင်း၊ သေနတ်ပစ်ခတ်မှုသည် ဒေသတွင်းရှိ နေအိမ်တစ်လုံးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း တောင်ကာရိုလိုင်းနားပြည်နယ် ဖလောရန့်ဒေသအရေးပေါ် အခြေအနေစီမံခန့်ခွဲရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**

# ဗီယက်နမ်သမိုင်းတွင် ဩဇာအကြီးဆုံးဖြစ်လာမည့် သမ္မတ

**ထွန်းသစ်စ**

**ဗီယက်နမ်ကွန်မြူနစ်ပါတီ အကြီးအကဲ ငုယင်ဖူထရန်ကို အောက်တိုဘာ ၃ ရက်က နိုင်ငံ၏ သမ္မတအဖြစ် အဆိုပြုခန့်အပ်ခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ အာဏာအရှိဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်လာရန်အတွက် ခေါင်းဆောင်မှုပိုင်းကို ရွေးချယ်ရာတွင် ရှေးရိုးထုံးတမ်းဓလေ့ကို မပယ်ဘဲ စည်းကမ်းအစဉ်အလာကြီးမားသည့် လုပ်ကိုင်ရာတွင် တိကျပြတ်သားသူကို ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။ ငုယင်ဖူထရန်သည် အဆိုပါအချက်များနှင့် ကိုက်ညီသည့်အတွက် နိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်ခံရခြင်း ဖြစ်သည်။**



### ထိပ်တန်းရာထူးနှစ်ခုရယူခဲ့

နိုင်ငံ၏ ထိပ်တန်းရာထူးနှစ်ခုစလုံးကို လူပုဂ္ဂိုလ်တစ်ဦးတည်းက ရယူမှုမရှိခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။ ယခုအခါ၌ အဆိုပါရာထူးနှစ်ခုစလုံးသည် ကွန်ဆာဗေးတစ်တစ်ဦးဖြစ်ရုံမက ကွန်မြူနစ်ပါတီအတွက် ဦးဆွေးဆံမြည့်ထမ်းရွက်ခဲ့သည့် ထရန်အတွက်များ ဖြစ်လေရော့သလားဟု ဆိုရမလိုဖြစ်နေသည်။ အကြောင်းမှာ ထရန်သည် အကျင့်ပျက်ခြစားမှုများကို ဆန့်ကျင်တိုက်ဖျက်နေပြီး သဘောထားကွဲလွဲမှုများကို စေ့စပ်ရာ၌ အနိုင်မခံ အရှုံးမပေးဘဲ ရန်းကန်ကြိုးစားနေသူတစ်ဦးဖြစ်သလို ယခုကဲ့သို့လုပ်ဆောင်နေသည့် ၎င်းကို ရှေ့ဆောင် ခေါင်းဆောင်ကောင်းတစ်ဦးသို့မဟုတ် ရှေ့ဆောင်တိုက်စစ်မှူးတစ်ဦးအနေဖြင့် ရှုမြင်ရမည်ဖြစ်သည်။

### သမ္မတအဖြစ် ရွေးချယ်အဆိုပြု

ထရန်သည် နိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်အဆိုပြုထားသည့် တစ်ဦးတည်းသောသူဖြစ်သည်။ ယင်းအဆိုပြုချက်ကို အောက်တိုဘာ ၂၂ ရက် လွှတ်တော်၌ အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

“ပါတီဗဟိုကော်မတီက ငုယင်ဖူထရန်ကို နိုင်ငံတော်သမ္မတရာထူး တင်မြှောက်ရန် တစ်ညီတစ်ညွတ်တည်း သဘောတူခဲ့ခြင်းဖြစ်ကြောင်း” ပါတီက ၎င်း၏ ဝက်ဆိုက်စာမျက်နှာတွင် ဖော်ပြခဲ့သည်။

ယခုလို အချိန်သမယတွင် နိုင်ငံတော်၏ သမ္မတအဖြစ် တင်မြှောက်မည့် ငုယင်ဖူထရန်ကို ယခင်သမ္မတဟောင်း ကျန်ဒိုင်ကွမ်နေရာတွင် အစားထိုးသွားမည်ဖြစ်သည်။ ကျန်ဒိုင်ကွမ်သည် နှစ်နှစ်ကြာ နိုင်ငံ၏ သမ္မတတာဝန်ထမ်းဆောင်ပြီးနောက် ကာလရှည်ကြာ အဖျားရောဂါခံစားခဲ့ရကာ အသက် ၆၂ နှစ်အရောက်တွင် ကွယ်လွန်အနိစ္စရောက်ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ အခန်းကဏ္ဍကို အခမ်းအနား အဆောင်အယောင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပပြုလုပ်ရသော်လည်း ထရန်ကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်လိုက်ခြင်းက ၎င်းကို နိုင်ငံ့အကြီးအကဲတစ်ဦးဘဝသို့ တရားဝင်ဖြစ်စေရုံသာမက ပါတီ၏ အကြီး အမှူးအနေဖြင့်လည်း ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

### ပထမဆုံးဖြစ်

ဟိုချီမင်း လက်ထက်ကစကာ ယခုအချိန်အထိ နိုင်ငံ၏ ထိပ်တန်းရာထူးနှစ်ခုစလုံးဖြစ်သည့် နိုင်ငံ့ဦးသျှောင်အနေဖြင့်သာမက ပါတီအကြီးအကဲ အနေဖြင့်ပါ လူပုဂ္ဂိုလ်တစ်ဦးတည်းက ရယူသည်မှာ ပထမဆုံးဖြစ်ကြောင်း သိရသည်။ ၁၉၆၀ ပြည့်လွန်နှစ်များကလည်း ယခုကဲ့သို့ နိုင်ငံထိပ်တန်းနေရာနှစ်ခုစလုံးကို ဗီယက်နမ်လွတ်လပ်ရေးဖခင်ကြီးလည်းဖြစ်၊ ကွန်မြူနစ်ပါတီတည်ထောင်သူလည်းဖြစ်သည့် ဟိုချီမင်းက တာဝန်ယူခဲ့ရကြောင်း သိရသည်။

ထရန်ကို ၁၉၄၄ ခုနှစ်၌ ဟနွိုင်းတွင် မွေးဖွားခဲ့သည်။ နောက်ပိုင်းတွင် ထရန်သည် ကွန်မြူနစ်ပါတီ၏ အားထားရသူတစ်ဦးဖြစ်လာခဲ့ပြီး ပြည်သူ့အရှုပ်တော်ပုံများကို နည်းပရိယာယ်ကြွယ်ကြွယ် လုပ်နိုင်ခဲ့သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် အိမ်ဖြူတော်၌ ယခင်အမေရိကန်သမ္မတဟောင်း အိုဘားမားနှင့် တွေ့ဆုံရန် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်ခွင့်ရခဲ့သည့် တစ်ဦးတည်းသော ပထမဆုံး ဗီယက်နမ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့သည်။

မူဝါဒပိုင်းဆိုင်ရာ စည်းကမ်းတင်းကျပ်ပြီး ရှေးရိုးစွဲဆန်သည့် ထရန်သည် ၎င်း၏ တာဝန်ကိုထမ်းဆောင်နေစဉ် ၎င်းမှာ မည်သို့သောသူမျိုးဖြစ်သည်ကို ပြသခဲ့သည်။ ထရန်သည် ၂၀၁၆ ခုနှစ် ပါတီအတွင်းရေးမှူးအဖြစ် ပြန်လည်အရွေးခံရပြီးနောက်ပိုင်းတွင် ပါတီ၏ နိုင်ငံရေးဆိုင်ရာ အယူအဆများကို ကွန်ဆာဗေးတစ်ပုံစံ ပြုပြင်ခဲ့သည်။

### အကျင့်ပျက်ချေမှုန်းရေးစစ်ပွဲ

ထရန်သည် ယခင်ကတည်းက ပါတီထဲတွင် လွှမ်းမိုးမှုရှိပြီး ဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံရေးအပြောင်းအလဲတွင် တစ်ပါတီစနစ်ကျင့်သုံးသည့် ဗီယက်နမ်နိုင်ငံအနေဖြင့် နိုင်ငံရေးလှုပ်ခတ်မှုများ မရှိနိုင်ဟု နိုင်ငံရေးသုတေသီတို့က သုံးသပ်ခဲ့ကြသည်။

“ထရန်ဟာ အချိန်တစ်ခုအကြာအထိ သူ့လမ်းကြောင်းကို ချနိုင်ခဲ့ပြီး အခုလိုချနိုင်ခဲ့တဲ့အတွက်လည်း နိုင်ငံရေးခေါင်းဆောင်ပိုင်း အပြောင်းအလဲဖြစ်ပေါ်တဲ့အခါ သူ့အနေနဲ့ အံဝင်ခွင်ကျဖြစ်ခဲ့တာပါ” ဟု ဗီယက်နမ်ကျွမ်းကျင်သူ ဂျွန်နသန်လန်ဒန်က ပြောကြားခဲ့သည်။

“သို့သော်လည်း ထရန်တစ်ယောက် အာရှရဲ့ အဆိုးဆုံးအကျင့်ပျက်ခြစားတဲ့ နိုင်ငံဘဝကိုရောက်နေတဲ့ ဗီယက်နမ်နိုင်ငံကို အကျင့်ပျက်နွံထဲက ဆွဲထုတ်ဖို့ အကျင့်ပျက်ခြစားမှု ချေမှုန်းရေးစစ်ပွဲတွေ ယခုထက်ပိုပြီး ဆင်နွှဲရနိုင်ခြေရှိတယ်” ဟု လန်ဒန်က ဆက်လက်ပြောကြားခဲ့သည်။

အကျင့်ပျက်ခြစားမှု ချေမှုန်းရေးစစ်ပွဲအတွင်း အမှုဆောင်အရာရှိများ၊ ဘဏ်အကြီးအကဲများ၊ အစိုးရထိပ်ပိုင်းခေါင်းဆောင်များ စသည့်သူများ သံတိုင်နောက်ရောက်ခဲ့သလို သန့်ရှင်းသော အစိုးရဖြစ်ရေးလည်း ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့သည်။

ယခုကဲ့သို့ လုပ်ရခြင်း၏ ရည်ရွယ်ချက်သည် နိုင်ငံရေးနှင့်သက်ဆိုင်သော ရန်သူများကို ရှင်းလင်းနှိမ်နင်းခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့သည်။

ထရန်က အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး လုပ်ဆောင်ချက်များကို ရှေ့တိုးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်။

### စိတ်ရှည်ဖို့လို

“ဒါဟာ တကယ့်ကို ရှုပ်ထွေးတဲ့၊ ခက်ခဲတဲ့ တိုက်ပွဲတစ်ခုပါ။ ဒါကို ကာလရှည်ကြာ တိုက်ပွဲဝင်သွားရမှာဖြစ်ပြီး ဆက်လက်ပြီးတော့လည်း တိုက်ပွဲဝင်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စိတ်ရှည်ဖို့ လိုအပ်ပါတယ်” ဟု ဩဂုတ်လက ကျင်းပခဲ့သည့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး အစည်းအဝေးမှာ ထရန်က ပြောကြားခဲ့သည်။

၎င်း၏ ကွန်ဆာဗေးတစ်အစိုးရသည် အစိုးရနှင့် သဘောထားကွဲလွဲ ဆန့်ကျင်သူများကို ရက်စက်သည့် တိုက်ခိုက်မှုများ လုပ်ဆောင်နေသည်ဟုဆိုကာ အရပ်ဘက်အခွင့်အရေးအုပ်စုများက စွပ်စွဲခဲ့ကြသည်။ အဆိုပါနှိမ်နင်းတိုက်ခိုက်မှုအတွင်း အနည်းဆုံး လူ ၁၀၀ ခန့် ထောင်ကျနေသည်ဟု Amnesty International က ပြောကြားခဲ့သည်။

၎င်း၏ တာဝန်နှစ်ခုယူထားရသည့်အပေါ် ဗီယက်နမ်ပြည်သူများအကြား ဒေါသထွက်ဖွယ်မရှိကြောင်း သုံးသပ်ရသည်။ ပြည်သူအများစုကလည်း ကွန်မြူနစ်ပါတီနှင့် တစ်နည်းနည်းဖြင့် အနည်းငယ်ပတ်သက်ဆက်နွယ်နေသူများ ဖြစ်ကြသည်ဟု ဆိုသည်။ တချို့ပြည်သူများကလည်း ၎င်း၏ တာဝန်နှစ်ခုကို တစ်ပြိုင်နက်ထမ်းဆောင်ခြင်းက အစိုးရကို ပိုမိုအရည်အသွေး တောက်ပြောင်စေသည်ဟု ပြောသည်။

ဗီယက်နမ်လွတ်လပ်ရေးဖခင်ကြီး ဟိုချီမင်းနှင့် ယခင်ပါတီခေါင်းဆောင်ဟောင်း လီဒွမ်ပြီးနောက် ထရန်သည် ဗီယက်နမ်သမိုင်းတွင် ဩဇာအကြီးဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်လာကြောင်း နိုင်ငံရေးဥပဒေကျွမ်းကျင်ပညာရှင် ထရန်ဗူဟိုင်က ပြောကြားခဲ့သည်။

ယခုလို နိုင်ငံထိပ်တန်း တာဝန်နှစ်ခုကို တစ်ပြိုင်နက်ယူပြီး ၎င်း ဘာလိုချင်သလဲ။ ဘာဖြစ်ချင်သလဲ။ ပါတီ ဘာဖြစ်ချင်သလဲ ဆိုသည့်အပေါ် ၎င်းအနေဖြင့် အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ဆိုထားပါကြောင်း။ ။

**ကိုးကား- အေအက်ဖ်ပီ**

> **“ဟိုချီမင်းလက်ထက်ကစကာ ယခုအချိန်အထိ နိုင်ငံ၏ ထိပ်တန်းရာထူးနှစ်ခုစလုံးဖြစ်သည့် နိုင်ငံ့ဦးသျှောင်အနေဖြင့်သာမက ပါတီအကြီးအကဲအနေဖြင့်ပါ လူပုဂ္ဂိုလ်တစ်ဦးတည်းက ရယူမှုရှိသည်မှာ ပထမဆုံးဖြစ်ကြောင်း သိရ”**

# မသန်စွမ်းသူများ လူမှုအသိုက်အဝန်းအတွင်း အကျုံးဝင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**မကွေး အောက်တိုဘာ ၄**

မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ ရန်ကုန်ရုံးချုပ်နှင့် မကွေးရုံးခွဲတို့မှ စီစဉ်ကျင်းပသည့် မသန်စွမ်းသူများ လူမှုအသိုက်အဝန်းအတွင်း အကျုံးဝင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယမန်နေ့က မကွေးမြို့ ထိန်ထိန်သာဟိုတယ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နန္ဒာနွယ်ဟန်က မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အသေးစားနှင့် အလတ်စား စီးပွားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းက မသန်စွမ်းသူများ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နေမှုများအား ကြိုဆိုဂုဏ်ပြုစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ ဖွံ့ဖြိုးရေးမဏ္ဍိုင်မှ ဒါရိုက်တာ ဒေါ်သက်ဖြူဝေက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ မကွေးနယ်ရုံးခွဲမှ ဥက္ကဋ္ဌ ဦးနေစိုးလင်းက အဖွဲ့ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေနှင့် လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မသန်စွမ်းသူများ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်နေမှုနှင့် လုပ်ငန်းစဉ်များတွင် အကျုံးဝင်ပါဝင်လာနိုင်ရေး၊ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ ၊ အရေးယူတင်ပြပေးနိုင်ရေး၊ လူငယ်များ မသန်စွမ်းဆိုင်ရာအသိပညာများနှင့် ဖွံ့ဖြိုးမှုဆိုင်ရာများ တိုးတက်ရရှိစေရန်ရည်ရွယ် ကျင်းပခြင်းဖြစ်ရာ တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၏ အခြေအနေများ၊ မသန်စွမ်းသူများ အကျုံးဝင်ပါဝင်နိုင်မှု၊ ပညာရေးကဏ္ဍ၊ အလုပ်အကိုင်ကဏ္ဍ၊ နိုင်ငံရေးကဏ္ဍများနှင့် ဆွေးနွေးမှုများအား ပြန်လည်သုံးသပ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ H&S Group နှင့် ဆရာဒုံးသဲ့တို့ စီစဉ်ကျင်းပသည့် (Lethwei Nation Championship) မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၆ ရက် နံနက် ၁၀နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈လမ်း ၃၃လမ်းထောင့်ရှိ ဒိုင်းမွန်းပလာဇာ ငါးလွှာ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတွင် ၄၈ KG Final ပွဲအဖြစ် ချစ်ဆုးငယ် (သထုံ)နှင့် သန့်စင်ထူး (ရွှေဘားလား) ပွဲနှင့် ၇၅ KG Final ပွဲအဖြစ် စိုးမောင်ဦး (ရတနာပုံ)ပွဲတို့ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် ၅ ချီ စိန်ခေါ်ပွဲအဖြစ် အောင်ချင်းလေး (မြန်မာ)နှင့် ဖစ်မူ(ထိုင်း)၊ ဗျူဠ (မြန်မာ)နှင့် ဆင်ထောင်ရိုင်း (ထိုင်း)၊ စိန်မျိုးအောင် (မြန်မာ)နှင့် ဖူထိုင်း (ထိုင်း) တို့ ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

၇၅ KG ပွဲစဉ်များတွင် စောဘဦးတောင်ကလေးနှင့် ရွှေရာမာန် (ရွှေဒေါ်ပုံ)၊ ကျော်စွာဝင်း (ယူနိုက်တက်)နှင့် ကျော်ကြား (တောင်ကလေး)တို့ ပွဲစဉ်များပါဝင်မည်ဖြစ်သည်။

အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီတွင် ကစားသမားများ ဆေးစစ် / ကိုယ်အလေးချိန်ပြုလုပ်မည်ဖြစ်ပြီး ၁၀ နာရီတွင် စာနယ်ဇင်းရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်ကာ ဦးစိုးဇော်ဇော် (Lethwei Nation Promoter) နှင့် ဦးဒေါင်းနီ (ခုံဒိုင်ချုပ်)တို့က ရှင်းလင်းပြောကြားမည်ဟု သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# မောင်တောမြို့၌ အမျိုးသမီးများအတွက် ပန်းအလှပြင် သင်တန်းဆင်းပွဲကျင်းပ

**မောင်တော အောက်တိုဘာ ၄**

ရခိုင်ပြည်နယ် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ အမျိုးသမီးများ ပန်းအလှပြင်သင်တန်းဆင်းပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် သင်တန်းပို့ချခဲ့ရာ သင်တန်းတွင် ပန်း နှင့် ပတ်သက်၍ အလှပြင်နည်းအမျိုးမျိုး၊ အခမ်းအနားများနှင့် ပွဲလမ်းသဘင်များတွင် ပန်းအလှဆင်နည်း အမျိုးမျိုးတို့ကို ပို့ချပေးခဲ့ပြီး ရခိုင်တိုင်းရင်းသူ ၃၅ ဦး တက်ရောက်သင်ယူခဲ့သည်။ သင်တန်း၏ ရည်ရွယ်ချက်မှာ အသက်မွေးဝမ်းကျောင်းပညာတစ်ခု တတ်မြောက်ပြီး မိမိရပ်ရွာမှာပင် အမျိုးသမီးများအနေဖြင့် ဝင်ငွေရရှိစေရန် ရည်ရွယ်ပို့ချခြင်းဖြစ်သည်။



သင်တန်းဆင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ စစ်တွေမြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ကျောင်းအုပ် ဒေါ်လှလှယဉ်၊ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ခံ ဦးကျော်အောင်စိန်၊ ဦးကောင်းမြတ်ထက်၊ ဝန်ထမ်းများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း- ဟိန်းထက်ဇော်**
**ဓာတ်ပုံ-အေးမင်းသူ**

# မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၃ ဦး တာချီလိတ်၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် အောက်တိုဘာ ၄**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၃ ဦးကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ယမန်နေ့က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား အရေအတွက်မှာ ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် အလုပ်သမား ၁၃ ဦးအပါအဝင် အမျိုးသား ၆၁၂၊ အမျိုးသမီး ၂၈၀ နှင့် ကလေး ၃၁ ဦး စုစုပေါင်း ၉၂၃ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# မြို့နယ် ၁၇ မြို့နယ် ခြောက်လအတွင်း စွမ်းအားမြှင့်မီးဖို ၇၀၀၀ ကျော် ဖြန့်ဝေပေးခဲ့

**မုံရွာ အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီးရှိ ရွှေဘို၊ စစ်ကိုင်း၊ မုံရွာနှင့် ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်သို့ ဧပြီလမှ စက်တင်ဘာလအတွင်း စွမ်းအားမြှင့်မီးဖို ၇၂၃၂ လုံးကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံးမှ သိရသည်။

"အပူပိုင်းဒေသတွေမှာ အဓိက ရင်ဆိုင်နေရတာက အပူချိန်မြင့်မားတယ်။ မိုးခေါင်ပြီး ရေရှားတယ်။ အဓိက သစ်တောသစ်ပင်တွေရှားတယ်။ နေ့စဉ် စားသောက်ဖို့အတွက် အသုံးပြုနေတဲ့ ထင်းလောင်စာတွေ သုံးစွဲနေရတယ်။ သစ်ပင်သစ်တောတွေကို မထိခိုက်နိုင်အောင် ထင်းလောင်စာကုန်ကျမှု သက်သာတဲ့စွမ်းအားမြှင့် မီးဖိုဖြန့်ဝေပေးတာကိုလည်းလုပ်ဆောင်နေတယ်၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း၊ အခြား စွန့်ပစ်ပစ္စည်းတွေကို သုံးတာလည်းပါတယ်။ ဘယ်လိုလောင်စာသုံးသုံး လောင်စာကုန်ကျမှု သက်သာတဲ့ စွမ်းအားမြှင့်မီးဖိုတွေ ပြည်သူလူထုကို လက်ဝယ်ရောက်အောင် လျှာထားချက်နဲ့အညီ ဖြန့်ဝေပေးတာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘသက်လွင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မြို့နယ် ၁၇ မြို့နယ်သို့ စွမ်းအားမြှင့်မီးဖို ၄၁၁၀၊ အခြားအဖွဲ့အစည်းများမှ ဖြန့်ဝေခြင်း ၆၇၆လုံး၊ မီးဖိုထုတ်လုပ်သူများထံသို့ တိုက်ရိုက်မှာယူအသုံးပြုခြင်း ၂၄၄၆ လုံး စုစုပေါင်း ၇၂၃၂ လုံးကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မကွေးတိုင်းဒေသကြီးမှ တောင်သူ ၈၀၀ ကျော်အား စိုက်ပျိုးရေးအလေ့အကျင့်ကောင်းလက်မှတ်များ ပေးအပ်

**မကွေး အောက်တိုဘာ ၄**

မိုးနှမ်းနှင့်မိုးပဲတီစိမ်းသီးနှံများကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) အသုံးပြု၍ မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျစိုက်ပျိုးနေသော မကွေးတိုင်းဒေသကြီးအတွင်း တောင်သူအစုအဖွဲ့ ၅၅ ဖွဲ့၊ စိုက်ဧကပေါင်း ၂၃၆၃ ဧကမှ တောင်သူ ၈၂၈ ဦးအား မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ယမန်နေ့က GAP Certificate များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲ၌ တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး တက်ရောက်အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးလှမြင့်အောင်က GAP စိုက်ပျိုးနည်းစနစ်များအကြောင်း၊ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက GAP စနစ်စိုက်ပျိုးခြင်းနှင့် QR Code Application သုံးစွဲခြင်း အကျိုးရလဒ်များအကြောင်း၊ ဒေါက်တာသီသီမာက QR Code Application ဖြန့်ဝေခြင်းနှင့် ရှာဖွေစိစစ်မှုအကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ GAP Certificate များကို ဒုတိယညွှန်ကြားရေးမှူးချုပ်က ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝ နည်းပညာဌာနခွဲ ညွှန်ကြားရေးမှူး ဦးသူရစိုးနှင့် ညွှန်ကြားရေးမှူးတို့က တောင်သူအစုအဖွဲ့ကိုယ်စားလှယ်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယမန်နှစ်က တိုင်းဒေသကြီးအတွင်း မြို့နယ်လေးမြို့နယ်တွင် GAP စနစ်ဖြင့် နှမ်းသီးနှံ ၃၇၀၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဂျပန်နိုင်ငံသို့ ၇၁ တန်တင်ပို့ရောင်းချခဲ့ကြောင်း၊ ယခုနှစ်တွင် မြို့နယ်အားလုံး၌ စိုက်ပျိုးဧက ၁၄၅၅၉ ဧက ရှိနေပြီး တောင်သူနှင့် ဝယ်လက်ကြား လေလံဈေးနှုန်းအရ နှမ်းတစ်တင်းလျှင် ငွေကျပ် ၇၉၅၀၀ နှုန်းဖြင့် နှမ်းနက် ၈၈ တန်ကို ရွှေတော်ဝင်၊ မြင့်မြတ်တော်ဝင်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို ရောင်းချနိုင်ခဲ့ကြောင်း စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ပြောသည်။

ယခုနှစ်တွင် နှမ်းသီးနှံကိုသာမက ပဲတီစိမ်းနှင့် ကော်ဖီတို့ကိုလည်း GAP Certificate များလျှောက်ထားနိုင်ခဲ့ပြီး မိုးမြေပဲဧက ၅၀၀ ကိုလည်း GAP စနစ်ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ GAP Certificate လျှောက်ထားသူ တောင်သူဦးရေ နှစ်သောင်းဝန်းကျင်ရှိနေပြီး စနစ်တကျစိစစ်၊ မှတ်တမ်းတင်မှုများ ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဧယျာတု(မကွေး)**



# ဆင်ပေါင်ဝဲမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၄**-မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားသည့် တောင်သူများအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုချက်ရရှိသည့် တောင်သူ ၃၀၅ အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမြတ်သိန်းဇော်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် ပုံစံ (၇) ရှိခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် သိရှိထားသင့်သောအကြောင်းအရာများနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**နေခြည်(ဆင်ပေါင်ဝဲ)**

# ရန်ကုန်အိုင်စီတီပြပွဲ (ယနေ့) စတင်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ပူးပေါင်း၍ Yangon ICT Fair(Oct 2018) ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် အောက်တိုဘာ ၅ ရက် (ယနေ့) စတင်ကျင်းပပြီး အောက်တိုဘာ ၇ ရက်အထိ သုံးရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ကွန်ပျူတာများ၊ လက်ပ်တော့များနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများ၊ ကွန်ပျူတာအသုံးချဆော့ဖ်ဝဲနည်းပညာများ၊ နက်ဝပ်လုံခြုံရေးနှင့် ဆိုင်ဘာလုံခြုံရေးနည်းပညာနှင့် ပစ္စည်းများ၊ e-commerce စနစ်နှင့် ကွန်ပျူတာဆော့ဖ်ဝဲအမျိုးမျိုးအပြင် မိုဘိုင်းဖုန်းများနှင့် မိုဘိုင်းနည်းပညာများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ICT နည်းပညာကဏ္ဍတိုးတက်ရေးအတွက် စိတ်ဝင်စားသော စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများအနေဖြင့် တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ ပြပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

Yangon ICT Fair(Oct 2018) ပြပွဲတွင် နည်းပညာနှင့် ကွန်ပျူတာပစ္စည်း ကုမ္ပဏီပေါင်း ၅၇ ခုက ပြခန်းပေါင်း ၁၅၆ ခန်းဖြင့် ပါဝင်ပြသသွားမည်ဖြစ်ကာ ပြပွဲအတွင်း ဝယ်ယူအားပေးသူများအတွက် အထူးလျှော့ဈေးအစီအစဉ်များ၊ ကံစမ်းမဲအစီအစဉ်များလည်းပါဝင်မည်ဖြစ်သလို လာရောက်ကြည့်ရှုသူများအတွက် တစ်နေ့လျှင် သုံးကြိမ် ကံစမ်းမဲဖောက်ပေးမည့် အစီအစဉ်လည်းပါဝင်ကြောင်း သိရသည်။ **သူရဖြိုး**

# e-Government Forum ဆွေးနွေးပွဲ ရန်ကုန်၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် e-Government ဦးဆောင်ကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က စီစဉ်၍ e-Government ဖိုရမ်ကို အောက်တိုဘာ ၅ ရက်(ယနေ့) နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ MICT Park, Conference Hall ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ e-Government ဖိုရမ်ဆွေးနွေးပွဲတွင် နိုင်ငံတော်မှဆောင်ရွက်နေသည့် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းစဉ်များ၊ ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်မည့်ပုံစံ အစရှိသည့် အချက်အလက်များကို အများပြည်သူသိရှိနိုင်စေရန် ရည်ရွယ်၍ Road to Digital Government ဟူသောခေါင်းစဉ်ကို အဓိကထား ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲ နံနက်ပိုင်းတွင် အများပြည်သူဆိုင်ရာကဏ္ဍများအတွက် National Strategies and Framework for Digital Government ခေါင်းစဉ်နှင့် Implementation Challenges and Opportunities for Local Industry ခေါင်းစဉ်တို့ဖြင့် စကားဝိုင်းဆွေးနွေးပွဲနှစ်ခုကို ကျင်းပမည်ဖြစ်ပြီး ညနေပိုင်းတွင် Private Sector အတွက် Role of Private Sector in e-Government ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကိုလည်းကောင်း၊ Open Session အနေဖြင့် ကျွမ်းကျင်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲကိုလည်းကောင်း ကျင်းပမည်ဟု သိရသည်။

ဆွေးနွေးပွဲများတွင် e-Government ဦးဆောင်ကော်မတီ၊ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူများ၊ အစိုးရဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# စမတ်ဖုန်းအသစ်ဖြင့် တယ်လီနောဆင်းကတ်အသုံးပြုသူများ ဒေတာအပိုများရရှိမည့်အစီအစဉ်စတင်

**ရန်ကုန် အောက်တိုဘာ ၄**

မည်သည့် 4G/LTE စမတ်ဖုန်းအသစ်တွင် မဆို တယ်လီနောဆင်းကတ်အသစ်များကို စတင်ထည့်သွင်းအသုံးပြုမည့်သူများနှင့် လက်ရှိသုံးနေသည့် ဆင်းကတ်များကို 4G ဖုန်းအသစ်များတွင် ပြောင်းလဲအသုံးပြုမည့်သူများအတွက် ငွေဖြည့်တိုင်း ထပ်ဆောင်းအင်တာနက်ဒေတာ 100 GB အထိ အပိုရရှိမည့် အစီအစဉ်တစ်ခုကို တယ်လီနောမြန်မာက အောက်တိုဘာ ၃ ရက်မှ စတင်လိုက်ကြောင်း သိရသည်။

စမတ်ဖုန်းများမှတစ်ဆင့် အင်တာနက်အသုံးပြုမှုပိုမိုများပြားလာသည့်အတွက် တယ်လီနောအနေဖြင့် ၎င်း၏ 4G ဆင်းကတ်အသုံးပြုသူများ စမတ်ဖုန်းအသစ်လဲသည့်အသုံးပြုသည့်အခါတွင် ဒေတာလက်ဆောင်များရရှိသွားရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ အစီအစဉ်အရ 4G စမတ်ဖုန်းသစ်တွင် တယ်လီနောဆင်းကတ်အသစ် ထည့်သွင်းအသုံးပြုသူများသည် ငွေဖြည့်သွင်းမှုပမာဏ ပိုမိုများပြားသည်နှင့်အမျှ ပိုမိုများပြားသော ထပ်ဆောင်းဒေတာများကို လက်ဆောင်အဖြစ် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ငွေဖြည့်သွင်းမှု ၃၀၀၀ ကျပ်၊ ၅၀၀၀ ကျပ်နှင့် ၁၀၀၀၀ ကျပ်စီ တစ်ကြိမ်ဖြည့်သွင်းခြင်းအတွက် အပိုထပ်ဆောင်း အင်တာနက်ဒေတာ 500 MB၊ 1 GB နှင့် 2 GB စီ ရရှိမည်ဖြစ်ကာ အဆိုပါ လက်ဆောင်ဒေတာကို အကြိမ် ၅၀ အထိ ငွေဖြည့်တိုင်းရရှိနိုင်မည်ဖြစ်၍ တစ်ကြိမ်လျှင် အများဆုံး တစ်သောင်းနှုန်းဖြည့်သွင်းပါက တစ်ကြိမ်လျှင် 2GB ဖြင့် အကြိမ် ၅၀ အတွက် 100GB အထိ ဒေတာအပိုများကို ရရှိနိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ အသုံးပြုသူအသစ်တွေ အင်တာနက်ပိုမိုအသုံးပြုရင်း သူတို့ရဲ့ စမတ်ဖုန်းအသစ်တွေနဲ့ ပိုမိုရင်းနှီးကျွမ်းဝင်မှုရှိစေဖို့ ဆောင်ရွက်ပေးချင်တာ ဖြစ်ပါတယ်။ ဒီအပိုထပ်ဆောင်းဝန်ဆောင်မှုတွေကနေ တစ်ဆင့် အသုံးပြုသူတွေအနေနဲ့ တယ်လီနောအင်တာနက်ဝန်ဆောင်မှုတွေရဲ့ အကျိုးကျေးဇူးအပြည့်အဝကို ရရှိနိုင်မှာဖြစ်ပြီး အင်တာနက်ကို အမြဲတမ်းချိတ်ဆက်နေနိုင်ခြင်းရဲ့ အကျိုးကျေးဇူးတွေကိုလည်း ရရှိခံစားနိုင်မှာဖြစ်ပါတယ်" ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ အရာရှိချုပ် က ပြောကြားသည်။

ဆင်းကတ်အသစ် စတင်အသုံးပြုမည့်သူများသာမက လက်ရှိ တယ်လီနောဆင်းကတ်များကို သုံးစွဲနေပြီး 4G စမတ်ဖုန်းအသစ်ကို ပြောင်းလဲအသုံးပြုမည့်သူများအနေဖြင့်လည်း ထပ်ဆောင်းဝန်ဆောင်မှု ပုံစံနှစ်မျိုးကို ရရှိနိုင်မည်ဖြစ်သည်။ ပထမတစ်မျိုးမှာ လက်ရှိ တယ်လီနောဆင်းကတ် သုံးစွဲနေသူများသည် 4G စမတ်ဖုန်းအသစ်ကို ပြောင်းလဲအသုံးပြုပါက ငွေဖြည့်သွင်းတိုင်း အပိုဒေတာများကို ၁၂ ကြိမ်အထိ ရယူနိုင်မည့်ပုံစံဖြစ်ကြောင်း၊ ဒုတိယပုံစံအနေဖြင့် အချို့သော စမတ်ဖုန်းအမှတ်တံဆိပ်များမှာ တယ်လီနောနှင့်ပူးပေါင်းပြုလုပ်ထားသည့် သက်ဆိုင်ရာအထူးအစီအစဉ်များသို့မဟုတ် အပိုထပ်ဆောင်းဒေတာအစီအစဉ်များရှိပြီးဖြစ်၍ ထိုအစီအစဉ်များအတိုင်း ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

**New Product**

# Tecno အမှတ်တံဆိပ် စမတ်ဖုန်းမော်ဒယ်သစ် Spark 2

Tecno အမှတ်တံဆိပ်ဟာ ပြည်တွင်းဈေးကွက်မှာ စတင်နေရာရလာခါစ အမှတ်တံဆိပ်တစ်ခုဖြစ်ပြီး ဈေးနှုန်းချိုသာသလို အရည်အသွေးလည်း အသင့်အတင့်ရှိတာကြောင့် လူသိများလာတာဖြစ်ပါတယ်။ Tecno Spark 2 ကတော့ ပြီးခဲ့တဲ့ သြဂုတ်လကုန်ပိုင်းက ဈေးကွက်အတွင်းမှာ စတင်ရောင်းချခဲ့တဲ့ နောက်ဆုံးထွက်မော်ဒယ်သစ်ဖြစ်ပါတယ်။

Tecno Spark 2 ဟာ မျက်နှာပြင်အကျယ် ခြောက်လက်မရှိလို့ အရွယ်အစားကြီးတဲ့အထဲမှာပါဝင်ပြီး ၁၈း၉ အချိုး ဖြစ်ပါတယ်။ Resolution က 1440x720 pixels ရှိလို့ ရုပ်ထွက်အရည်အသွေးကောင်းမွန်တဲ့အပြင် 2.5D curved Screen ရုပ်ကြွမှန်ကြောင့် ပိုကောင်းတဲ့အရည်အသွေးကို ရရှိစေမှာဖြစ်ပါတယ်။

စက်လည်ပတ်မှုစနစ်အတွက် အန်းဒရွိုက် 8.1(Oreo) ကို အသုံးပြုထားပြီး တန်ဖိုးနည်းဖုန်းတစ်လုံးဖြစ်တာကြောင့် CPU နဲ့ RAM က အသင့်အတင့်ပဲရှိပြီး Quad core 1.3 GHz CPU နဲ့ RAM က 2GB ပါဝင်တာကို တွေ့ရပါတယ်။ အင်တာနယ်မင်မိုရီကတော့ 16GB ပါဝင်ပြီး မင်မိုရီကတ်ထပ်စိုက်သုံးရင် 32GB အထိ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ နက်ဝပ်က GSM နက်ဝပ်ဖြစ်ပြီး အင်တာနက်ကွန်ရက်အနေနဲ့ 4G ကို ထောက်ပံ့ပေးနိုင်မှာဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ တန်ဖိုးနည်းဖုန်းတစ်လုံးဖြစ်တာကြောင့် အလယ်အလတ်အရည်အသွေးအနေနဲ့တွေ့ရပြီး နောက်ကင်မရာက ၁၃ မဂ္ဂါပစ်ဇယ်နဲ့ ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေ ပေါင်းထည့်ပေးထားပါတယ်။ ဆယ်လ်ဖီကင်မရာကတော့ ၈ မဂ္ဂါပစ်ဇယ်ရှိပြီး ဆယ်လ်ဖီကင်မရာထဲမှာ Face Unlock စနစ်အတွက်လည်း ထောက်ပံ့ပေးထားပါတယ်။

Spark 2 ဟာ တန်ဖိုးနည်းဖုန်းတစ်လုံးအနေနဲ့ အဓိကအားသာချက်က နောက်ဆုံးပေါ်နည်းပညာတစ်ခုဖြစ်တဲ့ Face Unlock စနစ်ကို အသုံးပြုထားနိုင်တဲ့အချက်ဖြစ်ပြီး Spark 2 ရဲ့ Face Unlock စနစ်ဟာ ၈၀၀ မီလီစက္ကန့်အတွင်း ဖုန်းကိုဖွင့်ပေးနိုင်မှာဖြစ်ပါတယ်။ Finger Print စနစ်ကိုပဲ သုံးချင်တဲ့သူတွေအတွက် Finger Print Lock စနစ်လည်း ထပ်ပါတဲ့အချက်ကလည်း Spark 2 ရဲ့အားသာချက်တစ်ခုဖြစ်ပါတယ်။ ဘက်ထရီပိုင်းအနေနဲ့လည်း 3500mAh ရှိလို့ စွမ်းရည်ပြည့်ဝပါတယ်။ Tecno Spark 2 ဖုန်းကို ရောင်းဈေး ကျပ် ၁၄၃၀၀၀ နဲ့ ပြည်တွင်းဈေးကွက်မှာ မိတ်ဆက်ထားပြီး ရောင်းချနေပြီဖြစ်ပါတယ်။ **သူရဖြိုး**




# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၀/၁၀၈၀ ကျပ် | ၁၀၄၅/၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၀ ကျပ် | ၁၀၅၅/၁၁၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၃၅/၁၀၄၅ ကျပ် | ၁၀၁၅/၁၀၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၆၅/၁၀၈၅ ကျပ် | ၁၁၆၅/၁၁၀၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၇ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၀ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၈ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၂ ・ ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၂၆ ・ ၁ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၆ ・ ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ ・ ၈၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၆၈၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ ・ ၄၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ ・ ၇၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ ・ ၅၄၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ထိပ်ဆုံးနေရာလုကြမယ့် လီဗာပူးနဲ့ မန်စီးတီး

## ပရီမီယာလိဂ်ပွဲစဉ် (၈) သုံးသပ်ချက်

—— ဝေမိုးဆက် ——

ပရီမီယာလိဂ်ပွဲစဉ် (၇) မှာတော့ လီဗာပူးဟာ ချယ်လ်ဆီးကို အနိုင်ရယူနိုင်ခြင်းမရှိခဲ့ဘဲ မန်စီးတီးကတော့ ဘရိုက်တန်ကို အနိုင်ကစားနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားရဲ့ဦးဆောင်သူအပြောင်းအလဲဖြစ်ခဲ့ပြီး မန်စီးတီးက ဂိုးကွာခြားချက်နဲ့ ထိပ်ဆုံးကို ရောက်ရှိလာခဲ့ပါတယ်။ ဒါ့အပြင် လက်ရှိ ဒီတစ်ပတ်ပွဲစဉ် (၈) မှာလည်း လီဗာပူးနဲ့မန်စီးတီးဆုံနေလို့ လီဗာပူးတို့ အမှတ်ပေးဇယားထိပ်ဆုံးကို ပြန်လည်ရယူသွားနိုင်မလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။

### စပါး နှင့် ကာဒစ်

**ကစားမည့်အချိန် - ည ၈း၃၀ (၆-၁၀-၁၈)**

စပါးတို့ ချန်ပီယံကစားခဲ့ရမှာဖြစ်လို့ ပွဲပန်းမှုတွေရှိနေနိုင်ပေမယ့် နိုင်ပွဲရယူနိုင်ဖို့အတွက်တော့ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ အထူးသဖြင့် ကာဒစ်ရဲ့ ခြေစွမ်းပိုင်းက အားနည်းနေသလို ခံစစ်ကလည်း ကျစ်လျစ်မှုမရှိတာကိုတွေ့ရတယ်။ စပါးအိမ်ကွင်းလည်းဖြစ်တာကြောင့် ဒီပွဲမှာ အမှားခံမှာ မဟုတ်သလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ စပါးတို့ အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းရယူသွားနိုင်မှာပါ။

### ဖူလ်ဟမ် နှင့် အာဆင်နယ်

**ကစားမည့်အချိန် - ည ၇း၃၀ (၇-၁၀-၁၈)**

အာဆင်နယ်တို့ ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ပွဲကစားခဲ့ရမှာဖြစ်လို့ ပွဲပန်းနေနိုင်ပါတယ်။ အဝေးကွင်းလည်း ဖြစ်နေတာကို သတိပြုရမယ်။ ဒါပေမယ့် အခုအချိန်မှာ အာဆင်နယ်ရဲ့ ခြေစွမ်းပိုင်း တိုးတက်နေပြီး ဖူလ်ဟမ်ကတော့ အိမ်ကွင်းဖြစ်နေပေမယ့် ခြေစွမ်းပိုင်းအားနည်းမှုတွေ များနေပါတယ်။ အထူးသဖြင့် ဖူလ်ဟမ်ရဲ့ ခံစစ်ပိုင်းက ကျစ်လျစ်မှု အားနည်းနေပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်တို့အဝေးကွင်းမှာ နိုင်ပွဲတော့ ရယူသွားနိုင်မှာပါ။




**ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဟာဇက် | ချယ်လ်ဆီး | ၆ |
| အဂွူရို | မန်စီးတီး | ၅ |
| ဟယ်ရီကိန်း | စပါး | ၅ |
| မီထရိုဗစ် | ဖူလ်ဟမ် | ၅ |
| အာနူတိုဗစ် | ဝက်စ်ဟမ်း | ၄ |

### ဘရိုက်တန် နှင့် ဝက်စ်ဟမ်း

**ကစားမည့်အချိန် - ည ၁း၃၀ (၆-၁၀-၁၈)**

မန်ယူကိုအနိုင်ရခဲ့တဲ့ပွဲမှာ ဝက်စ်ဟမ်းရဲ့ခြေစွမ်းပိုင်း ကောင်းမွန်ခဲ့ပါတယ်။ အခုနောက်ပိုင်းမှာ တိုက်စစ်ကစားပုံလည်းတိုးတက်လာပြီး အသင်းလိုက်စွမ်းဆောင်ရည်လည်း တိုးတက်လာတယ်။ ဘရိုက်တန်ကတော့ အိမ်ကွင်းဖြစ်သလို နိုင်ပွဲရဖို့အတွက် အားစိုက်လာမှာဖြစ်ပေမယ့် ခံစစ်ပိုင်းအားနည်းမှုတွေရှိတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ဘရိုက်တန်ခံစစ်ကို ဝက်စ်ဟမ်းတို့ ဖိအားပေးနိုင်ဖို့ရှိနေကာ အနိမ့်ဆုံးသရေလောက် ကစားနိုင်ဖို့ရှိပါတယ်။

### ပဲလေ့စ် နှင့် ဝုဖ်

**ကစားမည့်အချိန် - ည ၈း၃၀ (၆-၁၀-၁၈)**

လက်ရှိအချိန်မှာ ဝုဖ်ခြေစွမ်းပိုင်းက ကောင်းမွန်နေပါတယ်။ ဒါပေမယ့် အဝေးကွင်းပွဲတွေမှာတော့ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်မှု အားနည်းတတ်ပါတယ်။ ဒါပေမယ့် ပဲလေ့စ်ကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်သလို ခြေစွမ်းလည်းမဆိုးပေမယ့် အိမ်ကွင်းပွဲတွေမှာ တိုက်စစ်က ဂိုးသွင်းခြေ အားနည်းတတ်ကာ အိမ်ကွင်းသုံးပွဲမှာ တစ်ဂိုးမှ မသွင်းနိုင်ခဲ့ပါဘူး။ သွင်းဂိုးနည်းပြီး သရေကျနိုင်တယ်။

### ဝက်ဖို့ဒ် နှင့် ဘုန်းမောက်

**ကစားမည့်အချိန်-ည ၈း၃၀ (၆-၁၀-၁၈)**

ဝက်ဖို့ဒ်က ပရီမီယာလိဂ်ပြိုင်ပွဲမှာ နိုင်ပွဲတွေ ပျောက်ဆုံးခဲ့ရတာကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဝက်ဖို့ဒ်ရဲ့ အိမ်ကွင်းကစားအားကလည်း ကောင်းမွန်တတ်သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေ ရရှိနေပါတယ်။ ဘုန်းမောက်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမဆိုးသလို ပဲလေ့စ်ကိုလည်း အနိုင်ကစားနိုင်ခဲ့ပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းတတ်ပါတယ်။ ဝက်ဖို့ဒ် အနိမ့်ဆုံး သရေရမယ်။

### ဆောက်သမ်တန် နှင့် ချယ်လ်ဆီး

**ကစားမည့်အချိန်- ည ၉း၄၅ (၇-၁၀-၁၈)**

ပရီမီယာလိဂ်ပြိုင်ပွဲမှာ သုံးပွဲဆက်တိုက် အနိုင်မရခဲ့တာကြောင့် ဆောက်သမ်တန်တို့ နိုင်ပွဲပြန်ရဖို့ အားစိုက်ကစားလာမှာ သေချာနေတယ်။ ချယ်လ်ဆီးကတော့ ယူရိုပါလိဂ်ကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်တာကို သတိပြုရမယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ ဆောက်သမ်တန်ထက် ချယ်လ်ဆီးခြေကပိုကောင်းနေတယ်။ ဆောက်သမ်တန်တို့ အိမ်ကွင်းဖြစ်ပေမယ့်လည်း ချယ်လ်ဆီးတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ချယ်လ်ဆီးကသာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### ဘန်လေ နှင့် ဟတ်ဒါဖီးလ်

**ကစားမည့်အချိန် - ည ၈း၃၀ (၆-၁၀-၁၈)**

ဘန်လေတို့ ကာရာဘာအိုဖလားပြိုင်ပွဲကနေပါထွက်ခဲ့ရလို့ ပရီမီယာလိဂ်ကို အားစိုက်လာမှာဖြစ်တယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ လက်ရှိအချိန်မှာလည်း ဘန်လေခြေကကောင်းမွန်နေပါတယ်။ ဟတ်ဒါဖီးလ်ကတော့ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေသလို ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုမရှိဘူး။ ဒါကြောင့် ဒီပွဲမှာလည်း ဟတ်ဒါဖီးလ်တို့ နိုင်ပွဲရဖို့အတွက် ရုန်းကန်ရနိုင်ကာ အိမ်ကွင်းမှာ ဘန်လေတို့ နိုင်ပွဲရယူသွားနိုင်မှာပါ။

### လက်စတာ နှင့် အဲဗာတန်

**ကစားမည့်အချိန် - ည ၈း၃၀ (၆-၁၀-၁၈)**

လက်စတာခြေစွမ်းပိုင်း ကောင်းမွန်မှုရှိပါတယ်။ နောက်ဆုံးနှစ်ပွဲဆက် အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒီပွဲက အိမ်ကွင်းဖြစ်နေလို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်သလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေထက်မြက်နေပါတယ်။ အဲဗာတန်ကတော့ ခြေစွမ်းပိုင်းမဆိုးပေမယ့် အဝေးကွင်းပွဲတွေမှာ စွမ်းဆောင်ရည် ကျဆင်းတတ်ပါတယ်။ လက်စတာတို့ အိမ်ကွင်းမှာ အဲဗာတန်ကို ထိန်းချုပ်ကစားနိုင်စွမ်းရှိနေကာ နိုင်ပွဲရယူနိုင်ဖို့ ရှိနေပါတယ်။

### မန်ယူ နှင့် ကာဆယ်

**ကစားမည့်အချိန် - ည ၁၁း၀၀ (၆-၁၀-၁၈)**

မန်ယူက ဝက်စ်ဟမ်းကို အရေးနိမ့်ခဲ့ပြီး ပရီမီယာလိဂ်မှာ နှစ်ပွဲဆက် အနိုင်ပျောက်ဆုံးခဲ့ရတာကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် လက်ရှိခြေစွမ်းအရ အားနည်းမှုတွေ ရှိနေပါတယ်။ ချန်ပီယံလိဂ်မှာ ဗလင်စီယာနဲ့ကစားခဲ့ရတာကြောင့်လည်း မန်ယူတို့ ပွဲပန်းလာနိုင်ကာ ခြေကုန်ထုတ်နိုင်ဖို့ ခက်တယ်။ ကာဆယ်ကတော့ တိုက်စစ်ပိုင်းအားနည်းပေမယ့် အသင်းလိုက် ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိတယ်။ အိမ်ကွင်းဖြစ်ပေမယ့် မန်ယူနိုင်ရင်တောင် မပြတ်သားဘူး။

### လီဗာပူး နှင့် မန်စီးတီး

**ကစားမည့်အချိန် - နံနက် ၁၀း၀၀ (၇-၁၀-၁၈)**

လက်ရှိအချိန်မှာ ချယ်လ်ဆီးကို အနိုင်မရခဲ့တာကြောင့် လီဗာပူးတို့ ဒုတိယနေရာကို ရောက်ရှိနေပါတယ်။ ဒါကြောင့် လီဗာပူးတို့ ဒီပွဲမှာ ရှုံးနိမ့်ခဲ့မယ်ဆိုရင် ချန်ပီယံဆု မျှော်လင့်ချက်မှာ မန်စီးတီးထက် ခြေတစ်လှမ်း နောက်ကျသွားနိုင်ပါတယ်။ ဒါကြောင့်လည်း လီဗာပူးတို့ အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေတယ်။ မန်စီးတီး ခြေကောင်းပေမယ့် ဒီပွဲမှာတော့ လီဗာပူးတို့ အိမ်ကွင်းမှာ သရေလောက်ကစားသွားဖို့ရှိနေပါတယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၈)

| သောကြာနေ့ | | ၅-၁၀-၁၈ |
|---|---|---|
| ဘရိုက်တန် - | ဝက်စ်ဟမ်း | နံနက် ၁း၃၀ (စနေနံနက်) |
| **စနေနေ့** | | **၆-၁၀-၁၈** |
| ဘန်လေ - | ဟတ်ဒါဖီးလ် | ည ၈း၃၀ |
| ပဲလေ့စ် - | ဝုဖ် | ည ၈း၃၀ |
| လက်စတာ - | အဲဗာတန် | ည ၈း၃၀ |
| စပါး - | ကာဒစ်ဖ် | ည ၈း၃၀ |
| ဝက်ဖို့ဒ် - | ဘုန်းမောက် | ည ၈း၃၀ |
| မန်ယူ - | နယူးကာဆယ် | ည ၁၁း၀၀ |
| **တနင်္ဂနွေနေ့** | | **၇-၁၀-၁၈** |
| ဖူလ်ဟမ် - | အာဆင်နယ် | ည ၇း၃၀ |
| ဆောက်သမ်တန် - | ချယ်လ်ဆီး | ည ၉း၄၅ |
| လီဗာပူး - | မန်စီးတီး | ည ၁၀း၀၀ |

## လာလီဂါပွဲစဉ် (၈)

| သောကြာနေ့ | | ၅-၁၀-၁၈ |
|---|---|---|
| ဘီလ်ဘာအို - | ဆိုစီဒက်စ် | နံနက် ၁း၃၀ (စနေနံနက်) |
| **စနေနေ့** | | **၆-၁၀-၁၈** |
| ဂျီရိုနာ - | အီဘား | ညနေ ၅း၃၀ |
| ဂီတာဖေး - | လီဗန်တေး | ည ၈း၄၅ |
| အလာဗက်စ် - | ရီးရဲမက်ဒရစ် | ည ၁၁း၀၀ |
| လီဂါနက်စ် - | ဗယ်လီကာနို | နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | **၇-၁၀-၁၈** |
| ဗယ်လာဒိုးလစ် - | ဝက်စ်ကာ | ညနေ ၄း၃၀ |
| အက်သလက် - | ဘက်တစ် | ည ၈း၄၅ |
| အက်စ်ပန်ညို - | ဗီလာရီးရဲ | ည ၁၁း၀၀ |
| ဆီဗီးလ် - | ဆဲလ်တာဗီဂို | ည ၁၁း၀၀ |
| ဗလင်စီယာ - | ဘာစီလိုနာ | နံနက် ၁း၁၅ (တနင်္လာနံနက်) |

## စီးရီးအေပွဲစဉ် (၈)

| သောကြာနေ့ | | ၅-၁၀-၁၈ |
|---|---|---|
| တိုရီနို - | ဖရိုစီနိုနီ | နံနက် ၁း၀၀ (စနေနံနက်) |
| **စနေနေ့** | | **၆-၁၀-၁၈** |
| ကက်ဂလီယာရီ - | ဘလော့ညာ | ည ၇း၃၀ |
| အူဒီးနီးစ် - | ဂျူဗင်တပ် | ည ၁၀း၃၀ |
| အမ်ပိုလီ - | ရိုးမား | နံနက် ၁း၀၀ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | **၇-၁၀-၁၈** |
| ဂျီနိုအာ - | ပါးမား | ညနေ ၅း၀၀ |
| အတ္တလန္တာ - | ဆမ်ဒိုးရီးယား | ည ၇း၃၀ |
| လာဇီယို - | ဖီအိုရင်တီးနား | ည ၇း၃၀ |
| မီလန် - | ချီယေဗို | ည ၇း၃၀ |
| နာပိုလီ - | ဆာစူအိုလို | ည ၁၀း၃၀ |
| SPAL - | အင်တာ | နံနက် ၁း၀၀ (တနင်္လာနံနက်) |

## ပြင်သစ်ပထမတန်းပွဲစဉ် (၉)

| သောကြာနေ့ | | ၅-၁၀-၁၈ |
|---|---|---|
| တူးလောက်စ် - | နိုက်စ် | နံနက် ၁း၁၅ (စနေနံနက်) |
| **စနေနေ့** | | **၆-၁၀-၁၈** |
| လိုင်လီ - | စိန့်အေတီယန် | ည ၉း၄၅ |
| အာမီယန် - | ဒီဂျွန် | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| အန်ဂျာစ် - | စထရက်ဘော့ချ် | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| ဂူအင်ဂမ့် - | မောင့်ပယ်လီယာ | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| နီမက်စ် - | ရိမ်းစ် | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | **၇-၁၀-၁၈** |
| ဘော်ဒိုး - | နန့်စ် | ည ၇း၃၀ |
| မာဆေး - | ကိန်း | ည ၉း၃၀ |
| မိုနာကို - | ရိန်းစ် | ည ၉း၃၀ |
| ပီအက်စ်ဂျီ - | လိုင်ယွန် | နံနက် ၁း၃၀ (တနင်္လာနံနက်) |

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၇)

| သောကြာနေ့ | | ၅-၁၀-၁၈ |
|---|---|---|
| ဝါဒါဘရီမင် - | ဝုဖ်ဘတ် | နံနက် ၁း၀၀ (စနေနံနက်) |
| **စနေနေ့** | | **၆-၁၀-၁၈** |
| ဒေါ့မွန် - | အော့စ်ဘတ် | ည ၈း၀၀ |
| ဟန်နိုဗာ - | စတုဂတ် | ည ၈း၀၀ |
| မိန့်ဇ် - | ဟာသာဘာလင် | ည ၈း၀၀ |
| ဖော်ကျူနာ - | ရှော်လ်ကာ | ည ၈း၀၀ |
| ဘိုင်ယန် - | ဂလာဘတ် | ည ၁၁း၀၀ |
| **တနင်္ဂနွေနေ့** | | **၇-၁၀-၁၈** |
| ဖရိုင်းဘတ် - | လေဗာကူဆင် | ည ၆း၀၀ |
| ဟော့ဖန်ဟိမ်း - | ဖရန့်ဖွတ် | ည ၈း၀၀ |
| လိုက်ပဇစ် - | နူရင်ဘတ် | ည ၁၀း၃၀ |

# အချိန်မီပြင်ဆင်မှုတွေ လုပ်ရမယ့် ယိုယွင်းစပြုလာတဲ့ ဘာစီလိုနာ

■ အောင်က ■

**လာလီဂါရဲ့ ၂၀၁၈-၁၉ ရာသီကတော့ အခုမှစတင်တုန်းလို့ဆိုရမယ်။ ဘာစီလိုနာအသင်းဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း ပြည်တွင်းပြိုင်ပွဲတွေမှာတော့ အအောင်မြင်ဆုံးအသင်းအဖြစ် ရှိနေခဲ့တယ်။ ဒါပေမယ့် ပရိသတ်တွေရဲ့စိတ်ထဲမှာ သဘောမကျမိတာက အသင်းရဲ့အဓိကပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းက ချန်ပီယံလိဂ်ဆုဖလား သုံးနှစ်ဆက်တိုက် ရယူသွားတာ ဖြစ်ပါတယ်။**



ဒီနှစ်ရာသီအစကတည်းက အသင်းရဲ့ကပ္ပတိန်သစ်ဖြစ်လာခဲ့တဲ့ မက်ဆီကတော့ ဒီရာသီမှာ ချန်ပီယံလိဂ်ဆုဖလားကို ရယူနိုင်ဖို့အတွက် အစွမ်းကုန် ကြိုးစားသွားမယ်လို့ ဆိုထားခဲ့တယ်။ ဒါကြောင့်လည်း ဘာစီလိုနာပရိသတ်တွေကတော့ ဒီနှစ်ရာသီကို မျှော်လင့်ချက်တွေအပြည့်နဲ့ စောင့်ကြည့်နေခဲ့ကြတယ်။ ဒါပေမယ့်အရာအားလုံးကထင်သလို ဖြစ်မလာခဲ့ဘူး။ ဘာစီလိုနာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ စပိန်လာလီဂါ သုံးပွဲမှာတစ်ပွဲရှုံး၊ နှစ်ပွဲသရေကျခဲ့တာကြောင့် ခုနစ်မှတ်ဆုံးရှုံးထားပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ပိုအရေးကြီးတာက ဘာစီလိုနာရဲ့ အရှိန်အဝါတွေ ကင်းမဲ့နေသလိုခံစားရခြင်း ဖြစ်တယ်။ ဒါကြောင့် အခုလိုအခြေအနေမျိုးတွေကို ဗယ်လ်ဗာဒီ အနေနဲ့ ဘယ်လိုကိုင်တွယ်မလဲဆိုတာက စိတ်ဝင်စားဖို့ကောင်းတယ်။ ဒါပေမယ့် လက်ရှိအခြေအနေတွေအရ ဘာစီလိုနာအသင်းအနေနဲ့ အချိန်မီပြုပြင်ဖို့ လိုနေတဲ့ အချက်တွေက ဘာဖြစ်မလဲ။

**ခြေစွမ်းကျလာတဲ့ဆွာရက်ဇ်**

ဆွာရက်ဇ်ရဲ့ ဘာစီလိုနာကစားသမားဘဝ အကောင်းဆုံးအချိန်က ၂၀၁၅-၁၆ ရာသီလို့ ပြောရမယ်။ အဲဒီနောက်ပိုင်း သူ့ရဲ့အကောင်းဆုံးခြေစွမ်းကိုတော့ လက်ရှိအချိန်အထိ ဘာစီလိုနာမှာ မတွေ့ရတော့တာက အမှန်လို့ဆိုရမယ်။ ဒါပေမယ့် သူက လက်ရှိအချိန်အထိ ကြိုးစားကစားပေးနေတုန်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နွေရာသီမှာ ဘာစီလိုနာအသင်းအနေနဲ့ ဂရစ်ဇ်မန်းကို ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် ဂရစ်ဇ်မန်းက အက်သလက်တီကို အသင်းမှာပဲ ဆက်လက်ရှိနေခဲ့တယ်။ ဒါကြောင့် ဆွာရက်ဇ်ကလည်း အသင်းရဲ့ တိုက်စစ်ပိုင်းမှာ ပိုနေမြဲကျားနေမြဲ ဆက်လက်ရှိနေခဲ့တယ်။ ဒါပေမယ့် တစ်နေ့ ရွှေ၊ တစ်နေ့ ငွေဖြစ်နေတဲ့ ဆွာရက်ဇ်ရဲ့ ခြေစွမ်းအပေါ်မှာတော့ ဘာစီလိုနာအသင်းဟာ မှီခိုလိုမရတော့ဘူးဆိုတာက ပိုပြီး သေချာလာခဲ့တယ်။

**အသင်းနဲ့ အသားမကျတဲ့ ဒမ်ဘီလီ**

ဒမ်ဘီလီဟာ ဒီနှစ်ရာသီမှာတော့ လာလီဂါ ခုနစ်ပွဲမှာ သုံးဂိုးအထိ သွင်းယူပေးထားနိုင်တယ်။ ဒါဟာပြီးခဲ့တဲ့ရာသီမှာ ကစားခဲ့တဲ့ ၁၇ ပွဲ သွင်းယူခဲ့တဲ့ ဂိုးအရေအတွက်နဲ့ အတူတူလို့ဆိုရမယ်။ ဒါကို ကြည့်မယ်ဆိုရင်တော့ သူဟာကြိုးစားရင် ကြိုးစားသလောက်ခြေစွမ်းထက် သူလို့ဆိုနိုင်တယ်။ ဒါပေမယ့် ဒမ်ဘီလီဟာ ပြီးခဲ့တဲ့ ရာသီကထက် အသင်းမှာ ပိုပြီးအသားကျလာပေမယ့် တိုးတက်မှုတွေရရှိဖို့ကတော့ လိုအပ်နေသေးတယ်။

အခုမှ သူ့အတွက် ဒုတိယရာသီဖြစ်တာကြောင့် ဝေဖန်မှုတွေပြုလုပ်ဖို့ စောလွန်းနေသေးတယ်လို့တော့ ပြောကောင်းပြောနိုင်တယ်။ ပြီးခဲ့တဲ့ ရာသီကလည်း ဒဏ်ရာကြောင့် တစ်ရာသီလုံး





မကစားရတာကလည်း ထည့်တွက်စရာတစ်ခု ဖြစ်တယ်။ ဒါပေမယ့် ဘာစီလိုနာအသင်းကို ပေါင် ၁၄၃ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တဲ့ ကစားသမားတစ်ဦးအပေါ်မှာ ကြီးမားတဲ့မျှော်လင့်ချက်တွေ ထားတာကတော့ မများလွန်းဘူးလို့တော့ ဆိုရမယ်။ လက်ရှိအချိန်မှာ သူ့အနေနဲ့ အစွမ်းကုန် ခြေစွမ်းမပြနိုင်တာကလည်း ဘာစီလိုနာအသင်းအတွက် လိုအပ်ချက်တစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။

**ခံစစ်ပိုင်းတိုးတက်မှုလိုအပ်ချက်**

ဘာစီလိုနာအသင်းရဲ့အဓိကပြဿနာကို ပြပါဆိုရင်တော့ ခံစစ်ပိုင်းချည့်နဲ့မှု ပြဿနာလို့ ပြောရမှာပါ။ ခံစစ်မှူး အမ်တီတီကလည်း ဒူးဒဏ်ရာကြောင့် လပေါင်းများစွာ အနားယူဖို့ ရှိနေတာကလည်း နည်းပြ ဗယ်လ်ဗာဒီအတွက် အခက်အခဲတွေ ပိုမိုကြုံတွေ့ရတာ ဖြစ်ပါတယ်။

ဒီနှစ်ရာသီမှာ ပီကေးက အာရုံစိုက်မှုတွေ ကင်းမဲ့နေပြီး မမှားသင့်တဲ့ အမှားတွေကြောင့် ဘာစီလိုနာအသင်း ဂိုးပေးလိုက်ရတာ တွေ့ရှိနေခဲ့တယ်။ အသစ်ခေါ်ယူထားတဲ့ကစားသမားသစ် လန်လတ်ကလည်း အသင်းမှာ အကောင်းဆုံး ဝင်ကစားဖို့က အဆင်သင့် မဖြစ်သေးဘူး။ ဒါကြောင့် ဘာစီလိုနာအသင်း ခံစစ်ပိုင်းမှာတော့ အင်အားပြည့်နဲ့ ကောင်းကောင်းမွန်မွန် ကစားနိုင်တဲ့ ကစားသမားဆိုလို့ ဂျော်ဒီအယ်လ်ဘာနဲ့ ဆီမီဒိုတို့သာ ရှိနေတယ်။

**မက်ဆီအပေါ် အလွန်အမင်းအားကိုးခြင်း**

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီဟာ အသင်းရဲ့ရှုံးနိမ့်နေတဲ့အခြေအနေတွေမှာတော့ အသင်းကို ကယ်တင်ရှင်တစ်ဦးအနေနဲ့ ကယ်တင်နိုင်မှုတွေရှိခဲ့တာကိုတော့ မကြာခဏဆိုသလို တွေ့မြင်ခဲ့ကြရပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာလောက် ကစားသမားတစ်ဦးတည်းအပေါ် အားကိုးလွန်းတဲ့အသင်းက မရှိဘူးပြောရင် လွန်မယ်တောင် မရှိပါဘူး။

မက်ဆီဟာ ဘာစီလိုနာအသင်းကို နှစ်ပေါင်းများစွာ ကယ်တင်မှုတွေ ပြုလုပ်ပေးခဲ့ပြီးပြီ။ အခုဆိုရင် မက်ဆီရဲ့ အသက်ကလည်း ၃၁ နှစ် ရှိလာခဲ့ပြီး ဒါဟာ တိုက်စစ်မှူးတစ်ဦးအတွက်တော့ အကျပိုင်းကို ဦးတည်လာပြီဆိုတာ ဘယ်သူကမှ ငြင်းဆိုလို့မရတဲ့အရာပါ။ ဒါကြောင့် ဘာစီလိုနာအသင်းအနေနဲ့ မက်ဆီမရှိမယ့် နောက်ပိုင်းအချိန်ကိုလည်း စဉ်းစားထားဖို့တော့ လိုအပ်နေပြီလို့ ဆိုရမှာပါ။

ဒါကြောင့် ဘာစီလိုနာအသင်းအနေနဲ့ လက်ရှိအခြေအနေတွေကို အချိန်မီပြင်ဆင်မှုတွေ ပြုလုပ်မှုတွေ မရှိဘူးဆိုရင်တော့ ဒီထက်ပိုပြီး ဆိုးရွားတဲ့ရာသီတွေ ကြုံတွေ့လာနိုင်ဖို့ ရှိတယ်လို့သာ ဆိုလိုက်ချင်ပါတယ်။ ။

# မက်ဆီထက် ဂိုးပိုမိုသွင်းယူနိုင်သူဖြစ်လာရန် ဟယ်ရီကိန်း မျှော်လင့်ထား

စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်းက မိမိသည် တစ်နေ့တွင် ဘာစီလိုနာနှင့် အာဂျင်တီးနား တိုက်စစ်ကစားသမား မက်ဆီထက် ဂိုးပိုမိုသွင်းယူနိုင်သူ ဖြစ်လာရန် ရည်ရွယ်ထားကြောင်း ပြောဆိုလိုက်သည်။

အောက်တိုဘာ ၄ ရက်တွင် စပါးအသင်းက ဘာစီလိုနာအသင်းအား လက်ခံကစားခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်မတိုင်မီတွင် အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းက ယခုကဲ့သို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။ တိုက်စစ်မှူး ဟယ်ရီကိန်း (၂၅နှစ်)သည် စပါးအသင်းအတွက် စုစုပေါင်း ၂၂၁ ပွဲ ပါဝင် ကစားပြီးချိန်တွင် ၁၄၅ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ ၂၀၁၅-၁၆ နှင့် ၂၀၁၆-၁၇ ခုနှစ် ပရီမီယာလိဂ်ရာသီများ၏ ဂိုးသွင်းအများဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့



သူဖြစ်ကာ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခြောက်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူ ဖြစ်သည်။ တိုက်စစ်မှူး ဟယ်ရီကိန်းသည် စပါးအသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် စပါးအသင်း နာမည်ကျော်တိုက်စစ်မှူးဟောင်း တစ်ဦးဖြစ်သူ ဂျာမိန်းဒီဖိုးကို ကျော်ဖြတ်ကာ အဆင့် ၅ နေရာတွင် ရပ်တည်နေသူ ဖြစ်သည်။

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်ကစားသမား မက်ဆီသည် ဘာစီလိုနာအသင်းအတွက် စုစုပေါင်း ၆၄၆ ပွဲ ပါဝင်ကစားပြီးချိန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ သွင်းဂိုး ၁၀၃ ဂိုး အပါအဝင် ဂိုးပေါင်း ၅၆၀ အထိ သွင်းယူထားသူ ဖြစ်သည်။ ထို့အပြင် မက်ဆီသည် ၂၀၁၂ ခုနှစ်အတွင်းတွင် ကလပ်နှင့် နိုင်ငံအသင်းအတွက် စုစုပေါင်း ၉၁ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ဂိုးအများဆုံး သွင်းယူနိုင်သည့် ကစားသမားအဖြစ် စံချိန်တင်ထားသူလည်း ဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းက "မက်ဆီဟာ ကျွန်တော်အပါအဝင် ကစားသမားအများစုလေးစားရတဲ့ အခြေအနေတစ်ရပ်ကို ဖန်တီးထားနိုင်သူပါ။ တစ်နေ့မှာ ကျွန်တော်ဟာ မက်ဆီသွင်းယူခဲ့တဲ့ ဂိုးအရေအတွက်ထက် ပိုမိုများပြားတဲ့ ဂိုးပမာဏကို သွင်းယူနိုင်သူဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ မက်ဆီနဲ့ ခရစ္စတီယာနိုရော်နယ်ဒိုတို့ဟာ တစ်ရာသီမှာ ဂိုး ၅၀၊ ၆၀ လောက် သွင်းယူပြီး စံသတ်မှတ်ချက်တွေရဲ့အထက်မှာရှိနေတဲ့ ကစားသမားတွေ ဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**

# ဂိုးပေါက်ပျောက်ဆုံးနေမှုကို ဘင်ဇီမာ အဆုံးသတ်နိုင်မည်ဟု ရီးရဲနည်းပြ ပြောဆို



ရီးရဲမက်ဒရစ်အသင်း တိုက်စစ်မှူး ဘင်ဇီမာအနေဖြင့် ဂိုးပေါက်ပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း ရီးရဲမက်ဒရစ် အသင်းနည်းပြ လိုပီတီဂူက ထုတ်ဖော် ပြောဆိုလိုက်သည်။ ပြီးခဲ့သည့် အောက်တိုဘာ ၂ ရက်တွင် ရီးရဲမက်ဒရစ်အသင်းက အဝေးကွင်း၌ စီအက်စ်ကေ အေအသင်းအား ၁-၀ ဖြင့် အရေးနိမ့်ခဲ့သော ချန်ပီယံလိဂ်ပွဲအပြီးတွင် ယခုကဲ့သို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

အသက် ၃၀ နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာသည် ယခုနှစ် ဘောလုံးရာသီ၌ ရီးရဲမက်ဒရစ်အသင်းအတွက် စုစုပေါင်း ၁၀ ပွဲ ပါဝင်ကစားပြီးချိန်တွင် ငါးဂိုးသွင်းယူထားနိုင်သူ ဖြစ်သည်။ သို့သော်လည်း တိုက်စစ်မှူး ဘင်ဇီမာသည် စက်တင်ဘာ ၂ ရက်တွင် ရီးရဲမက်ဒရစ်အသင်းက အိမ်ကွင်း၌ လီဂါနက်စ်အသင်းအား ၄-၁ ဖြင့် အနိုင်ရရှိခဲ့သည့် စပိန်လာလီဂါပွဲတွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက်ပိုင်း ရီးရဲအသင်းအတွက် နောက်ဆုံးပါဝင်ကစားခဲ့သည့် ခြောက်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့သူဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည်လည်း နောက်ဆုံး သုံးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ထိုကဲ့သို့ သုံးပွဲဆက် ဂိုးမရရှိခြင်းမှာ ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်သည်။

နည်းပြ လိုပီတီဂူက "ရီးရဲအသင်း ကစားသမားတွေအပေါ် ကျွန်တော် ယုံကြည်မှုရှိပါတယ်။ ဘင်ဇီမာအပေါ်မှာလည်း အလားတူပါပဲ။ ဘင်ဇီမာအနေနဲ့ အခုနှစ်ရာသီအစပိုင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ အခြားအသင်းဖော်တွေနည်းတူ အခက်အခဲတွေနဲ့ ကြုံတွေ့နေရပြီး ဂိုးသွင်းယူနိုင်ဖို့ ရုန်းကန်နေရတယ်။ ရီးရဲမက်ဒရစ်အသင်း ဂိုးပေါက်ပျောက်ဆုံးနေရခြင်းက ဘင်ဇီမာတစ်ဦးတည်းအပေါ်မှာ မူတည်နေတာတော့ မဟုတ်ပါဘူး။ ရီးရဲမက်ဒရစ်အသင်း ကစားသမားအားလုံးမှာ တာဝန်ရှိပါတယ်"ဟု ပြောဆိုခဲ့သည်။

၂၀၀၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် လိုင်ယွန်အသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာသူ တိုက်စစ်မှူး ဘင်ဇီမာသည် ရီးရဲအသင်းအတွက် စုစုပေါင်း ၄၂၂ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၁၉၇ ဂိုးသွင်းယူထားကာ ရီးရဲမက်ဒရစ်အသင်းသမိုင်းကြောင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားစာရင်း၏ အဆင့် ၇ နေရာတွင် ရပ်တည်နေသူဖြစ်သည်။

**ထက်အောင်**

# အာဆင်နယ်ဂိုးသမား ပီတာဆက်ချ် တစ်လကြာ အနားယူရမည်



ပရီမီယာလိဂ် ကလပ် အာဆင်နယ် အသင်း၏ အဓိက ဂိုးသမားဖြစ်သူ ပီတာဆက်ချ်သည် တံကောက်ကြော ဒဏ်ရာ ပြဿနာကြောင့် တစ်လခန့် အနားယူရမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းမှ အတည်ပြုသတင်း ထုတ်ပြန်ကြေညာလိုက်သည်။

ချက်ဂိုးသမား ပီတာဆက်ချ်သည် ပြီးခဲ့သည့် စက်တင်ဘာ ၂၉ ရက်တွင် အာဆင်နယ်အသင်းက အိမ်ကွင်း၌ ဝက်ဖို့ဒ်အသင်းအား ၂-၀ ဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် ဘယ်ဘက်ခြေထောက် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သောကြောင့် လူစားလဲခဲ့ရသူဖြစ်သည်။ အဆိုပါ ပွဲအပြီးတွင် အာဆင်နယ်အသင်းမန်နေဂျာ အမ်မရီက ဂိုးသမား ပီတာဆက်ချ်သည် တံကောက်ကြောဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်ဟု ယူဆကြောင်း၊ အဆိုပါဒဏ်ရာကြောင့် သီတင်းပတ် နှစ်ပတ်၊ သုံးပတ်ခန့် အနားယူရနိုင်ကြောင်း ပြောဆိုခဲ့သည်။

ယခုအခါ အာဆင်နယ်အသင်း ဆေးအဖွဲ့က ဂိုးသမား ပီတာဆက်ချ်သည် အဆိုပါ ဒဏ်ရာကြောင့် အသင်းနှင့်အတူ လေ့ကျင့်မှုများ အပြည့်အဝ ပြန်လည်ပြုလုပ်နိုင်ရန် သီတင်းပတ်သုံးပတ်မှ လေးပတ်ကြာအထိ စောင့်ဆိုင်းရမည်ဖြစ်ကြောင်း အတည်ပြုသတင်းထုတ်ပြန် ကြေညာခဲ့ခြင်းဖြစ်သည်။ အသက် ၃၆ နှစ်အရွယ်ရှိ ချယ်လ်ဆီးဂိုးသမားဟောင်း ပီတာဆက်ချ်သည် ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲပေါင်း ခြောက်ပွဲပါဝင်ကစားထားသူဖြစ်သည်။ ဂိုးသမား ပီတာဆက်ချ်သည် ဒဏ်ရာပြဿနာကြောင့် ဖူလ်ဟမ်၊ လက်စတာစီးတီး၊ ခရစ္စတယ်လ်ပဲလေ့စ်တို့နှင့် ရင်ဆိုင်ရမည့် ပရီမီယာလိဂ်ပွဲများ၊ အောက်တိုဘာ ၂၅ ရက်တွင် စပို့တင်းလစ္စဘွန်းအသင်းနှင့် အဝေးကွင်းတွင် ရင်ဆိုင်ရမည့် ယူရိုပါလိဂ်ပွဲ၊ အောက်တိုဘာ ၃၀ ရက်တွင် ဘလက်ပူးလ်အသင်းနှင့် ရင်ဆိုင်ရမည့် Carabao ဖလားပွဲများကို လွဲချော်ရမည်ဖြစ်ကာ နိုဝင်ဘာ ၄ ရက်တွင် အာဆင်နယ်က လီဗာပူးအသင်းအား အိမ်ကွင်း၌ လက်ခံကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်ဖွယ်ရှိနေသည်။

ဝက်ဖို့ဒ်နှင့်ပွဲတွင် ပီတာဆက်ချ်အစား လူစားဝင်ကစားခဲ့သူ ဂျာမနီဂိုးသမား ဘားနက်ဒ်လီနို အတွက် အဆိုပါပွဲသည် ပထမဆုံး ပရီမီယာလိဂ်ပွဲဖြစ်သည်။ ပထမဆုံး ပရီမီယာလိဂ်ပွဲစဉ်တွင် ဂိုးပေးရခြင်းမရှိစေရန် စွမ်းဆောင်နိုင်ခဲ့သူ ဂိုးသမား လီနိုအား အာဆင်နယ်အသင်း မန်နေဂျာ အမ်မရီက ချီးကျူးစကားဆိုခဲ့သည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ဇွန်လ ၁၉ ရက်နေ့တွင် ဂိုးသမား လီနိုအား လေဗာကူဆင်အသင်းထံမှ ပြောင်းရွှေ့ကြေး ပေါင် ၂၂.၅ သန်း ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်းနှင့် ဂိုးသမား လီနို(၂၆ နှစ်)တို့သည် ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သည်။

**ထက်အောင်**

# ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

(ဇ) ခွင့်ပြုထားသောရေနံလုပ်ကွက်အတွင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေစဉ် ရေနံသယံဇာတမဟုတ်သော အခြားသဘာဝသယံဇာတပစ္စည်းတစ်မျိုးမျိုး၊ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခု သို့မဟုတ် ရတနာသိုက်တစ်ခုခုကိုတွေ့ရှိလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာနများသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(ဈ) ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင် သက်တမ်းကာလအတွင်းဖြစ်စေ၊ သက်တမ်းကုန်ဆုံးသည့်အခါဖြစ်စေ၊ ရေနံလုပ်ငန်း ရပ်စဲသည့်အခါဖြစ်စေ ရေနံလုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုသည့် မတည်ရင်းနှီးပစ္စည်းများ(Physical Assests) နှင့် ယင်းလုပ်ငန်းမှ စုဆောင်းရရှိသော အချက်အလက်မှုရင်းများနှင့် ပြန်လည် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ခန့်မှန်းတွက်ချက်မှုများ၊ မြေသား၊ ရေနံ၊ ဓာတုပစ္စည်း စသည့်နမူနာများ၊ သတင်းများနှင့် အစီရင်ခံစာများကို ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း၊

(ည) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်လုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့် တည်ဆဲဥပဒေများ၊ နိုင်ငံတကာ ရေနံလုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်း၊

(ဋ) ထွက်ရှိသည့်ရေနံကို ပြည်တွင်းသုံးလိုအပ်ချက်အတွက် လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ ဖြည့်ဆည်းပေးခြင်း၊

(ဌ) လုပ်ငန်းအတွက်လိုအပ်သော ပင်မကုမ္ပဏီအာမခံချက် (Parent Company Guarantee) နှင့် လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံချက် (Performance Bank Guarantee) တို့ကို တင်သွင်းခြင်း၊

(ဍ) ရေနံလုပ်ငန်းအတွက်လိုအပ်သည့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်းမှ ဖြစ်နိုင်သမျှ ဦးစားပေးရယူဆောင်ရွက်ခြင်း၊

(ဎ) ရေနံကို စီးပွားဖြစ်ထုတ်ယူရရှိနိုင်ကြောင်း ရှာဖွေတွေ့ရှိချက်ကို အတည်ပြုပြီးပါက ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင် စည်းကမ်းချက်တို့နှင့်အညီ ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ် (Development and Production Plan)ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဏ) ကုန်းတွင်းပိုင်းဒေသ ရေနံလုပ်ကွက်များတွင် ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ပြီးစီးသည့်လုပ်ငန်းအလိုက် မူလပတ်ဝန်းကျင်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(တ) ဘေးအန္တရာယ်ရှိပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းဆိုင်ရာ စီမံခန့်ခွဲမည့်အစီအစဉ်များ၊ မတော်တဆဖြစ်ပွားမှုများ၊ သဘာဝဘေးအန္တရာယ်များအတွက် အရေးပေါ်ဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြပြီး အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ထ) ရေနံထုတ်လုပ်ခြင်းလုပ်ငန်းစဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တွင်းမှထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို လေထုအတွင်းသို့ လွှတ်ထုတ်ခြင်း (venting) သို့မဟုတ် မီးရှို့ခြင်း (flaring) ပြုရန်လိုအပ်ပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဒ) လူမှုစီးပွားအကျိုးပြုလုပ်ငန်း (Corporate Social Responsibility) များအတွက် ဆောင်ရွက်မည့်အစီအစဉ်နှင့် သုံးစွဲမည့်ငွေပမာဏကို ပြုစုရေးဆွဲ၍ ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဓ) ရေနံလုပ်ငန်းတွင် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူပါဝင်သည့် အစုရှယ်ယာ၊ တာဝန်နှင့် အခွင့်အရေး သို့မဟုတ် အကျိုးစီးပွား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(န) ထွက်ရှိလာသော ရေနံနှင့် ရောင်းချသောရေနံတို့ကို တိုင်းတာခြင်း၊ ဓာတ်ခွဲ စမ်းသပ်ခြင်းတို့ပြုလုပ်ရာတွင် ခေတ်မီသော၊ အရည်အသွေးကောင်းမွန်သော ကိရိယာများကို တပ်ဆင်အသုံးပြုခြင်း၊

(ပ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူမှာ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုထက်ပိုမိုပါက ယင်းတို့အနက်မှ အရည်အချင်းပြည့်ဝပြီး ငွေကြေးခိုင်မာတောင့်တင်း၍ နိုင်ငံတကာရေနံလုပ်ငန်းတွင် လက်ခံကျင့်သုံးလျက်ရှိသော အကောင်းဆုံးကျင့်စဉ်နှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား လုပ်ငန်းဆောင်ရွက်သူ (Operator) အဖြစ် ခန့်အပ်၍ ရေနံလုပ်ငန်းအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဦးစီးလုပ်ကိုင် ဆောင်ရွက်စေခြင်း၊

(ဖ) ရေနံလုပ်ငန်းလုပ်ကိုင်ရာတွင် သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများနှင့် ညီညွတ်ခြင်း ရှိမရှိ ဝန်ကြီးဌာနမှ စိစစ်အတည်ပြုနိုင်ရန်အတွက် လိုအပ်သောပစ္စည်းကိရိယာများနှင့် သတင်းအချက်အလက်များကို လုံခြုံစွာထိန်းသိမ်းထားရှိခြင်း၊

(ဗ) ရေနံသိုက်တစ်ခုသည် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ရေနံလုပ်ကွက်အပြင် အခြားရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူ၏ ရေနံလုပ်ကွက်အတွင်းသို့ ကျရောက်တည်ရှိနေပါက အဆိုပါ လုပ်ကိုင်ခွင့်ရသူများ အချင်းချင်း အကျိုးရှိစွာပူးပေါင်း၍ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်နှင့်အညီ သဘောတူညီမှုရရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(ဘ) ရေနံထုတ်လုပ်ခြင်းလုပ်ငန်းအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများအသုံးပြု၍ တည်ဆောက်ခြင်းနှင့် ရေနံလုပ်ငန်းရပ်ဆိုင်းပြီးနောက် လုပ်ငန်းတွင် တပ်ဆင်အသုံးပြုသည့် ပစ္စည်းများနှင့် အဆောက်အအုံတို့ကို စနစ်တကျ ဖြုတ်သိမ်းခြင်း သို့မဟုတ် စီမံထုခွဲခြင်းတို့ကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် လုံခြုံဘေးကင်းစွာ ဆောင်ရွက်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် ယင်းလုပ်ငန်းများအားဆောင်ရွက်ရန်အတွက် သီးသန့်ရန်ပုံငွေတစ်ရပ် ထားရှိခြင်း၊

(မ) ထွက်ရှိသော ရေနံနှင့်ရောင်းချသည့်ရေနံတို့ကို နိုင်ငံတကာက လက်ခံကျင့်သုံးသည့်နည်းစဉ်များနှင့်အညီ တိုင်းတာခြင်း၊ ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း၊ စမ်းသပ်တိုင်းတာသည့် ကိရိယာနှင့် နည်းစဉ်များကို ဝန်ကြီးဌာန၏ အတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ယ) အမှန်တကယ်ထုတ်ယူရရှိနိုင်မည့် ရေနံသိုက်ပမာဏကို နိုင်ငံတကာရေနံလုပ်ငန်းတွင် အတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိကြောင်း ဂုဏ်သတင်းရှိသည့် အခြားတတိယပုဂ္ဂိုလ်ဖြင့် စစ်ဆေးအတည်ပြုချက်ရယူခြင်း။

၄၀။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်နိုင်ရန် ရေနံလုပ်ကွက်နှင့် သက်ဆိုင်သည့် ဘူမိဗေဒ၊ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းထံမှ လေ့လာကြည့်ရှုနိုင်ခြင်း၊

(ခ) မိမိ၏အစုရှယ်ယာ သို့မဟုတ် အခွင့်အရေး သို့မဟုတ် အကျိုးခံစားခွင့်အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ အပြီးအပိုင်လွှဲပြောင်းရောင်းချရေးအတွက် ဝန်ကြီးဌာနသို့ တင်ပြခွင့်ရှိခြင်း၊

(ဂ) နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော သတ်မှတ်သည့် ဘဏ်တစ်ခုခုတွင် လက်ခံဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားသုံး ငွေကြေးအမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကို လည်းကောင်း၊ ကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဃ) နိုင်ငံခြားသုံး ငွေကြေးအမျိုးအစားအလိုက် သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ ဘဏ်တစ်ခုခုမှ နိုင်ငံခြားဘဏ်တစ်ခုခုသို့ ငွေလွှဲပြောင်းနိုင်ခွင့်ရှိခြင်း၊

(င) ရေနံလုပ်ငန်းလုပ်ကိုင်ရာမှရရှိသော အချက်အလက်များ၊ သတင်းများကို တင်းကျပ်စွာ လျှို့ဝှက်ထားရှိခြင်းနှင့် သက်ဆိုင်ရာအစိုးရအာဏာပိုင်များ၊ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ အဖွဲ့ဝင်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ လွှဲပြောင်း လက်ခံရန် အလားအလာရှိသူများထံသို့ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ဖော်ပြသခွင့်ရှိခြင်း၊

(စ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာမှရရှိသော အချက်အလက်များ၊ သတင်းများအနက်မှ စီးပွားရေးလုပ်ငန်းတစ်ခု၏ လျှို့ဝှက်ချက်များဖြစ်သော ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များ၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အချက်အလက်များမှတစ်ပါး ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ဆိုင်ရာအချက်အလက်များ၊ ထုတ်လုပ်ခြင်းဆိုင်ရာ အချက်အလက်များနှင့် ငွေကြေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်ပြသခွင့်ရှိသည်။

## အခန်း(၁၅)
## စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း

၄၁။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ သင့်လျော်သော အရာရှိများကို ရေနံလုပ်ငန်းစစ်ဆေးရေးအရာရှိများအဖြစ် လည်းကောင်း၊ စစ်ဆေးရေးအဖွဲ့အဖြစ် ဖွဲ့စည်း၍လည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်သည်။

(ခ) မိမိ၏ လုပ်ငန်းတာဝန်များကို စစ်ဆေးရေးအရာရှိများနှင့် စစ်ဆေးရေးအဖွဲ့တို့အား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၄၂။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်တို့ပါ စည်းကမ်းချက်များကို လည်းကောင်း ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ စစ်ဆေးရာတွင် လိုက်နာဆောင်ရွက်ခြင်းမရှိသော ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူအား စီမံခန့်ခွဲရေးအရ အရေးယူဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) ရေနံလုပ်ငန်းများ၌ လုပ်ကိုင်လျက်ရှိသူများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဃ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူများက ရေနံလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့်စနစ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(င) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်းနှင့် ယင်းတို့၏လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၁၆)
## စီမံခန့်ခွဲရေးဆိုင်ရာအမိန့်များ

၄၃။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော် လည်းကောင်း ထိုသူအား အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည် -

(က) ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ရပ်စဲခြင်း၊

(ခ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်း၊

(ဃ) နာမည်ပျက်ပုဂ္ဂိုလ်စာရင်း သို့မဟုတ် နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းကြေညာခြင်း။

၄၄။ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၃၉ ပုဒ်မခွဲ (ဂ)၊ (ဈ)၊ (ဏ)၊ (ထ)နှင့် (ဘ)ပါ တားမြစ်ချက်မှအပ အခန်း(၁၄)ပါ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း ထိုသူအား အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေး၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

## အခန်း(၁၇)
## တားမြစ်ချက်များ

၄၅။ မည်သူမဆို ခွင့်ပြုမိန့်မရှိဘဲ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်း သို့မဟုတ် ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၄၆။ မည်သူမဆို လုပ်ငန်းလိုင်စင်မရှိဘဲ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၄၇။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူမည်သူမဆို ရေနံလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ဆောင်ရွက်ရာတွင် -

(က) သဘာဝပတ်ဝန်းကျင်ကို သတ်မှတ်ချက်များနှင့်မညီဘဲ ထိခိုက်ပျက်စီးစေခြင်း မရှိစေရ၊

(ခ) ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ဂ) ပုဒ်မ ၃၉ ပုဒ်မခွဲ(ဂ)၊ (ဈ)၊ (ဏ)၊ (ထ)နှင့် (ဘ)တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၈။ ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူမည်သူမဆို ရေနံလုပ်ငန်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မမှန်မကန်သတင်းပေးခြင်း၊ တင်ပြခြင်း၊ အစီရင်ခံခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်းမပြုရ။

၄၉။ မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ဖြင့် ဤဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သည့် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်းမပြုရ။

## အခန်း(၁၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၀။ မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၅၁။ မည်သူမဆို ပုဒ်မ ၄၆ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။ ***(ဆက်လက်ဖော်ပြပါမည်)***

## ပလောက်မြို့နယ်၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေး

**ပလောက် အောက်တိုဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့နယ်အတွင်း မြို့နှင့်အလှမ်းဝေးသော ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်ခြားကျေးရွာအုပ်စု သားဖွားဆရာမ ဒေါ်ဖြိုးလဲ့ရည်နှင့် အဖွဲ့က ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၃ ရက်တွင် ငါးတက်ကျေးရွာနှင့် ရေပူကျေးရွာသို့သွားရောက်၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများအဖြစ် အထွေထွေရောဂါများ စစ်ဆေးကုသပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အသက်တစ်နှစ်ခွဲနှင့် တစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ငှက်ဖျားသွေးဖောက်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အကြိမ် (၁၀၀)မြောက် သွေးလှူ



**နေပြည်တော် အောက်တိုဘာ ၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနမှ ယာဉ်မောင်း-၃ ဦးတင်ထွန်း (လူမှုထူးချွန် ပထမ-ဒုတိယ-တတိယ)သည် အောက်တိုဘာ ၁ ရက်က နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီး သွေးလှူဘဏ်၌ အကြိမ် (၁၀၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရ သည်။

**ကိုကိုရှူပ**

## ချောင်းဦးမြို့၌ ဆားဗစ်ဝိုင်ယာကြိုးဆက်ရာမှ လူနှစ်ဦး ဓာတ်လိုက်သေဆုံး

**ချောင်းဦး အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ မြို့သစ်ရပ်ကွက်တွင် အောက်တိုဘာ ၄ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ခန့်က ဆားဗစ်ဝိုင်ယာကြိုးဆက်ရာမှ လူနှစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

မြို့သစ်ရပ်ကွက် ထရန်စဖော်မာမှ ဓာတ်အားပေးထားသော (၄၀၀)ဗို့လိုင်းမှတစ်ဆင့် မသန္တာမြင့်၏ နေအိမ်သို့ သွယ်တန်းထားသော ဆားဗစ်ဝိုင်ယာရှော့ခ်ဖြစ်နေခြင်းကို လျှပ်စစ်ရုံးသို့ အကြောင်းမကြားဘဲ အစ်ကိုဝမ်းကွဲဖြစ်သူ ကိုနိုင်လင်းနှင့် မသန္တာမြင့်တို့က ဆားဗစ်ဝိုင်ယာအားဖြတ်၍ ပြန်ဆက်ရန် ဆောင်ရွက်ကြစဉ် ဝိုင်ယာကြိုးနှင့် ဆားဗစ်ဒဏ်ခံ သွပ်နန်းကြိုးအားထိပြီး နှစ်ဦးစလုံးဓာတ်လိုက်၍ ကိုနိုင်လင်း (၃၄)နှစ်မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး မသန္တာမြင့် (၃၈ နှစ်)မှာ ပြည်သူ့ဆေးရုံ၌ သေဆုံးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျွန်းစုမြို့နယ် သရေသဏ္ဌာန်ကြီးကျွန်း၌ ပုလဲစခန်း ခရီးသွားလုပ်ငန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၄**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်ခရိုင်ရှိ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အဖြစ် ပုလဲခရီးသွားလုပ်ငန်း အစီအစဉ် (Pearling Visit Atlantic)ကို မြိတ်ခရိုင် ကျွန်းစုမြို့နယ် သရေသဏ္ဌာန်ကြီးကျွန်းရှိ မြန်မာအတ္တလန်တစ် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း (MAC)၏ ပုလဲတံခွန်စခန်း၌ အောက်တိုဘာ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။





**ပုလဲစခန်းခရီးသွားအစီအစဉ်ကို စီမံကိန်းဒါရိုက်တာ ဦးစည်သူက ရှင်းလင်းပြောကြားစဉ်။**

အဆိုပါ ပုလဲခရီးသွားလုပ်ငန်းသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားများအနေဖြင့် ပုလဲနှင့် မုတ်ကောင်များဆိုင်ရာပြကွက်များ၊ ပုလဲမွေးမြူထုတ်လုပ်ပုံနှင့် ပတ်သက်သော ပစ္စည်းကိရိယာများ၏ ပြခန်းနှင့် မုတ်ကောင်ဝတ်ဆံသွင်း ဆောင်ရွက်နေမှုများ၊ မုတ်ကောင်များကို အရွယ်အစားအလိုက် မွေးမြူထားပုံများကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ပုလဲတံခွန်စခန်းသည် မြိတ်မြို့မှ အမြန်ရေယာဉ်ဖြင့်သွားလျှင် တစ်နာရီခွဲခန့်အကွာတွင်ရှိပြီး ခရီးသွားအဖွဲ့များအတွက် အဏ္ဏဝါအမှတ်တရ ပစ္စည်းများ၊ ဒေသထွက်ကုန်များနှင့်အတူ ကုမ္ပဏီအတွက် ပြန်လည်ခွဲဝေရရှိသော တန်ဖိုးသတ်မှတ်ပြီးသည့် ပုလဲများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပုလဲမွေးမြူထုတ်လုပ်မှုကို စတင်ခဲ့သော ၁၉၅၄ ခုနှစ်မှစ၍ ယနေ့တိုင် ပုလဲထုတ်လုပ်ရေးစခန်းများကို ကန့်သတ်နယ်မြေအဖြစ်သာထားရှိခဲ့ရာမှ ယခုအခါ ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့် မူများအရ ခရီးသွားလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြစ်ရာ ယခုဖွင့်လှစ်သော ပုလဲစခန်း ခရီးသွားအစီအစဉ်သည် နှစ်ပေါင်း ၆၀ ကျော်အတွင်း ပထမဆုံးဖော်ဆောင်နိုင်ခဲ့သော ပုလဲခရီးသွားလုပ်ငန်းအစီအစဉ် တစ်ခုဖြစ်ကြောင်း သိရသည်။

ပုလဲခရီးသွားလုပ်ငန်း ဆောင်ရွက်သော MAC သည် ၁၉၉၈ ခုနှစ်မှစတင်ကာ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းကို ကျွန်းစုမြို့နယ်အတွင်း ဆောင်ရွက်ခဲ့ပြီး ထုတ်လုပ်မှုအပေါ် နိုင်ငံတော်နှင့် မျှဝေခံစားသော ၂၅ ရာခိုင်နှုန်း Production Sharing Contract စနစ် လုပ်ငန်းတစ်ခုဖြစ်သည်။ ယခုအချိန်ထိ ပုလဲဖော်ယူမှု အကြိမ် ၃၀ ရှိပြီဖြစ်ကာ တောင်ပင်လယ် ရွှေရောင်မြန်မာ့ပုလဲများကို အောင်မြင်စွာ ထုတ်လုပ်နေသော လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

မွေးပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းသည် အဏ္ဏဝါရေသယံဇာတများကို ဆုံးရှုံးခြင်းမရှိစေသော Renewable Resources လုပ်ငန်းတစ်ခုဖြစ်ကာ မြန်မာနိုင်ငံတွင် ပုလဲကုမ္ပဏီများအနေဖြင့် နှစ်စဉ် ပုလဲအလုံးရေ ခြောက်သန်းခန့် ထုတ်လုပ်လျက်ရှိရာတွင် ရောင်းတန်းဝင်ပုလဲများသည် နိုင်ငံတကာဈေးကွက်တွင် လူကြိုက်များလျက်ရှိသည်။ အထူးသဖြင့် ရှားပါးသော တောင်ပင်လယ် ပုလဲရွှေရောင်များ အများစုထွက်ရှိပြီး မြန်မာ့ပုလဲလောက ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရန် အရည်အသွေးကို ထိန်းချုပ်စိစစ်ဆောင်ရွက်မှုအရ နှစ်စဉ် အရည်အသွေးကောင်းမွန်သော ပုလဲများကိုသာ ထုတ်လုပ်နိုင်ခြင်းကြောင့် နိုင်ငံတော်၏ဝင်ငွေကို ပုလဲလုပ်ငန်းက များစွာအထောက်အကူပြုနေကြောင်းလည်း သိရသည်။

**(၃၄၉)**


## ရဲယိုဆေး Nonicap® နှင့် ပတ်သက်၍ အသိပေးအကြောင်းကြားခြင်း

FAME ဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် **ရဲယိုဆေး Nonicap®** LOT: 003 NNC, MFD: APR 2018, EXP: APR 2021 နှင့် LOT: 005 NNC, MFD: AUG 2018, EXP: AUG 2021 တွင် အသုံးပြုထားသော ဆေးတောင့်အခွံများ ကွပ်ဆတ်သည်ဟု စားသုံးသူ (၂) ဦးတို့မှ ဆေးဘူးနမူနာများနှင့်တကွ အကြောင်းကြားလာသဖြင့် အထူးပင်ကျေးဇူးတင်ရှိပါသည်။

အဆိုပါ LOT Number နှစ်ခုတွင် အသုံးပြုထားသည့် ဆေးတောင့်အခွံများမှာ FAME ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ကိုယ်တိုင်ထုတ်လုပ်သည့် ဆေးတောင့်အခွံများဖြစ်ပြီး ထုတ်လုပ်ရေးလုပ်ငန်းစဉ်များတွင် မီးမကြာခဏပြတ်တောက်မှု (၁၀) ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည့်အတွက် အချို့သော ဆေးတောင့်အခွံများတွင် ကွပ်ဆတ်မှု ဖြစ်ပွားနိုင်သည်ဟု သုံးသပ်မိပါသည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ၊ ရာသီဥတုအပူချိန်နှင့် ထားသိုမှုအခြေအနေများပေါ်တွင် မူတည်၍လည်း ပိုမိုကွပ်ဆတ်လာနိုင်ပါသည်။

ဆေးတောင့်အခွံများ ကွပ်ဆတ်သော်လည်း ဆေးတောင့်ထဲတွင်ပါဝင်သည့် ဆေးမှုန့်များ၏ အာနိသင်ပြောင်းလဲမှုမရှိသောကြောင့် စားသုံးသူများအနေဖြင့် ဆေးတောင့်အခွံ မကွဲပါက စိတ်ချလက်ချ အသုံးပြုနိုင်ပါသည်။ **Nonicap®** ဆေးဘူးများတွင် ဆေးတောင့်အကွဲများ ပါဝင်ခဲ့ပါက နီးစပ်ရာဆေးဆိုင် (သို့) ဆေးညွှန်းစာရွက်တွင်ပါဝင်သော ဖုန်းနံပါတ်များနှင့် ဆက်သွယ်ရန်လိပ်စာများသို့ အကြောင်းကြားလဲလှယ်နိုင်ပါသည်။

နောင်အခါတွင် ယခုကဲ့သို့မဖြစ်စေရန် အရည်အသွေးပိုမိုကောင်းမွန်သော ကမ္ဘာ့နံပါတ်တစ် ကုမ္ပဏီဖြစ်သည့် Capsugel® မှ ထုတ်လုပ်သည့် ဆေးတောင့်အခွံများကို **ရဲယိုဆေး Nonicap®** LOT: 006 NNC, MFD: SEP 2018, EXP: SEP 2021 မှ စတင်၍ အသုံးပြုထားပြီးဖြစ်ကြောင်း လေးစားစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

FAME မှ ထုတ်လုပ်သော ဆေးဝါးများနှင့်ပတ်သက်၍လည်း လိုအပ်သည်များကို အကြံပြုအကြောင်းကြားပေးပါရန် စားသုံးသူ မိတ်ဆွေပြည်သူများထံသို့ မေတ္တာရပ်ခံအပ်ပါသည်။

**FAME Pharmaceuticals Industry Co.,Ltd.**
**09-73142216, 09-965559860**

## ဖခင်အမည်မှန်

ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(ခ) မှ မောင်ညီညီလင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးသက်ဝင်း ၁၃/ကလန(နိုင်) ၀၇၃၃၃၄ ဖြစ်ပါကြောင်း။

**ဦးမျိုးသက်ဝင်း**

## မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အလက (ပင်တွန်) စတုတ္ထတန်းမှ ခွန်အောင်ဖွေ၊ အဋ္ဌမတန်းမှ နန်းသိန်းမေတို့၏ မိဘအမည်မှန်မှာ ဦးခွန်ကျန်း-ဒေါ်နန်းဖုံး ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အလက (ပင်တွန်)စတုတ္ထတန်းမှ နန်းအုံးကြည်၏ မိဘအမည်မှန်မှာ ဦးခွန်စောနိုင် ၁၃/တကန(နိုင်)၀၉၂၆၆၁-ဒေါ်နန်းသွယ် ၁၃/တကန(နိုင်)၁၅၇၈၂၉ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အလက (ပင်တွန်) အဋ္ဌမတန်းမှ ခွန်စံသိန်း၏ မိခင်အမည်မှန် ဒေါ်နန်းအွတ် ၁၃/တကန(နိုင်)၂၂၁၂၂၄ ဖြစ်ပါကြောင်း။

**ဒေါ်နန်းအွတ်**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂) အဋ္ဌမတန်း(D)မှ မောင်အောင်ဆန်းဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်ဂျေး ၁၃/တကန(နိုင်)၂၉၁၂၄၄ ဖြစ်ပါကြောင်း။

**ဦးဆန်ဂျေး**

## အမည်မှန်

ဦးခင်မောင်ထွေး၏သမီး ဒီပဲယင်းမြို့နယ် အထက နဂါးတွင်းကျောင်း အဋ္ဌမတန်း (A) မှ မကြယ်စင်ဦး၏ အမည်မှန်မှာ မအိမ့်ကြယ်စင်ဦး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ အထက (၃) တက္ကသိုလ်ဝင်တန်း(က)မှ မောင်သိန်းဇော်ဦး ၅/ကသန(နိုင်)၁၃၈၅၁၈၏ ဖခင်အမည်မှန်မှာ ဦးဇော် ၅/ကသန(နိုင်) ၀၆၃၄၁၃ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

တန့်ဆည်မြို့နယ်၊ ကံထူးမ အထက နဝမတန်းမှ မစန်းအိငြိမ်း၏ ဖခင် ဦးသိန်းလွင်ဦးနှင့် ဦးမောင်သိန်း ၅/တဆန(နိုင်)၁၃၆၉၉၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးကျော်မှင်၏သမီး တန့်ဆည်မြို့နယ်၊ ကံထူးမ အထက သတ္တမတန်း (C) မှ မပြားအား မသန္တာသော်ဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက (၁) သတ္တမတန်း (A) မှ မောင်ထက်နိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ကံထူးမ အထက နဝမတန်းမှ မောင်လှိုင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမျိုးလှိုင် ၅/ပလန(နိုင်)၀၄၈၀၆၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့ ရွှေသရဖူ ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်နေတိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၅/ကလန(နိုင်)၀၂၄၇၉၂ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်နှင့် မှတ်ပုံတင်အမှန်

တမူးမြို့နယ်၊ ခွန်မွန်းနွမ်ကျေးရွာနေ မဗေနိတ်လမ်း၊ မတင်နိမ်ကင်း၊ မောင်ဆပ်ဂိုဟောင်၊ မောင်ထန်မင်းလွန်၊ မောင်ဆပ်မင်ဆေးတို့၏ မိဘအမည်မှန်မှာ ဦးငမ်လင်း ၅/တမန(နိုင်)၀၅၈၄၂၃ နှင့် ဒေါ်နင်ခိုကျင်းဖြစ်ပြီး ၎င်း၏ မှတ်ပုံတင်အမှန်မှာ ၅/တမန(နိုင်) ၀၅၅၈၁၁ ဖြစ်ပါကြောင်း။

---

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အဆောက်အအုံဟောင်း(1)Lot ကိုဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂အီး၁)၊ မြေကွက်အမှတ် ၄၂၁ဒီ/၆ အေ၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်ရပ်ကွက်ရှိ မြေဧရိယာ(၀ဒသမ ၂၇၀)ဧကပေါ်တွင် အသုံးမလိုသည့် အဆောက်အအုံဟောင်း (1)Lot ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၃-၁၀-၂၀၁၈ရက်မှ ၃၁-၁၀-၂၀၁၈ ရက်အထိ ရုံးဖွင့်ချိန် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းကမ်းလှမ်းလွှာများကို ၃၁-၁၀-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၃၈၁၀၁၃၊ ၀၁-၃၇၁၃၃၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးရုံး
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၁-၃၈၁၀၁၃၊ ၀၁-၃၇၁၃၃၉

**အိတ်ဖွင့်တင်ဒါပုံစံများ တင်သွင်းရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးရုံး
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၁-၃၈၁၀၁၃၊ ၀၁-၃၇၁၃၃၉

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## တင်ဒါအမှတ်စဉ် (၃/၂၀၁၈)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ဓနိတောရှိ ဝမ်းလောင်းဆီတိုင်ကီအဟောင်း (၂၆)လုံးနှင့် ထုပ်ပိုးခွံဟောင်းအရွယ်စုံ (၆)မျိုးတို့ကို မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါ၍ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၆-၁၁-၂၀၁၈ရက် (အင်္ဂါနေ့)
**အချိန်နှင့်နေရာ** - ၁၂း၀၀နာရီ
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၆)၊နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - ၆-၁၁-၂၀၁၈ရက် ၁၃း၀၀နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Web Portal (www.moee.gov.mm)တွင် ၆-၁၀-၂၀၁၈ရက်မှစ၍ ဝင်ရောက် ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဖုန်း-၀၆၇-၃၄၁၁၂၈၄၊ ၃၄၁၁၄၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

---

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
## ရှမ်းပြည်နယ်ဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တောင်ကြီးမြို့တွင်အောက်ဖော်ပြပါလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) (၆၀'×၄၀') RC (၂)ထပ်ရုံးအဆောက်အအုံ(၁)လုံးဆောက်လုပ်ခြင်း

(ခ) ရုံးမြေ(၁၀၀၀)ပေ ခြံစည်းရိုးကာရံခြင်းနှင့်မြေထိန်းနံရံ(၄၂၀)ပေတည်ဆောက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၀-၁၀-၂၀၁၈ရက်မှ ၂-၁၁-၂၀၁၈ရက်အထိ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တောင်ကြီးမြို့တွင်တစ်စောင်လျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ရုံးအဆောက်အအုံဆောက်လုပ်ခြင်းအတွက် အဆောက်အအုံပြင်ပ မီးသွယ်တန်းခြင်း ပါဝင်ရမည်ဖြစ်သည်။

၄။ **အိတ်ဖွင့်တင်ဒါပုံစံစတင် ရောင်းချမည့်ရက်နှင့်အချိန်** - ၁၀-၁၀-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ၄း၃၀နာရီ ရုံးချိန်အတွင်း
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၂-၁၁-၂၀၁၈ရက် ညနေ ၄း၃၀နာရီ
**တင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံး၊ အစိုးရအဖွဲ့ရုံးဝင်းဟောင်း၊ တောင်ကြီးမြို့
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၉-၁၁-၂၀၁၈ ရက် မွန်းလွဲ ၁း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင်လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၈၁-၂၁၂၄၂၉၃/၀၈၁-၂၁၂၄၉၇၄**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/1726 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 3N/2751 Toyota Harrier AC 430.S/W(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းငြိမ်း ၁၂/သလန(နိုင်) ၀၈၃၇၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကန့်ကွက်နိုင်ပါကြောင်း။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/7972 DU WON L/T, P/U (4×2)L ယာဉ်လက်ဝယ်ရှိသူ ဦးစိုးပိုင် ၉/အမရ(နိုင်)၁၀၆၂၂၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်အတွင်းရှိ မြို့နယ်/အထူးအဖွဲ့များမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၀-၂၀၁၈ရက်မှ ၂-၁၁-၂၀၁၈ရက်အထိ နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၅-၁၁-၂၀၁၈ရက် မွန်းတည့် ၁၂း၀၀နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၆-၁၁-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၁၀၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်အတွင်းရှိ မြို့နယ်/အထူးအဖွဲ့များမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၁၀-၂၀၁၈ရက်မှ ၅-၁၁-၂၀၁၈ရက်အထိ နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်မြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/ အချိန်** - ၇-၁၁-၂၀၁၈ရက် မွန်းတည့် ၁၂း၀၀နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၈-၁၁-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိုင်းဆတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၆၀၂၁၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁၀-၂၀၁၈ရက်မှ ၈-၁၁-၂၀၁၈ရက်အထိ နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်မြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၉-၁၁-၂၀၁၈ရက် မွန်းတည့် ၁၂း၀၀နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၀-၁၁-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တာချီလိတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၅၁၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်အတွင်းရှိ မက်မန်းမြို့နယ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁၀-၂၀၁၈ရက်မှ ၈-၁၁-၂၀၁၈ရက်အထိ နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မက်မန်းမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/ အချိန်** - ၉-၁၁-၂၀၁၈ရက် မွန်းတည့် ၁၂း၀၀နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၂-၁၁-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မက်မန်းမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၄၂၄၈၀၀၅၈၀၊ ၀၉-၄၂၈၁၂၂၅၁၈၊ ၀၉-၄၃၁၃၃၁၄၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/5923 Nissan Vanette KS 82 T N/Pick Up ယာဉ်လက်ဝယ်ရှိသူ ဦးမောင်တစ် ၁၀/ကမရ(နိုင်)၀၂၁၇၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
## အမှတ်(၅၂/၆၆) ပိုလ်တထောင်ဘုရားလမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
## အစုရှယ်ယာအမြတ်ဝေစုများ အချိန်မီလာရောက်ထုတ်ယူကြရန် ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ မိမိတို့ရရှိမည့်အစုရှယ်ယာအမြတ်ဝေစုများအား လာရောက်ထုတ်ယူခြင်းမရှိသေးသော ကုမ္ပဏီ၊ တစ်သီးပုဂ္ဂလိက တစ်ဦးချင်းအနေဖြင့် အစုရှယ်ယာပိုင်ဆိုင်မှု လက်မှတ်များနှင့်အတူ ၁၄-၉-၂၀၁၈ ရက် နောက်ဆုံးထား လာရောက်ထုတ်ယူကြရန်နှင့် သတ်မှတ်ရက်အထိ လာရောက်ထုတ်ယူခြင်းမရှိပါက သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ကုမ္ပဏီပိုင်အဖြစ် သိမ်းယူခြင်းခံရမည်ဖြစ်ကြောင်း ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ၂၈-၇-၂၀၁၈ရက်၊ ၁၈-၈-၂၀၁၈ရက်၊ ၁-၉-၂၀၁၈ရက်များတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်အနေဖြင့် အစုရှယ်ယာရှင်များအား ငဲ့ညှာသောအားဖြင့် အစုရှယ်ယာအမြတ်ဝေစုများထုတ်ယူရန် ၃၁-၁၀-၂၀၁၈ရက်ထိ ရက်တိုးမြှင့် သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

မကွေးခရိုင်အတွင်း ရက်ပေါင်း ၃၀ ကြာ လင်းယုန်စီမံချက်ဖြင့် ဖမ်းဆီးရမိမှုပေါင်း ၅၀၀ ကျော်ရှိ

စာမျက်နှာ » ၁၁

မောင်တောမြို့နယ် နတ်မြစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦးအပါအဝင် လူသုံးဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ နှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ » ၁၃

မလေးရှားဝန်ကြီးချုပ် ဟောင်းဇာ၏ဇနီး ရို့စ်မက်ရှ်မန်ဆော ငွေမည်းခဝါချမှုဖြင့် ဖမ်းဆီးခံရ

စာမျက်နှာ » ၁၄

# ဖမ်းဆီးရမိသည့် ကာလတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းရှိ ဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများအား မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

ဖမ်းဆီးရမိ ဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ နိုင်ငံခြားသံရုံးများမှ တာဝန် ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံအတွင်းတွင် ဆင်နှင့် ကျားကဲ့သို့ ရှားပါးတိရစ္ဆာန်များအပါအဝင် တောရိုင်းတိရစ္ဆာန်များကို တရားမဝင် အမဲလိုက်သတ်ဖြတ်မှုများ၊ တရားမဝင် ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်ကျူးလွန်နေခြင်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြား လုပ်ဆောင်လာသည်ကို တွေ့ရှိနေရပါကြောင်း။

ယခုကဲ့သို့ ဖြစ်ပွားလာရခြင်းများသည် တစ်ဖက်နိုင်ငံများတွင်ရှိသည့် တရားမဝင် တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားနေသည့် ဈေးကွက်များတည်ရှိနေခြင်း၊ ပြည်တွင်းမှပါ တရားမဝင် ရောင်းဝယ်နေသည့် ဈေးကွက်များ ကျယ်ပြန့်လာခြင်းနှင့် အခြားသောအကြောင်းအရင်းခံအချက်များကြောင့် ဖြစ်ပွားလာရခြင်းကို သုံးသပ်တွေ့ရှိရပါကြောင်း။

*စာမျက်နှာ ၄ ကော်လံ ၁* ❑



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးအုန်းဝင်းနှင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်တို့ ဖမ်းဆီးရမိ ဆင်စွယ်များအား မီးရှို့ဖျက်ဆီးစဉ်။

# လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ မြန်မာနိုင်ငံသို့ တတိယအကြိမ်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၄**

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလို(**အောက်ပုံ**)နှင့် ကော်မရှင်အဖွဲ့ဝင် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေး *စာမျက်နှာ ၁၂ ကော်လံ ၁* ◆



# မန္တလေးမြို့၌ အာရှ ယူ-၁၇ နှင့် ယူ-၁၅ လူငယ်အငယ်တန်း တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ ပွဲစဉ်ပေါင်း ၁၄၁ ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ အဆင့်မြင့်အားကစားကွင်းအနီးရှိ မန္တလာသီရိဘက်စုံသုံး မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပလျက်ရှိသည့် အာရှလူငယ်တံခွန်စိုက် အသက် ၁၇နှစ်နှင့် ၁၅နှစ်အောက် ကြက်တောင်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက စတင်ကျင်းပခဲ့ရာ ကမ္ဘာ့အဆင့်တွင် နာမည်ကျော်ကြားနေသော အာရှနိုင်ငံများအပါအဝင် မြန်မာ၊ အိန္ဒိယ၊ ဂျပန်၊ နီပေါ၊ ထိုင်း၊ မက္ကာအို၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ စင်ကာပူ၊ ဗီယက်နမ်၊ ဟောင်ကောင်၊ ဘရူနိုင်း၊ ကိုရီးယား၊ မလေးရှား၊ သီရိလင်္ကာနှင့် တရုတ်တိုင်ပေ စသည့်နိုင်ငံပေါင်း ၁၇ နိုင်ငံတို့မှ ကြက်တောင်အားကစား လူငယ်မောင်မယ်များက အသီးသီးသက်တန်းအလိုက် တစ်ဦးချင်းအမျိုးသား၊ တစ်ဦးချင်း အမျိုးသမီး *စာမျက်နှာ ၁၂ ကော်လံ ၁* ■

# မြန်မာယှဉ်ပြိုင်မည့် ဂျပန်-မဲခေါင် ယူ-၁၇ ဘောလုံးပြိုင်ပွဲ ယနေ့စတင်မည်

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာ ယူ-၁၇ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ ဂျပန်-မဲခေါင် ယူ-၁၇ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၅ ရက် (**ယနေ့**)တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် စတင်ကစားရမည် ဖြစ်သည်။

အုပ်စုပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီခွဲတွင် မြန်မာ ယူ-၁၇ အသင်းနှင့် ဗီယက်နမ် ယူ-၁၇ အသင်း၊ လာအို ယူ-၁၇ အသင်းနှင့် Bellmare (ဂျပန်) အသင်း၊ နံနက် ၁၁ နာရီခွဲတွင် ထိုင်း ယူ-၁၇ အသင်းနှင့် Shoshi အထက်တန်းကျောင်း (ဂျပန်) အသင်း၊ အိမ်ရှင်ဂျပန် ယူ-၁၇ အသင်းနှင့် ကမ္ဘောဒီးယား ယူ-၁၇ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က)တွင် Shoshi အထက်တန်းကျောင်း (ဂျပန်)၊ ထိုင်း၊ Bellmare (ဂျပန်)၊ လာအို၊ အုပ်စု (ခ) တွင် မြန်မာ၊ ဗီယက်နမ်၊ ဂျပန်နှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ▼

